# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**လောကကို မင်္ဂလာရောင်ဖြင့် ထွန်းလင်းစေ၏**

ရှေးငယ်စဉ်အခါက ကုသိုလ်၌ မေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မင်္ဂလာရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)



၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက် | ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်၊ အင်္ဂါနေ့ | အတွဲ(၆၅)၊ အမှတ်(၃၅၉)


## အညိုရောင်အဆင့် အားကောင်းသောမုန်တိုင်းငယ် ၄၈ နာရီအတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ကို ဆက်လက်ဖြတ်ကျော်နိုင်

နေပြည်တော် စက်တင်ဘာ ၂၈

ယနေ့ ည ၁၀ နာရီခွဲ တိုင်းထွာချက်များအရ စစ်တောင်းမြစ်ဝအနီး မွန်ပြည်နယ် ကျိုက်ထိုမြို့၏ တောင်ဘက်မှ ဖြတ်ကျော်ခဲ့သော အားကောင်းသောမုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ကျိုက်ထိုမြို့အနီးမှ ဆက်လက်ဖြတ်ကျော်လျက်ရှိသည်။ အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် သုံးခွမြို့၏ အရှေ့မြောက်ဘက် မိုင် ၅၀ ခန့်၊ ပဲခူးမြို့၏ အရှေ့ဘက် ၃၅ မိုင်ခန့်နှင့် ဖြူးမြို့၏ တောင်-အရှေ့တောင်ဘက် ၈၅ မိုင်ခန့် အကွာကို ဗဟိုပြုနေပါသည်။

၂၈-၉-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၂၂:၃၀ နာရီအချိန် တိုင်းထွာချက်အရ အားကောင်းသော မုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ



အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မွန်ပြည်နယ် ကျိုက်ထိုမြို့အနီးမှ ဖြတ်ကျော်နေပါသဖြင့် အညိုရောင်အဆင့်ဟု သတ်မှတ်ပါသည်။

အားကောင်းသောမုန်တိုင်းငယ်သည် ည ၁၀ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၇ ဒသမ ၃ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၉၇ ဒသမ ၀ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ နှုန်းခန့် ဖြစ်ပါသည်။

အားကောင်းသောမုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ၄၈ နာရီအတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရပါသည်။

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညမှ စက်တင်ဘာ ၃၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊

စာမျက်နှာ ၅ ကော်လံ ၄ ❂



## တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၈

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❏

## တနင်္သာရီတိုင်းဒေသကြီးအတွင်း ရေဘေးကြုံတွေ့ရသည့် အိမ်ထောင်စု ၃၃၉၇ စုနှင့် လူဦးရေ ၁၈၇၁၂ ဦးရှိပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ထားဝယ် စက်တင်ဘာ ၂၈

ထားဝယ်မြို့၌ စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းမှစတင်၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နှစ် ၈၀ အတွင်း စံချိန်တင် ရေလျှံမှုဖြစ်ခဲ့ရာ ဆေးရုံလမ်းရှိ အိမ်ထောင်စု ၂၀၊ လူဦးရေ ၆၇ ဦးကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးနိုင်ခဲ့ပြီး ထားဝယ်မြို့အနေဖြင့် အန္တရာယ်ရှိသည့် အနေအထား မဖြစ်ပွားခဲ့ကြောင်း၊ လောင်းလုံးမြို့နယ်တွင် လူထိခိုက်မှုများ ရှိခဲ့၍ ကူညီဆောင်ရွက်နိုင်ရန်အတွက် စက်ယန္တရားများ ပို့ဆောင်ပေးသွားမည် ဖြစ်ကြောင်းနှင့် ရေဘေးသင့် ပြည်သူများ

စာမျက်နှာ ၃ ကော်လံ ၁ ❍

**ယနေ့ မိုးလေဝသ (၂၉-၉-၂၀၂၆)**

နေပြည်တော်

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ရန်ကုန်

မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။

မန္တလေး

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။


**ယနေ့ ဖတ်စရာ**

ပြည်သူ့လွှတ်တော် အစည်းအဝေး ကျင်းပမှုကို လာရောက်လေ့လာ — ပြည်တွင်းသတင်း — စာ ၃

သက်ကြီးပုဂ္ဂိုလ်များကို ပိုမို ကာကွယ်စောင့်ရှောက်နိုင်ဖို့ ခေတ်မီ ဆန်းသစ်သော နည်းစနစ်များဖြင့် သုံးသပ်ရှာကြံဖြည့်ဆည်းစို့ — ဆောင်းပါး — စာ ၆

အီလက်ထရောနစ် စွန့်ပစ် ပစ္စည်းများ စနစ်တကျစီမံခန့်ခွဲရေး နှင့် ပတ်လည်စီးပွားရေး၏ အခန်းကဏ္ဍ — ဆောင်းပါး — စာ ၁၀

ကမ္ဘာမြေ၏ သတိပေးသံနှင့် ၂၀၂၅ ခုနှစ် မန္တလေးငလျင်ကြီး အပေါ် ငလျင်ဘူမိဗေဒဆိုင်ရာ ရှုထောင့်မှ လေ့လာဆန်းစစ်ခြင်း — ဆောင်းပါး — စာ ၁၂


## ပြတ်တောက်သွားသော ဘယ်ဘက်လက်ညှိုးအား ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ပြန်ဆက်သည့်ခွဲစိတ်ကုသမှု အောင်မြင်

နေပြည်တော် စက်တင်ဘာ ၂၈

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် နေထိုင်သော အသက် ၂၃ နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် ဩဂုတ် ၁၁ ရက် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်က အထည်ချုပ်စက်ရုံ၌ အထည်ဖြတ်စက်ဖြင့် ထိခိုက်မှုကြောင့် ဘယ်ဘက်လက်ညှိုး ပြတ်တောက်သွားသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အရေးပေါ်ဌာနသို့ ည ၇ နာရီ ၁၅ မိနစ်တွင် ရောက်ရှိလာခဲ့ရာ တာဝန်ကျ အရိုးအထူးကုဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သော ကနဦးကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီး ဘယ်ဘက်လက်ညှိုး ပြန်ဆက်သည့် ခွဲစိတ်ကုသမှု (Replantation Surgery)ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး

စာမျက်နှာ ၅ ကော်လံ ၄ ❖



## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၆၇ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်
(၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်)
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ)တို့အရ ဦးငွေးအောင်အား မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## တရားမအထူးအယူခံမှု လေးမှုကို စီရင်ချက်ချမှတ်ပြီး ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု သုံးမှုကို ရုံးထိုင်ကြားနာ

နေပြည်တော် စက်တင်ဘာ ၂၈

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာငွေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသောင်းနိုင်၊ ဦးဝင်းမြင့်၊ ဒေါ်စိုးခက်ခက်၊ ဒေါ်သင်းသင်းချိုတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင်တရားရုံး ရုံးခန်းအမှတ်(၁) ၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၂၃/၂၀၂၆(မန္တလေး)၊ ၂၅/၂၀၂၆(မွန်)၊ ၂၆/၂၀၂၆ (ရှမ်း) နှင့် ၃၀/၂၀၂၆ (ရန်ကုန်)၊ စုစုပေါင်းတရားမအထူးအယူခံမှု လေးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၇/၂၀၂၆ (ရန်ကုန်) နှင့် တရားမအထူးအယူခံမှုအမှတ် ၂၈/၂၀၂၆ (ရန်ကုန်)၊ ၃၁/၂၀၂၆ (ရန်ကုန်)၊ ၃၂/၂၀၂၆ (မန္တလေး) ၊ စုစုပေါင်း ရာဇဝတ် အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု သုံးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

### တောတောင်ခြောက်ခန်း လယ်ယာနွမ်း၏။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆင္ဓမမြောက်နေ့သို့ လာရောက်လေ့လာသည့် မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်၊ နယ်စပ်တောင်တန်းဒေသ၊ သာသနာနုဂ္ဂဟအသင်းနှင့် နေပြည်တော်မသန်စွမ်းသူများအသင်းတို့အား တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၈

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆင္ဓမမြောက်နေ့သို့ လာရောက်လေ့လာသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်၊ နယ်စပ်တောင်တန်းဒေသ၊ သာသနာနုဂ္ဂဟအသင်းနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်၊ နေပြည်တော် မသန်စွမ်းသူများအသင်းတို့အား ယနေ့မွန်းလွဲပိုင်းတွင် လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ လက်ခံတွေ့ဆုံသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယခုလို လွှတ်တော်ကို စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယနေ့လွှတ်တော်အစည်းအဝေးတွင် မေးခွန်းများမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်း၊ ဥပဒေပြုခြင်းဆိုင်ရာ ဆောင်ရွက်နေမှုများကို မျက်မြင်လေ့လာခွင့်ရသဖြင့် လွှတ်တော်က ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်းသည့် ဗဟုသုတများ ရရှိမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့ နိုင်ငံတွင်လည်း ဒီမိုကရေစီစနစ်အရ အထွေထွေရွေးကောက်ပွဲများ ကျင်းပပြီး မဏ္ဍိုင်(၃)ရပ် ပေါ်ပေါက်လာခဲ့ပါကြောင်း၊ ထိုမဏ္ဍိုင် (၃)ရပ်တွင် ပြည်သူများက မိမိတို့ဒေသအကျိုးနှင့် နိုင်ငံတော်အကျိုးအတွက် ဆန္ဒမဲပေး ရွေးချယ်လိုက်သည့် ပြည်သူ့ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော လွှတ်တော်များလည်း ပါဝင်ပါကြောင်း၊ မိမိတို့နိုင်ငံသည် လွှတ်တော်နှစ်ရပ်စနစ်ကို ကျင့်သုံးပါကြောင်း၊ လွှတ်တော်၏ လုပ်ငန်းစဉ်များကို ထိရောက်စွာ အထောက်အကူပြုနိုင်ရေးအတွက်လည်း ကော်မတီများကို ဖွဲ့စည်းထားရှိပါကြောင်း၊ မိမိတို့ လွှတ်တော်၏ ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ပြည်သူများ ဥပဒေပြုရေးကဏ္ဍကို ပိုမိုသိရှိအောင်ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတကာ ပါလီမန်များနှင့်လည်း ဆက်သွယ်မှုတိုးမြှင့်နိုင်ရေး ဆောင်ရွက်လျက် ရှိပါကြောင်း၊ ပြည်သူများကို ကိုယ်စားပြုသည့် လွှတ်တော်များအနေဖြင့် ပြည်သူများ၏ဆန္ဒနှင့် လိုလားချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း၊ တက်ရောက်လာသူများအနေဖြင့်လည်း မိမိတို့၏ဒေသလိုအပ်ချက်များကို ပြည်သူ့လွှတ်တော်တွင် ဖွဲ့စည်းထားရှိသည့်သက်ဆိုင်ရာကော်မတီများနှင့် မိမိတို့ မဲဆန္ဒနယ်မြေရှိ လွှတ်တော် ကိုယ်စားလှယ်များမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ပြောကြားသည်။



ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ဖြေကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်၊ နယ်စပ်တောင်တန်းဒေသ၊ သာသနာနုဂ္ဂဟအသင်းနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်၊ နေပြည်တော် မသန်စွမ်းသူများအသင်းမှ တာဝန်ရှိသူများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ဆက်သွယ်ရေး၊ ဒီဂျစ်တယ်နှင့် သိပ္ပံနည်းပညာကော်မတီဥက္ကဋ္ဌ ဒေါက်တာနန္ဒာလှမြင့်၊ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးသိန်းထွန်းဦး၊ သတ္တု၊ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင် ဦးတင်မိုးအောင် (ခ)နေရှိုင်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

## ပြည်သူ့လွှတ်တော် အစည်းအဝေးကျင်းပမှုကို လာရောက်လေ့လာ

နေပြည်တော် စက်တင်ဘာ ၂၈

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆင္ဓမနေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မိုးအောင် (ခ) နေရှိုင်း (ရန်ကင်းမဲဆန္ဒနယ်)၏ မိတ်ဆွေများဖြစ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်မှ ဓမ္မစကြာဝတ်အဖွဲ့ဝင် ၂၈ ဦးနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်၊ နေပြည်တော် မသန်စွမ်းသူများအသင်းမှ ဥက္ကဋ္ဌ ဒေါ်ခင်သီတာထွန်း ဦးဆောင်သည့်အဖွဲ့ဝင် ၄၀ စုစုပေါင်း ၂၆၈ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လေ့လာပြီး လွှတ်တော်အဆောက်အအုံများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❍ ရှေ့ဖုံးမှ

အတွက် ဆန်၊ ဆီ၊ ကြက်ဥ၊ မားမားခေါက်ဆွဲ၊ ငါးသေတ္တာ စသည့် စားသောက်ကုန်ငါးမျိုး ရောက်ရှိပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ရေဘေးကြုံတွေ့ရသည့် အိမ်ထောင်စု ၃၃၉၇ စုနှင့် လူဦးရေ ၁၈၇၁၂ ဦးရှိကြောင်း၊ ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် တနင်္သာရီတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှ သိရသည်။



အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက ပြည်သူနှင့် လုပ်ငန်းရှင်များက ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းလျက်ရှိကြောင်း၊ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများအနေဖြင့် ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ အကောင်းဆုံးဖြစ်အောင် အချိန်မီကူညီဆောင်ရွက်ပေးရန် လိုအပ်ပြီး ထပ်မံဆုံးရှုံးမှုများ မဖြစ်ပွားအောင် ကူညီကယ်ဆယ် သင့်သည်များကို ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ရေကြီးရေလျှံသည့်နေရာများသို့ စက်ယန္တရားများ မြေပြင်သို့ရောက်ရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ရေကြီးရေလျှံမှုနှင့် မလွတ်ကင်းသည့်ကျောင်းများကိုလည်း ခေတ္တပိတ်ထားရန် လိုအပ်ကြောင်း၊ သဘာဝ ဘေးအန္တရာယ်နှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးက တိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အဖွဲ့ဝင်များက တိုင်းဒေသကြီးအစိုးရအဖွဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနနှင့် အလှူရှင်များ၏ ထောက်ပံ့ထားရှိမှု အခြေအနေ၊ ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိမှုအခြေအနေ၊ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ ကြိုတင်ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ ကြက်ဥ၊ မားမားခေါက်ဆွဲ၊ ငါးသေတ္တာ စသည့် စားသောက်ကုန် ငါးမျိုး တစ်ပတ်စာ ထောက်ပံ့ထားရှိမှုအခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး**

(ပြန်/ဆက်)

❑ *ရှေ့ဖုံးမှ*

အစည်းအဝေးတွင် ကျောင်းမနေနိုင်သည့်ကလေးများ အခြေခံပညာအဆင့်ပြီးမြောက်အောင် ဆောင်ရွက်ပေးနိုင်ရေး၊ လိုင်စင်မဲ့ မော်တော်ယာဉ်များ မှတ်ပုံတင်ခွင့်ပြုနိုင်ရေး၊ ဘေးတွဲသုံးဘီးယာဉ်ငယ်များ ရောင်းချပေးနိုင်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ဝန်ထမ်းအိမ်ရာဆောက်လုပ်ပေးရေး၊ ဆေးရုံအဆင့်တိုးမြှင့်ပေးရေး၊ ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ပေးရေးနှင့် ဝန်ထမ်းများခန့်ထားပေးရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ၁၂ ခု မေးမြန်းဖြေကြားခြင်း၊ အဆိုတစ်ခုတင်သွင်းခြင်းနှင့် ဥပဒေကြမ်းနှစ်ခု အစီရင်ခံစာတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ထားဝယ်မဲဆန္ဒနယ်မှ ဒေါက်တာကျော်ကျော်ဌေး၏ **ကျောင်းမနေနိုင်သည့် ကလေးများစာရင်းကောက်ယူပြီး အခြေခံပညာအဆင့်ပြီးမြောက်စေရန် ဆောင်ရွက်ပေးနိုင်မည့်အစီအစဉ် ရှိ မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေနိုင်သည့် ကလေးများစာရင်းအား ပြည်သူ့အင်အားဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့် မြို့နယ်ပညာရေးမှူးများက ပေါင်းစပ်၍ စာရင်းကောက်ယူပြုစုထားရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေနိုင်သည့် ကလေးများ၊ ကျောင်းပြင်ပရောက်ရှိနေသည့် ကလေးများအတွက် အသက်အရွယ်အရ တက်ရောက်ရမည့် အတန်းသတ်မှတ်ချက်ဖြင့် Placement Test (အထူးအစီအစဉ်) ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ပေးခဲ့ပြီး မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် အသက် (၁၅ နှစ်၊ ၃ လ) အတွင်း ကျောင်းသား ၁၄၄၃၈၄ ဦးကို အခြေခံပညာကျောင်းများသို့ ဝင်ရောက်ပညာသင်ကြားခွင့်ပြုနိုင်ရေး ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းဒေသကြီး/ပြည်နယ်အချို့ရှိ ကျောင်းပြင်ပသို့ရောက်ရှိနေသော သက်လွန်ကလေးများ ပညာသင်ယူမှုအခွင့်အလမ်း မဆုံးရှုံးစေရေးအတွက် ကျောင်းပြင်ပပညာရေး Placement Test ဖြေဆိုခွင့်အား အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျောင်းပြင်ပ မူလတန်းပညာရေးနှင့် ကျောင်းပြင်ပအလယ်တန်းပညာရေးတို့၏ မူလအသက် သတ်မှတ်ချက်အား ဖြေလျှော့ပေး၍ Placement Test ဖြေဆိုခွင့်ရရှိရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အရေးပေါ်အခြေအနေကြေညာထားသည့်ဒေသများမှ ကလေးများဖြစ်ပါက ပညာရေးဆိုင်ရာ အထောက်အထားများ မပြည့်စုံနိုင်သည့် အခြေအနေများရှိနိုင်သဖြင့် ၎င်းဒေသတွင် နေထိုင်ခဲ့ကြောင်း သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ အဆိုပါဒေသရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၏ ပညာရေးဆိုင်ရာ ထောက်ခံချက်နှင့် ကျန်းမာရေးမှူး၏ အသက်ထောက်ခံချက်များဖြင့် စိစစ်ပြီး Placement Test ဖြေဆိုခွင့် ပြုစေလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ အခြေခံပညာဦးစီးဌာနမှ အသက် ၁၅ နှစ်၊ ၃ လ အထိရှိသည့် ကျောင်းနေအရွယ်ကလေးများအတွက် Placement Test (အထူးအစီအစဉ်) ဖြင့် အသက်နှင့် အတန်းချိန်ညှိ၍ ပညာသင်ယူခွင့် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်းနှင့် အသက် ၁၅ နှစ်၊ ၃ လ အထက် ကလေးလူငယ်များအတွက် ပညာရေးဝန်ကြီးဌာန၊ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တန်းညှိပညာရေးအစီအစဉ်များမှတစ်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးကို စဉ်ဆက်မပြတ် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမတက်နိုင်သည့် ကျောင်းပြင်ပရောက်နေသော ကလေးသူငယ်များအား ကျောင်းပြင်ပတန်းညှိပညာရေးအစီအစဉ်များဖြင့် အခြေခံပညာအဆင့် ပြီးမြောက်စေရေး မူဝါဒများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ရန်ကင်းမဲဆန္ဒနယ်မှ ဦးတင်မိုးအောင်(ခ)နေရှိုင်း ၏ **လိုင်စင်မဲ့မော်တော်ယာဉ်များကို တရားဝင်မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် တရားဝင်ခွင့်ပြုချက်ဖြင့် တင်သွင်းရောက်ရှိလာသော မော်တော်ယာဉ်များနှင့် ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်သောမော်တော်ယာဉ်များ ကနဦးမှတ်ပုံတင်ခြင်း ဆောင်ရွက်ပေးရာတွင် ပြည်ပမှ တင်သွင်းလာသည့် မော်တော်ယာဉ်များ ကနဦးမှတ်ပုံတင်လျှောက်ထားရာ၌ သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာ (သို့မဟုတ်) Release Order Notification ၊ အကောက်ခွန်ဖော်ပြချက်ကိုလည်းကောင်း၊ ပြည်တွင်း၌ CKD/SKD စနစ်ဖြင့်ထုတ်လုပ်သည့် မော်တော်ယာဉ်များ ကနဦးမှတ်ပုံတင်လျှောက်ထားရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးထားသော သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ ကုမ္ပဏီ၏ ကိုယ်စားလှယ်ခွင့်ပြုစာ Quality Certificate ကို ကုမ္ပဏီမှ လက်မှတ်ရေးထိုးထားခြင်း Vehicle Identification Number (VIN Plate)၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ မော်တော်ယာဉ် အမျိုးအစားအလိုက် ထုတ်လုပ်ခွင့်ပြုချက်၊ Certificate of Approval သို့မဟုတ် Inspection Certificate စသည့် စာရွက်စာတမ်းအထောက်အထားများ တင်ပြမှသာ မှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။ `

ပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် အထက်ဖော်ပြပါ အထောက်အထားများပါရှိသည့် မော်တော်ယာဉ်များကိုသာ မှတ်ပုံတင်ဆောင်ရွက်ပေးလျက် ရှိပါကြောင်းနှင့် ယခင်ကမော်တော်ယာဉ် ၆၂၆ စီးကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သော်လည်း တရားမဝင် ဝင်ရောက်မှုများ လျော့နည်းသွားခြင်းမရှိသည့်အတွက် တရားမဝင်ရောက်ရှိနေသော လိုင်စင်မဲ့မော်တော်ယာဉ်များကို ဒဏ်ကြေးနှင့် အခွန်အခများပေးဆောင်စေကာ တရားဝင်မှတ်ပုံတင်ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး၏ **စက်တပ်ဆိုင်ကယ်များကို စနစ်တကျကန့်သတ်ရန်နှင့် ဘေးတွဲပုဂ္ဂိုလ်ကတစ်ဝက် နိုင်ငံတော်က တစ်ဝက်မျှခံစနစ်ဖြင့် သုံးဘီးယာဉ်ငယ်များ ရောင်းချပေးရန် အစီအစဉ် ရှိ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်မြိုင်က အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် မောင်းနှင်အသုံးပြုနေသော တရားမဝင်ဘေးတွဲမော်တော်ဆိုင်ကယ်များသည် စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျ စမ်းသပ်ထုတ်လုပ်ထားသော စက်ရုံထုတ်ယာဉ်မဟုတ်ဘဲ ဒေသန္တရအလုပ်ရုံ(Workshop)များတွင် မိမိသဘောဆန္ဒအလျောက် ပြုပြင်ထားခြင်းများဖြစ်သောကြောင့် Road Safety အရ မောင်းနှင်သူအပါအဝင် လိုက်ပါစီးနင်းသူ ခရီးသွားပြည်သူများ၊ အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အသုံးပြုနေသော လမ်းအသုံးပြုသူများအား အန္တရာယ်ဖြစ်စေနိုင်သောကြောင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ တရားမဝင် ဘေးတွဲများ အသုံးပြုခြင်းအား ခွင့်ပြု၍မရပါကြောင်း၊ ခေတ္တမောင်းနှင်ခွင့်(ယာယီ) လိုင်စင်ထုတ်ပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် ဘေးတွဲကို ပုဂ္ဂိုလ်ကတစ်ဝက် နိုင်ငံတော်ကတစ်ဝက် မျှခံစနစ်ဖြင့် သုံးဘီးယာဉ်ငယ်များကို ရောင်းချပေးနိုင်ရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ထွန်း၏ **ကြာအင်းဆိပ်ကြီးမြို့ပေါ် TR(18) လုံးအတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် မွန်ပြည်နယ်၊ ချောင်းနှစ်ခွကျေးရွာ၌ တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားပြီး မွန်ပြည်နယ်အတွင်းရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၂ မိုင်ခန့် ထိခိုက်ပျက်စီးခဲ့မှုကြောင့် ချောင်းနှစ်ခွကျေးရွာအပါအဝင် ကြာအင်းဆိပ်ကြီးမြို့ပေါ်ရပ်ကွက်များနှင့် ဌာနဆိုင်ရာရုံးများ ဓာတ်အားပြတ်တောက်ခဲ့ပြီး တည်ဆောက်ထားသည့် ၁၁ ကေဗွီ ဓာတ်အားလိုင်း၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းများနှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာများ၏ ပျက်စီးမှုများအား နယ်မြေလုံခြုံရေးအခြေအနေအရ ယနေ့အချိန်ထိ စစ်ဆေးနိုင်ခြင်းမရှိသေးပါကြောင်း။

မွန်ပြည်နယ်အတွင်းရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်းအား ပြုပြင်ခြင်းနှင့် ကရင်ပြည်နယ်ဘက်ခြမ်းရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၇ မိုင်၊ ကြာအင်းဆိပ်ကြီးမြို့ပေါ်ရှိ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၅ မိုင်ခန့်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာများအား ဒေသလုံခြုံရေးအပေါ်မူတည်၍ စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးမှသာ ကြာအင်းဆိပ်ကြီးမြို့သို့ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မော်လမြိုင်ကျွန်းမဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း၏ **မော်လမြိုင်ကျွန်းမြို့နယ်၌ ဓာတ်အားခွဲရုံ (66 KV) တည်ဆောက်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ဖျာပုံ၊ ဘိုကလေးနှင့် မော်လမြိုင်ကျွန်းမြို့များ ဗို့အားတိုးတက်ကောင်းမွန်ပြီး ဓာတ်အားပိုမိုပို့လွှတ်ဖြန့်ဖြူးနိုင်ရေးအတွက် ၃၃ ကေဗွီ ဓာတ်အားစနစ်မှ ၆၆ ကေဗွီ ဓာတ်အားစနစ်သို့ တိုးမြှင့်ရန် ၆၆ ကေဗွီ ကျိုက်လတ်-ဖျာပုံ ဓာတ်အားလိုင်း ၁၄ ဒသမ ၆ မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ဖျာပုံဓာတ်အားခွဲရုံ စီမံကိန်းအား ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်လျက်ရှိပြီး ၆၆ ကေဗွီ ဖျာပုံ-ဘိုကလေး ဓာတ်အားလိုင်း ၂၁ ဒသမ ၄ မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၂ x ၁၀ အမ်ဗွီအေ ဘိုကလေးဓာတ်အားခွဲရုံ စီမံကိန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်များတွင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ဘိုကလေးမြို့သို့ ၆၆ ကေဗွီ ဓာတ်အားစနစ်ဖြင့် လျှပ်စစ်ဓာတ်အားရရှိပြီးပါက ၆၆ ကေဗွီ ဘိုကလေး-မော်လမြိုင်ကျွန်း ဓာတ်အားလိုင်း ၁၈ မိုင်နှင့် ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ မော်လမြိုင်ကျွန်း ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းအား ဆက်လက်လျာထားသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးဆင်ဆုန်း၏ **ကချင်ပြည်နယ် ကဆန်ချောင်းမှ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးစီမံကိန်းအား မည်သည့်အချိန်တွင် စတင်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်းမြို့နယ်တွင် လျှပ်စစ်မီးအပြည့်အဝရရှိရေးအတွက် နောင်မွန်းမြို့၏ အနောက်ဘက် ၁၁ မိုင်ခန့်အကွာရှိ ကဆန်ချောင်းမှ အသေးစားရေအားလျှပ်စစ် ထုတ်ယူနိုင်ရန် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ပဏာမစူးစမ်းတိုင်းတာရေးအဖွဲ့က အသေးစိတ်ကွင်းဆင်းတိုင်းတာ စစ်ဆေးဆောင်ရွက်ခဲ့ပါကြောင်း၊ စစ်ဆေးတွေ့ရှိချက်အရ ရေဆင်းဧရိယာ ၁၄၅ စတုရန်းကီလိုမီတာရှိပြီး စက်တပ်ဆင်အင်အား ၁၈၀၀ ကီလိုဝပ်မှ ၂၀၀၀ ကီလိုဝပ်အထိ ထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်း၊ နောင်မွန်းမြို့နယ်၏ ဓာတ်အားလိုအပ်ချက်မှာ ၇၀၀ ကီလိုဝပ်ဖြစ်ပါသဖြင့် ကဆန်ချောင်း အသေးစားရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်း ဆောင်ရွက်နိုင်ပါက နောင်မွန်းမြို့နယ်တွင် ၂၄ နာရီ ဓာတ်အားအပြည့်အဝရရှိမည်ဖြစ်ပါကြောင်း။

နယ်မြေလုံခြုံရေးအခြေအနေအရ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများသယ်ယူရန် အခက်အခဲရှိခြင်း၊ ရင်းနှီးမြှုပ်နှံလိုသူ ဒေသခံပုဂ္ဂလိကလုပ်ငန်းရှင်များမရှိသေးခြင်းကြောင့် ကဆန်ချောင်းအသေးစားရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းအား လတ်တလောတည်ဆောက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် နယ်မြေအခြေအနေကောင်းမွန်ပြီး ရင်းနှီးမြှုပ်နှံလိုသည့် ဒေသခံပုဂ္ဂလိကလုပ်ငန်းရှင်များမှ လျှောက်ထားလာပါက အသေးစားလျှပ်စစ်ဆိုင်ရာလုပ်ငန်းဖြစ်၍ ကချင်ပြည်နယ် အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထန်းတပင်မဲဆန္ဒနယ်မှ ဦးကျော်ကျော်ဦး၏ **ထန်းတပင်မြို့ ဆိပ်ကြီးနှင့်အောင်မင်္ဂလာရပ်ကွက်တို့အား ၁၁ ကေဗွီ ထန်းတပင်ဖီဒါလိုင်းအတွင်းသို့ ပြောင်းလဲတပ်ဆင်ရန်နှင့် ဆိပ်ကြီးနှင့် သီရိဟေမာရပ်ကွက်အတွင်းရှိ ရှည်လျားဆားဗစ်များအား ၄၀၀ ဗို့ လိုင်းခန်းတိုတပ်ဆင်ရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ပဲခူးတိုင်းဒေသကြီး(အရှေ့) ထန်းတပင်မြို့ပေါ်ရှိ ဆိပ်ကြီးရပ်ကွက်နှင့် အောင်မင်္ဂလာရပ်ကွက်တို့အား ၁၁ ကေဗွီ ထန်းတပင် (မြို့တွင်း) ဓာတ်အားလိုင်းသို့ ပြောင်းလဲချိတ်ဆက်နိုင်ရန်အတွက် ဆိပ်ကြီးရပ်ကွက်တွင် ၁၁ ကေဗွီ ဓာတ်အားလိုင်း ပေ ၄၉၀၀ နှင့် အောင်မင်္ဂလာရပ်ကွက်တွင် ၁၁ ကေဗွီ ဓာတ်အားလိုင်း ပေ ၂၇၀၀ တည်ဆောက်ခြင်းနှင့် ရှည်လျားဆားဗစ်ကြိုးများအတွက် ဆိပ်ကြီးရပ်ကွက်တွင် ၄၀၀ ဗို့ဓာတ်အားလိုင်း ပေ ၁၇၀၀ နှင့် သီရိဟေမာရပ်ကွက်တွင် ၄၀၀ ဗို့ဓာတ်အားလိုင်း ပေ ၂၁၀၀ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေတွင် လျာထားတင်ပြပေးသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သာပေါင်းမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး၏ **သာပေါင်းမြို့နယ် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဝန်ထမ်းအိမ်ရာအား အစောဆုံးဘဏ္ဍာရေးနှစ်တွင်ထည့်သွင်းပြီး ဆက်လက်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက သာပေါင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန (၆) ခန်းတွဲ (၄) ထပ် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်းအား Ample Power ကုမ္ပဏီမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တင်ဒါအောင်မြင်ခဲ့ပြီး အဆိုပါဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းတစ်ခုလုံး၏ ၇၅ ရာခိုင်နှုန်းပြီးစီးခဲ့ပါသဖြင့် ကျပ်သန်း ၅၂၇ ဒသမ ၁၀၁ အား ပေးချေခဲ့ပြီးဖြစ်ပါကြောင်း။

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကျန်ရှိသော လုပ်ငန်းတစ်ခုလုံး၏ စတုတ္ထအရစ်ဖြစ်သည့် ၂၅ ရာခိုင်နှုန်းအား ဆက်လက်ဆောင်ရွက်ရန် ခွင့်ပြုချက်ရရှိခဲ့ပြီး စတုတ္ထအရစ်အတွက် ၁၈ ရာခိုင်နှုန်းသာ ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့၍ ကျပ်သန်း ၁၃၃ ဒသမ ၁၄ အား ပေးချေခဲ့ပြီး လုပ်ငန်းဆောင်ရွက်ရန်ကျန်ရှိသည့် စတုတ္ထအရစ်၏ ၇ ရာခိုင်နှုန်းအတွက် ကျန်ရှိသောခွင့်ပြုငွေ ကျပ်သန်း ၄၂ ဒသမ ၅၆၁ အား ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ထပ်မံခွဲဝေချထားခဲ့ရာ Ample Power ကုမ္ပဏီမှ ဆောင်ရွက်ရန်အတွက် နောက်ဆက်တွဲစာချုပ်အား ၂၀၂၂ ခုနှစ်တွင် ချုပ်ဆိုခဲ့သော်လည်း လုပ်ငန်းဆက်လက်ဆောင်ရွက်နိုင်ခြင်း မရှိတော့ပါကြောင်း။

သို့ဖြစ်၍ Ample Power ကုမ္ပဏီအား ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တရားစွဲဆိုရန် တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ အကြောင်းကြားထားပြီးဖြစ်ပါကြောင်း၊ လုပ်ငန်းအပြီးသတ်ဆောင်ရွက်ရန်ကျန်ရှိသည့် ဘဏ္ဍာငွေအား အနီးစပ်ဆုံးဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ရေတာရှည်မဲဆန္ဒနယ်မှ ဦးထွန်းထွန်းမိုး၏ **ရေတာရှည်မြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံကို အထူးကုဆရာဝန်ကြီးများပါဝင်သော စံကိုက်ခုတင်(၅၀) ဆေးရုံအဖြစ်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ၂၅ ခုတင်ဆံ့မြို့နယ်ဆေးရုံ တစ်ရုံ၊ ဆွာတိုက်နယ်ဆေးရုံ၊ မြို့လှတိုက်နယ်ဆေးရုံနှင့် ရေနီတိုက်နယ်ဆေးရုံ၊ စုစုပေါင်းဆေးရုံ လေးရုံ ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း၊ ရေတာရှည်မြို့နယ်ဆေးရုံသည် တောင်ငူပြည်သူ့ဆေးရုံကြီးနှင့် ၁၇ မိုင်၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီးနှင့် မိုင် ၆၀ ခန့်ကွာဝေးပါကြောင်း၊ ရေတာရှည်မြို့နယ်ဆေးရုံ၏ ၃ နှစ်စာပျမ်းမျှခြင်းအနေဖြင့် တစ်ရက်ပျမ်းမျှ အတွင်းလူနာဦးရေမှာ ၂၁ ဦးရှိပြီး ဆေးရုံခွင့်ပြုခုတင်အသုံးချမှုရာခိုင်နှုန်း ၈၂ ရာခိုင်နှုန်းသာရှိ၍ လတ်တလောတွင် ခုတင် (၅၀) ဆေးရုံအဖြစ် တိုးမြှင့်ရန် မလိုအပ်သေးပါကြောင်း၊ နောင်တွင် ခုတင်အသုံးပြုမှုရာခိုင်နှုန်း တိုးလာပါက ဘဏ္ဍာငွေခွဲဝေရရှိမှုပေါ်မူတည်၍ ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တိုက်ကြီးမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၏ **ဖလုံဘူတာကျေးရွာအုပ်စုမှ ကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဖလုံဘူတာကျေးရွာအုပ်စုတွင် ကျေးရွာ ၁၀ ရွာ၊ အိမ်ခြေ ၁၆၉၈ အိမ်နှင့် လူဦးရေ ၇၄၆၈ ဦးရှိပါကြောင်း၊ ဖလုံဘူတာကျေးလက်ကျန်းမာရေးဌာနခွဲသည် ကံကုန်းကျေးလက်ကျန်းမာရေးဌာနအောက်တွင်ရှိပြီး ကျေးရွာပေါင်း ၁၇ ရွာ၊ အိမ်ခြေ ၂၅၆၀ နှင့် လူဦးရေ ၁၀၅၅၀ ကို သားဖွားဆရာမ တစ်ဦးနှင့် ကျန်းမာရေးမှူး-၄ တစ်ဦးတို့မှ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း၊ ထိုကျေးရွာများအနက် ဖလုံဘူတာကျေးရွာမှ (၁၀) မိုင်ခန့် ကွာဝေးသော ကင်းမထီး (အထက်)၊ ကင်းမထီး(အလယ်)၊ ကင်းမထီး (အောက်) ကျေးရွာများသည် မိုးရာသီတွင် လမ်းခရီးကြမ်းတမ်းကာ သွားလာရန်ခက်ခဲသော ကျေးရွာများဖြစ်ပါကြောင်း။

ဖလုံဘူတာကျေးရွာသည် ဗဟိုအချက်အချာကျပြီး ဥက္ကံတိုက်နယ်ဆေးရုံနှင့် ၈ မိုင်ခန့်၊ တိုက်ကြီးမြို့နယ်ပြည်သူ့ဆေးရုံနှင့် ၁၅ မိုင်ခန့် ကွာဝေးပြီး လူနာထပ်ဆင့်ပို့ဆောင်ရေးအတွက် လမ်းပန်းဆက်သွယ်မှုအားကောင်းပါကြောင်း။

ဖလုံဘူတာကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန ဆောက်လုပ်ရန်အတွက် ပေ ၁၅၀ ပတ်လည်မြေနေရာအား ကျေးလက်ကျန်းမာရေးဌာနအမည်ပေါက် ပုံစံ(၁၀၅-၁၀၆) ရရှိရေး ဆောင်ရွက်နေဆဲဖြစ်ပါကြောင်း၊ အခြေခံမူအားဖြင့် ကျန်းမာရေးဝန်ကြီးဌာနပိုင်အဖြစ် ဂရန်အမည်ပေါက် (သို့မဟုတ်) အနိမ့်ဆုံးအနေဖြင့် ပုံစံ (၁၀၅-၁၀၆) ရှိရမည်ဖြစ်ရာ အဆိုပါမြေယာပိုင်ဆိုင်မှုရရှိပါက ဖလုံဘူတာကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်မြှင့်တင်နိုင်ရေး တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မှော်ဘီမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း၏ **လယ်ပြင်စုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မိုးကြိုးပစ်ကျေးရွာအုပ်စု လယ်ပြင်စုကျေးရွာတွင် ကျီးပင်ဆိပ်ကွင်းအမှတ်(၂၇၅-က) ဦးပိုင်အမှတ် N-3၊ ဧရိယာ ၀ ဒသမ ၃၄ ဧကရှိ မြေလွတ်မြေရိုင်းအနက်မှ (အလျား ပေ ၂၀၀ x အနံ ၅၀)၀ ဒသမ ၂၃ ဧကအားရယူ၍ ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံအား ဆောက်လုပ်ရန်လျာထားပါကြောင်း၊ အခြေခံမူအားဖြင့် ကျန်းမာရေးဝန်ကြီးဌာနပိုင်အဖြစ် ဂရန်အမည်ပေါက် (သို့မဟုတ်) အနိမ့်ဆုံးအနေဖြင့် ပုံစံ(၁၀၅-၁၀၆) ရှိရမည်ဖြစ်ရာ မြေစာရင်းဦးစီးဌာနမှတစ်ဆင့် ဗဟိုမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြလျှောက်ထားပြီး ပုံစံ(၁၀၅-၁၀၆) ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါမြေယာပိုင်ဆိုင်မှုရရှိပါက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လယ်ပြင်စုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်နိုင်ရန် တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းအောင်ညွန့်၏ **မိုင်းရယ်မြို့နယ် မန်မုံတိုက်နယ်ဆေးရုံတွင် ကျန်းမာရေးဝန်ထမ်းများ ထပ်မံခန့်ထားဖြည့်ဆည်းပေးရန် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ရှမ်းပြည်နယ် မိုင်းရယ်မြို့နယ် မန်မုံတိုက်နယ်ဆေးရုံတွင် ဆေးဘက်ကျွမ်းကျင်(၄) (ဓာတ်ခွဲ) တစ်ဦးအပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုသရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် အထက်တန်းသူနာပြုတစ်ဦးနှင့် သူနာပြု နှစ်ဦးတို့ ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၁၄ ရက်မှစ၍ တာဝန်ထမ်းဆောင်လျက်ရှိပြီး ရှမ်းပြည်နယ် မိုင်းရယ်မြို့နယ် ပြည်သူ့ဆေးရုံတွင် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ပြည့်ဖြိုးအောင်က တာဝန်ယူကုသပေးလျက်ရှိပါကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုသရေးဦးစီးဌာန၏ ၁၈-၉-၂၀၂၆ ရက်စွဲပါစာဖြင့် လားရှိုးမြို့ပြည်သူ့ဆေးရုံကြီးမှ လက်ထောက်ဆရာဝန် ဒေါက်တာရဲနိုင်ဦးသည် ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၂ ရက်နေ့မှစ၍ မိုင်းရယ်မြို့နယ် မန်မုံတိုက်နယ်ဆေးရုံတွင် စတင်တာဝန်ထမ်းဆောင်နေပြီဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် လှိုင်သာယာ(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးချမ်းက **"မြန်မာနိုင်ငံ ပြည်တွင်းဘဏ်များ အရေအတွက်လျှော့ချပြီး ပိုမိုခိုင်မာအင်အားကြီးပြီး အရည်အသွေးမြင့်သော ဘဏ်များ ပေါ်ပေါက်လာရေးအတွက် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရာ ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းထိုက်က ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအားလက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် **"တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း"** တို့နှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင်များက လွှတ်တော်သို့ ဖတ်ကြားတင်သွင်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုများ တင်သွင်းလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး သတ္တမနေ့ကို စက်တင်ဘာ ၂၉ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**



## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဝါစိုက်တောင်သူများ၊ ဝါဝယ်ယူသူများ၊ ဝါကြိတ်လုပ်ငန်းရှင်များ၊ ဝါစေ့ဆီစက်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

**မုံရွာ စက်တင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ ဝါစိုက်တောင်သူများ၊ ဝါဝယ်ယူသူများ၊ ဝါကြိတ်လုပ်ငန်းရှင်များ၊ ဝါစေ့ဆီစက်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံစဉ် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးလျက်ရှိသည့် စပါး၊ ဆီထွက်သီးနှံ ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်းသီးနှံ ဝါအပါအဝင် သီးနှံမျိုးစုံ စိုက်ကေလျာထားချက်ပြည့်မီရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ဝါစိုက်တောင်သူများ အနေဖြင့် စက်မှုကုန်ကြမ်းသီးနှံ ဝါများကို အောင်မြင်အောင် တိုးချဲ့စိုက်ပျိုး၍ ပန်းတိုင်အထွက်နှုန်း ရရှိစေရေးအတွက် သွင်းအားစုများနှင့် ပိုးသတ်ဆေးများ စနစ်တကျသုံးစွဲကာ စိုက်ပျိုးသွားကြရန်လိုအပ်ပါကြောင်း၊ ဝါကြိတ်၊ ဝါစေ့ဆီလုပ်ငန်းရှင်များအနေဖြင့်လည်း ဝါများကို Grade အလိုက် စနစ်တကျဝယ်ယူကြိတ်ခွဲထုတ်လုပ်ပြီး အရည်အသွေး ကောင်းမွန်သည့် ဝါကုန်ကြမ်းမှ အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းပူးပေါင်း လုပ်ကိုင်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း ဝါစိုက်တောင်သူများနှင့် ဝါလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်ပေးကာ မိမိတို့တိုင်းဒေသကြီး၏ ဝါသီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအား အလေးထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးက ပြောကြားသည်။

ဆက်လက်၍ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဝါစိုက်တောင်သူများ၊ ဝါဝယ်ယူသူများ၊ ဝါကြိတ်လုပ်ငန်းရှင်များနှင့် ဝါစေ့ဆီစက်လုပ်ငန်းရှင်များမှ ဝါသီးနှံ မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ လယ်ယာသုံးစက်မောင်းဆီများ၊ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်နှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများရရှိရေးတို့အတွက် ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

**❂ ရွှေ့ဖုံးမှ**

ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် မြစ်ဝကျွန်းပေါ်ဒေသနှင့် မုတ္တမကွေ့၊ ကမ်းရိုးတန်းဒေသများတွင် နေထိုင်ကြသည့် ပြည်သူများအနေဖြင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသက်လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

**❖ ရွှေ့ဖုံးမှ**

အရေးပေါ်ခွဲစိတ်ခန်း၌ အဆိုပါနေ့ည ၈ နာရီခွဲတွင် စတင်ခွဲစိတ်မှုပြုလုပ်ခဲ့ရာ ဩဂုတ် ၁၂ ရက် နံနက် ၁ နာရီတွင် ခွဲစိတ်ကုသမှုအောင်မြင်စွာ ပြီးဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ ခွဲစိတ်ကုသမှုကို လက်ပိုင်းဆိုင်ရာ ခွဲစိတ်ဆရာဝန်များအဖွဲ့၊ မေ့ဆေးအထူးကု ဆရာဝန်များအဖွဲ့၊ ကျွမ်းကျင်သူနာပြုကြီး/ သူနာပြုများအဖွဲ့နှင့် ဆက်စပ်ဌာနများမှ အထောက်အကူပြု ဓာတ်ခွဲ၊ ဓာတ်မှန်ကျွမ်းကျင် ဝန်ထမ်းများအားလုံး ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါလူနာ၏ ပြန်ဆက်ထားသော ဘယ်ဘက်လက်ညိုးမှာ မူလအတိုင်း ကောင်းစွာလှုပ်ရှားနိုင်ပြီဖြစ်သဖြင့် ခွဲစိတ်ပြီး ၂၉ ရက်မြောက် စက်တင်ဘာ ၉ ရက်တွင် ဆေးရုံဆင်းခွင့်ရရှိပြီး လိုအပ်သောလေ့ကျင့်ခန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ၂၀၂၂ ခုနှစ်တွင် လက်ဖျံပြန်ဆက်ခွဲစိတ်သူ တစ်ဦး၊ ၂၀၂၃ ခုနှစ်တွင် လက်မောင်းပြန်ဆက် ခွဲစိတ်သူ တစ်ဦးနှင့် လက်မပြန်ဆက်ခွဲစိတ်သူ တစ်ဦး၊ ၂၀၂၄ ခုနှစ်တွင် လက်မပြန်ဆက်ခွဲစိတ်သူ တစ်ဦး၊ ၂၀၂၅ ခုနှစ်တွင် လက်ဖဝါးနှင့် လက်မပြန်ဆက်ခွဲစိတ်သူ နှစ်ဦး၊ ၂၀၂၆ ခုနှစ် ယခုအချိန်ထိ လက်ညှိုးပြန်ဆက်ခွဲစိတ်သူ တစ်ဦး စုစုပေါင်း ခုနစ်ဦးအား ပြန်ဆက်ခွဲစိတ်ကုသမှု (Replantation Surgery) ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ ဂုဏ်ပြုဆောင်းပါး

# သက်ကြီးပုဂ္ဂိုလ်များကို ပိုမိုကာကွယ်စောင့်ရှောက်နိုင်ဖို့ ခေတ်မီဆန်းသစ်သော နည်းစနစ်များဖြင့် သုံးသပ်ရှာကြံဖြည့်ဆည်းစို့

ကြည်ထွန်း(လူမှု)

**"မြန်မာနိုင်ငံတွင် သက်ကြီးပုဂ္ဂိုလ်များ ကာကွယ်စောင့်ရှောက်ရေးနှင့် စပ်လျဉ်း၍ ရှေ့ဆောင်ရှေ့ရှုက်ပြုနိုင်ရန် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီနှင့် မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီတို့ကို ပြန်လည်ဖွဲ့စည်းထားပြီးဖြစ်သည်။ ထို့အပြင် တတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် တတိယအကြိမ် အမျိုးသားလွှတ်တော်အသီးသီးတွင်လည်း လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုအခွင့်အရေးဆိုင်ရာကော်မတီကို ဖွဲ့စည်းထားပြီး ဖြစ်သည်ကို တွေ့ရှိရ"**

နှစ်စဉ်အောက်တိုဘာလ ၁ ရက်ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ (International Day of Older Persons - IDOP) ဟု ဂုဏ်ပြုသတ်မှတ်ခဲ့သည်မှာ ယခု ၂၀၂၆ ခုနှစ်တွင် ၃၆ နှစ်တာကာလသို့ ရောက်ရှိလာပြီဖြစ်သည်။

## သက်တော်ရှည်ဘိုးဘွားများပြားလာသောမျက်မှောက်ကမ္ဘာ

ဤကာလအတွင်း မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများစုတွင် မွေးဖွားနှုန်းနှင့် သေနှုန်းကျဆင်းလျက်ရှိကာ လူ့သက်တမ်းပိုရှည်လာသည်နှင့်အမျှ ဘိုးသက်ရှည် ဘွားသက်ရှည်ဦးရေမှာလည်း ပိုမိုများပြားလာသည်။ သာဓကအားဖြင့် ဂျပန်နိုင်ငံတွင် ၁၉၉၈ ခုနှစ်က အသက်ရာကျော် ဘိုးဘွားတစ်သောင်းသာရှိရာမှ ၂၀၁၂ ခုနှစ်တွင် ငါးသောင်းကျော် ရှိလာသည်။ ယခု ၂၀၂၆ ခုနှစ် စက်တင်ဘာလတွင် ၁၀၇၆၇၇ ဦးအထိ စံချိန်တင်မြင့်တက်လာပြီဟု ဂျပန်ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ယခုအခါတွင် ကမ္ဘာတစ်ဝန်း၌ အသက် ၁၀၀ နှင့်အထက် သက်တော်ရှည်ဘိုးဘွား ခြောက်သိန်းခန့် ရှိသည်။ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် စုစုပေါင်းလူဦးရေ ၅၁ ဒသမ ၄ သန်းရှိသည့်အနက် ၆ ဒသမ ၁၈၅ သန်း (၁၂ ဒသမ ၀၃ ရာခိုင်နှုန်း) မှာ အသက် ၆၀ နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ယင်းတို့အနက် ၉၅၉၈၁ ဦးမှာ အသက် ၉၀ နှင့်အထက် သက်တော်ရှည်ဘိုးဘွားများ ဖြစ်လာကြပြီ။

## အသက် (၁၂၀) ရှည်စေသော်ဝ်

ယခုအခါ ကမ္ဘာ့နိုင်ငံအများစု၏ ပျမ်းမျှမျှော်မှန်းလူ့သက်တမ်းမှာ ၆၀ - ၈၅ နှစ် ကြားတွင် ရှိသည်။ အမျိုးသားများထက် အမျိုးသမီးများ၏ သက်တမ်းက ပိုရှည်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအဆင့်အတန်းနှင့် နေထိုင်မှုပုံစံ စသည်တို့အပေါ်မူတည်၍ နိုင်ငံ၊ ဒေသ၊ လူမျိုးအလိုက် သက်တမ်းကွာခြားလေ့ရှိသည်။ Wikipedia နှင့် Guinness World Records မှတ်တမ်းတို့တွင် ဖော်ပြချက်အရ အထောက်အထား တိကျခိုင်လုံသော ကမ္ဘာ့အသက်အရှည်ဆုံးလူသားမှာ ပြင်သစ်နိုင်ငံသူ "ဂျင်းန်လူဝီကဲလ်မန့်" (Jeanne Louise Calment) (၁၈၇၅-၁၉၉၇) ဖြစ်သည်။ ရှေးကမြန်မာတို့ ဇာတာဖွဲ့ရာတွင် "အသက် ၁၂၀ ရှည်စေသော်ဝ်" ဟူသည့် မှန်းဆရေးထိုးမှုသည် မျက်မှောက်ခေတ်တွင် မှန်းခြေကိုက်ဖြစ်လာပြီ။ ကမ္ဘာ့လူသားတိုင်းသည် ယခင်က ပျမ်းမျှအားဖြင့် အသက် ၈၅ နှစ်အထိသာ ရှင်သန်ရန်မျှော်မှန်းနိုင်သော်လည်း မျက်မှောက်ခေတ်တွင် အသက် ၁၂၀ ကျော်သည်အထိ အသက်ရှည်ရန် မျှော်မှန်းနိုင်ပြီဖြစ်သည်။

ယခုနှစ် ဩဂုတ်လအတွင်းက အသက် ၁၂၀ ကျော်အရွယ်ရှိနေပြီဖြစ်သော နေပြည်တော် ဒက္ခိဏသီရိမြို့နယ်နေ အဘွား ဒေါ်စောကြည်၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်နေ အဘွား ဒေါ်ပန်းနွယ်၊ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်နေ အဘိုး ဦးသိန်းအောင်တို့ထံ သက်ဆိုင်ရာ မြို့တော်ဝန်/ တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က အိမ်တိုင်ရာရောက်သွား၍ ဂါရဝပြုလှူဒါန်းမှုများကို နေ့စဉ်ထုတ် ကြေးမုံသတင်းစာတွင် ဖတ်ရှုလိုက်ရသဖြင့် ကြည်နူးပီတိဖြစ်မိပါသည်။

## ထူးခြားသောပြောင်းလဲမှုတစ်ရပ်

ကမ္ဘာတစ်ဝန်း သက်တော်ရှည်ဘိုးဘွားများပြားလာမှုသည် လူ့အသိုက်အဝန်းတစ်ခုလုံးအတွက် ထူးခြားသော ပြောင်းလဲမှုတစ်ရပ်ဖြစ်သည်။ လူ့သက်တမ်းပိုရှည်လာခြင်းသည် ယခင်က မရှိခဲ့ဖူးသော အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မှုကြောင့် ဖြစ်သော်လည်း ယခုအချိန်တွင် ကျန်းမာရေးစနစ်များ၊ အလုပ်အကိုင်အခွင့်အလမ်း၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ ပညာရေး၊ အိုးအိမ်နှင့် ပြည်သူ့ရေးရာမူဝါဒစသည်တို့က လူ့ဘဝသက်တမ်းတစ်လျှောက်တွင် မည်သို့မည်ပုံ အထောက်အကူပြုမည်ကို ပြန်လည်စဉ်းစားသုံးသပ်ရန် လိုအပ်လာသည်။

လူ့သက်တမ်းပိုရှည်လာခြင်း၏ သက်ရောက်မှုများသည် ကဏ္ဍတစ်ခုတည်းနှင့်သာ သက်ဆိုင်ခြင်းမဟုတ်ဘဲ အခြားကဏ္ဍများနှင့်လည်း အပြန်အလှန်ဆက်နွယ်လျက်ရှိသည်။ သို့ဖြစ်၍ သက်ရှည်ကျန်းမာလာသည့်ခေတ်နှင့်လျော်ညီစွာ ပိုမိုသက်ရှည်ကျန်းမာ စိတ်ချမ်းသာစွာ ရှင်သန်ရပ်တည်ရေး၊ လူ့အသိုက်အဝန်းအတွင်း အပြည့်အဝ ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး၊ သက်ကြီးအခွင့်အရေးများ မြှင့်တင်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးစသည့် ခေတ်မီဆန်းသစ်သော စနစ်ကောင်း၊ အစီအမံကောင်းများ သုံးသပ်ရှာကြံ ဖြည့်ဆည်းဖို့ လိုအပ်လာသည်။ သို့ဖြစ်၍ ၂၀၂၆ ခုနှစ် IDOP နေ့ ဦးတည်ချက်ဆောင်ပုဒ်ကို "The Age of Longevity: Rethinking Systems for Longer Lives" ဟု ချမှတ်တိုက်တွန်းနှိုးဆော်လိုက်ခြင်း ဖြစ်ပေမည်။

## လူမှုကာကွယ်စောင့်ရှောက်ရေးအကျိုးခံစားခွင့်

မြန်မာနိုင်ငံ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့်မဟာဗျူဟာစီမံချက်ပါ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော "သက်ကြီးလူမှုရေးပင်စင်ထောက်ပံ့ရေးအစီအစဉ်" ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့သည်။ ယခုနှစ်တွင် ၁၉၄၁ ခုနှစ် ဧပြီလ ၁ ရက်မတိုင်မီ မွေးဖွားခဲ့သည့် အသက် (၈၅) ပြည့်ပြီးသော သက်ကြီးပုဂ္ဂိုလ်များအတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် သုံးလပတ် နှစ်ကြိမ် ခြောက်လစာ ထောက်ပံ့ခြင်းကို ကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်၏ ဖုန်းထဲသို့ ငွေလွှဲခြင်းနည်းလမ်းဖြင့် ဆောင်ရွက်ပေးမည် ဖြစ်မည်။ ထို့အတူ သက်ကြီးသူများကိုယ်တိုင် ဦးဆောင်၍ ထိခိုက်လွယ်အုပ်စုဝင်ဖြစ်သည့် မသန်စွမ်းသူများ၊ အမျိုးသမီးများဖြင့် ရပ်ရွာအခြေပြု ဖွဲ့စည်းထားသော "သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့ (Older Person Self-Help Group - OPSHG) ၃၆၈ ဖွဲ့ကိုလည်း ရေရှည်ရပ်တည်နိုင်ရေးအတွက် မတည်ရန်ပုံငွေများ ထုတ်ပေးလျက်ရှိသည်ဟု သိရသည်။

## သက်ကြီးပုဂ္ဂိုလ်စောင့်ရှောက်မှုဆိုင်ရာနည်းလမ်း ခြောက်သွယ်

အာဆီယံနိုင်ငံများအပါအဝင် အရှေ့အာရှနိုင်ငံများ၌ (၁) အိမ်အရောက်စောင့်ရှောက်ခြင်း၊ (၂) မိသားစုအခြေပြုစောင့်ရှောက်ခြင်း၊ (၃) ရပ်ရွာအခြေပြုစောင့်ရှောက်ခြင်း၊ (၄) ဂေဟာငယ်များ တည်ထောင်၍စောင့်ရှောက်ခြင်း၊ (၅) နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာများ ဖွင့်လှစ်စောင့်ရှောက်ခြင်း၊ (၆) စေတနာ့ဝန်ထမ်းဘိုးဘွားရိပ်သာများ ဖွင့်လှစ်စောင့်ရှောက်ခြင်းဟူသည့် နည်းလမ်းခြောက်သွယ်ဖြင့် ဆောင်ရွက်ကြသည်။ အဆိုပါနည်းများအနက် "စေတနာ့ဝန်ထမ်းဘိုးဘွားရိပ်သာ" များ တည်ထောင်စောင့်ရှောက်သည့် နည်းလမ်းကို မြန်မာနိုင်ငံတွင် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်ကပင် စတင်ဆောင်ရွက်ခဲ့သည်။ ယခုအခါ လူမှုဝန်ထမ်းဦးစီးဌာန၏ တည်ထောင်ခွင့်ပြုမိန့်ရ ဘိုးဘွားရိပ်သာ ၉၄ ခု ရှိလာပြီဖြစ်သည်။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း အဆိုပါဘိုးဘွားရိပ်သာများ၏ အရိပ်အာဝါသအောက်တွင် ခိုဝင်နေကြသော ဘိုးဘွား ၃၁၁၂ ဦးအတွက် ငွေကျပ် ၃၆၆ ဒသမ ၅၉၁ သန်းထောက်ပံ့မည်ဟု သိရသည်။

အခြားနည်းလမ်းတစ်သွယ်အဖြစ် သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာကို ၂၀၁၃ ခုနှစ်ကတည်းက ရန်ကုန်-မရမ်းကုန်းမြို့နယ်တွင် ဖွင့်လှစ်ထားပြီး ယခုနှစ်တွင် ဘိုးဘွား ၉၄ ဦးကို လက်ခံစောင့်ရှောက်လျက်ရှိသည်။ အဆိုပါဂေဟာ၌ သက်ကြီးရွယ်အိုများအတွက် ပြုစုစောင့်ရှောက်သူ သင်တန်းဖွင့်လှစ်ပို့ချပေးလျက်ရှိရာ ယခုနှစ်တွင် သင်တန်းအပတ်စဉ်ပေါင်း ၂၀ ရှိလာပြီဖြစ်ကာ သင်တန်းသား သင်တန်းသူ ၂၃ ဦး တက်ရောက်နေကြသည်ဟု သိရသည်။ ထို့အပြင် နေပြည်တော်-ဝဏ္ဏသိဒ္ဓိရပ်ကွက်၌ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာသစ်တစ်ခုကို ၂၀၂၆ ခုနှစ် ဇူလိုင်လ ၂၃ ရက်တွင် ထပ်မံဖွင့်လှစ်ပြီး ဘိုးဘွား ၃၈ ဦး လက်ခံစောင့်ရှောက်ထားသည်ဟု သိရသည်။ အဆိုပါဂေဟာတွင် သက်ကြီးပုဂ္ဂိုလ်များအား အခြေခံကျန်းမာရေး စောင့်ရှောက်မှု၊ လူမှုရေးဝန်ဆောင်မှု၊ အပန်းဖြေအနားယူမှုနှင့် အသိပညာများ ပြန်လည်မျှဝေပေးနိုင်မှု၊ ဝါသနာပါရာ လုပ်ငန်းများ ဆောင်ရွက်နိုင်မှု စသည့်ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးမည်ဟု သိရသည်။ သို့ဖြစ်၍ အလားတူ ဂေဟာများကို သင့်လျော်သောမြို့နယ်များတွင်လည်း ထပ်မံဖွင့်လှစ်သင့်ပေသည်။

## သက်ကြီးရွယ်အို သက်သေခံကတ်ပြား ဆောလျင်စွာထုတ်ပေးရေး

၂၀၁၆ ခုနှစ် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေ အခန်း (၅) ပုဒ်မ ၁၆ တွင် "သက်ကြီးရွယ်အိုများ၏ အခွင့်အရေး" (၁၂) ရပ်ကို ပြဋ္ဌာန်းထားပါသည်။ သို့ရာတွင် ၂၀၂၂ ခုနှစ် သက်ကြီးရွယ်အိုများဆိုင်ရာ နည်းဥပဒေများ အခန်း(၂) အပိုဒ် ၁၀၊ ၁၁၊ ၁၃ နှင့် ၁၄ တို့အရ "သက်ကြီးရွယ်အိုသက်သေခံကတ်ပြား" ရရှိထားသော သက်ကြီးရွယ်အိုများသည်သာ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (က) (ဇ) (ဋ)နှင့် (ဌ)တို့ပါ သက်သာချောင်ချိမှုအခွင့်အရေးများ ခံစားခွင့်ရရှိနိုင်မည် ဖြစ်ပါသည်။ အဆိုပါ ကတ်ပြားမရရှိသေးသော သက်ကြီးပုဂ္ဂိုလ်များအနေဖြင့် အထက်ပါအခွင့်အရေးများခံစားခွင့် မရရှိနိုင်သေးပေ။

၂၀၂၆ ခုနှစ် ဇွန်လက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ လူမှုရေးပင်စင်ခံစားလျက်ရှိတဲ့ အသက်(၈၅)နှစ်အထက် သက်ကြီးပုဂ္ဂိုလ်များအား သက်သေခံကတ်ပြား ထုတ်ပေးခဲ့သည်ကို ဝမ်းမြောက်ဖွယ်ကြားသိရပါသည်။ အဆိုပါကတ်ပြားရရှိထားသော သက်ကြီးပုဂ္ဂိုလ်များ အနေဖြင့် ရထားလက်မှတ် ဝယ်ယူရာ၌ ကျသင့်လက်မှတ်ခ၏ ၅၀ ရာခိုင်နှုန်းလျှော့ပေါ့ခံစားခွင့်၊ အစိုးရအဖွဲ့အစည်းပိုင် ရုပ်ရှင်၊ ဇာတ်သဘင်၊ အငြိမ့်၊ သီဆိုပွဲ၊ ပြဇာတ်၊ ပန်းချီ၊ ပန်းပု စသည့် နိုင်ငံပိုင်ဖျော်ဖြေရေး ဝန်ဆောင်မှုများတွင် ဝင်ကြေးအနည်းဆုံး ၅၀ ရာခိုင်နှုန်း လျှော့ပေါ့ခံစားခွင့်၊ အမျိုးသားပြတိုက်သို့ ဝင်ရောက်ပါက ဝင်ကြေးကင်းလွတ်ခြင်းခံစားခွင့်၊ သက်ကြီးပုဂ္ဂိုလ်များ ကွယ်လွန်ခဲ့ပါက သင်္ဂြိုဟ်စရိတ်ကင်းလွတ်ခွင့်ရရှိကြမည် ဖြစ်ပါသည်။ သို့ဖြစ်၍ မြန်ပြည်တစ်ဝန်းလုံးရှိ သက်ကြီးပုဂ္ဂိုလ်များ အထက်ပါ အခွင့်အရေးများကို တစ်ပြေးညီတည်း ခံစားခွင့်ရရှိရေးအတွက် သက်ကြီးရွယ်အို သက်သေခံကတ်ပြား ထုတ်ပေးခြင်းကို ဆောလျင်စွာ ဆက်လက်ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံလိုပါသည်။

## ခေတ်မီဆန်းသစ်သော နည်းစနစ်များဖြင့် သုံးသပ်ရှာကြံဖြည့်ဆည်းဖို့

မြန်မာနိုင်ငံတွင် သက်ကြီးပုဂ္ဂိုလ်များ ကာကွယ်စောင့်ရှောက်ရေးနှင့် စပ်လျဉ်း၍ ရှေ့ဆောင်ရှေ့ရှုက်ပြုနိုင်ရန် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီနှင့် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီတို့ကို ပြန်လည်ဖွဲ့စည်းထားပြီးဖြစ်သည်။ ထို့အပြင် တတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် တတိယအကြိမ် အမျိုးသားလွှတ်တော် အသီးသီးတွင်လည်း လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုအခွင့်အရေးဆိုင်ရာကော်မတီကို ဖွဲ့စည်းထားပြီး ဖြစ်သည်ကို တွေ့ရှိရသည်။

သို့ဖြစ်၍ အထက်ပါကော်မတီများက ဦးဆောင်၍ အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များ၊ ပုဂ္ဂလိက ကဏ္ဍနှင့် ကာယကံရှင်သက်ကြီးပုဂ္ဂိုလ်များ ပူးပေါင်းကာ လက်ရှိ ပြဋ္ဌာန်းကျင့်သုံးဆောင်ရွက်နေသော မဟာဗျူဟာစီမံချက်၊ ဥပဒေနှင့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ညွှန်ကြားချက်များအပေါ် ပြန်လည်သုံးသပ်ကာ မိမိနိုင်ငံနှင့် လိုက်လျောညီထွေရှိပြီး ခေတ်မီဆန်းသစ်သော နည်းစနစ်များကို ရှာကြံပြဋ္ဌာန်းပေးနိုင်မည်ဆိုပါက သက်ကြီးပုဂ္ဂိုလ်များနှင့် သက်ကြီးရွယ်လွန်သက်တော်ရှည်ဘိုးဘွားများကို ယခုထက်ပိုမိုကာကွယ်စောင့်ရှောက်နိုင်မည်မှာ မလွဲကေန်ပင် ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

**ကိုးကား**

**ဒေါက်တာတင်ထွန်းဦး၏ ဇရာကို ရင်ဆိုင်ခြင်းအနုပညာ**

**နေ့စဉ်ထုတ်သတင်းစာများ**

❖ *ကျောဖုံးမှ*

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၁ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၇) ဦးခင်မောင်မြင့်၏ **ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် မားသဲကျေးရွာအုပ်စုရှိ ကျေးရွာအများစု ဆက်သွယ်သွားလာသည့် ဗထူး - မုံပြင်လမ်း (၁၈)မိုင်ကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်း ရှိ/မရှိနှင့် မုံပြင် - ရေဖြူလမ်း (၁)မိုင်ကို မြေသားအမာခံကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က လမ်းအရှည် ၁၉ မိုင်အနက် ဗထူးလမ်းခွဲမှ ရေဖြူရွာအထိ လမ်းအရှည် ၁၅ မိုင် ၂ ဖာလုံသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းပိုင်းတွင်ပါဝင်ပြီး ကျန်လမ်းပိုင်း လမ်းအရှည် ၃ မိုင် ၆ ဖာလုံခန့်သည် လတ်တလော လမ်းမှတ်တမ်းစာရင်းတွင် ပါဝင်ခြင်း မရှိသေးသည့်အတွက် လမ်းသိမ်းသွင်းခြင်းလုပ်ငန်းစဉ်ကို ဦးစွာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဗထူးလမ်းခွဲမှ ရေဖြူရွာအထိလမ်းပိုင်း အရှည် ၁၅ မိုင် ၂ ဖာလုံအနက်မှ ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ရန်ကျန်ရှိသော မြေလမ်း ၂ မိုင် ၄ ဖာလုံကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပြီး ကျောက်ခင်းလမ်း အပိုင်းများအား ကတ္တရာလမ်းအဖြစ်သို့ အဆင့်မြှင့်တင်နိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းပေါင်းစပ်၍ နှစ်အလိုက်လျာထားသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဒေါ်မာလာဆန်း၏ **ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ကလောမြို့နယ်အောင်ပန်းမြို့၏ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးတို့အတွက် အောင်ပန်းမြို့တွင် မြို့ရှောင်လမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မြို့ရှောင်လမ်းအဖြစ် ဖောက်လုပ်လိုသည့် အဆိုပြုလမ်းအပိုင်းသည် မိတ္ထီလာ - တောင်ကြီး - ကျိုင်းတုံ - တာချီလိတ်လမ်းနှင့် ဆက်စပ်နေပြီး ကလောခရိုင် ကလောမြို့နယ်အပိုင်းတွင် ပါဝင်ပါကြောင်း၊ B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း။

အောင်ပန်းမြို့ရှောင်လမ်းအား လယ်ယာမြေထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် စီမံကိန်းဖြစ်မြောက်နိုင်စွမ်း ကြိုတင်လေ့လာမှုဆောင်ရွက်ပြီးပါကပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၄) ဒေါ်မီမီကျော်ထွန်း၏ **ကချင်ပြည်နယ် တနိုင်းခရိုင် တနိုင်းမြို့နယ် မိုင်းခွန်းကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းပိုင်း ၁၃ မိုင်ရှိပြီး ၎င်း ၁၃ မိုင်တွင် ကွန်ကရစ်လမ်း ၂ မိုင် ၇ ဖာလုံ၊ အမာခံလမ်း ၈ မိုင် ၁ ဖာလုံနှင့် မြေသားလမ်း (လမ်းမဖောက်ရသေး) ၂ မိုင်ရှိပြီး ကွန်ကရစ်ခင်းရန် ကျန်ရှိသောအပိုင်းအား ကွန်ကရစ်ဆက်လက်ခင်းပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ကချင်ပြည်နယ် တနိုင်းခရိုင် တနိုင်းမြို့နယ် မိုင်းခွန်ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသောလမ်းပိုင်း ၁၃ မိုင်တွင် ကွန်ကရစ်ခင်းရန် ကျန်ရှိသော ၁၀ မိုင် ၁ ဖာလုံအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လမ်းအဆင့်မြှင့်တင်နိုင်ရေးအတွက် ပထမအဆင့်အနေဖြင့် ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် မြေသားလမ်းအပိုင်း၏ မိုင်တိုင် ၁၁/၀ မှ ၁၁/၆ အတွင်း ၆ ဖာလုံအား ပြန်လည်ပြုပြင်ဖောက်လုပ်ခြင်းနှင့် အမာခံလမ်းခင်းခြင်းလုပ်ငန်း၊ ဒုတိယအဆင့်အနေဖြင့်၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်မှစတင်၍မြေသားလမ်းအပိုင်း၏ ကျန်ရှိနေသော ၁ မိုင် ၂ ဖာလုံအား ပြန်လည်ပြုပြင်ဖောက်လုပ်ခြင်းနှင့် အမာခံလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ရန်ပုံငွေလျာထားသွားမည်ဖြစ်ပြီး အမာခံလမ်းများအဖြစ် ဆောင်ရွက်ပြီးပါက ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် ရန်ပုံငွေဆက်လက်လျာထားသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၄) ဒေါ်မီမီကျော်ထွန်း၏ **၂၀၂၆ ခုနှစ် ပြည်ထောင်စုအခွန်ဥပဒေပါ ရည်ရွယ်ချက်များနှင့်အညီ နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေများ စနစ်တကျစုဆောင်းရရှိရေး၊ ဒေသအတွင်းရှိ စီးပွားရေးလုပ်ငန်းများအား အဆင်ပြေချောမွေ့စွာ အခွန်ပေးဆောင်နိုင်ရေးနှင့် ခရိုင်အဆင့်ဒေသအဖြစ် အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ ပိုမိုထိရောက်လာစေရေးတို့အတွက် တနိုင်းမြို့နယ်တွင် အခွန်ဦးစီးဌာနရုံး တည်ဆောက်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က တနိုင်းမြို့နယ်သည် ကချင်ပြည်နယ်ရှိ (၈) အဆင့် မြို့နယ်တစ်ခုဖြစ်ပြီး ပြည်တွင်းအခွန်များဦးစီးဌာန၏ ဖွဲ့စည်းပုံအရ မြို့နယ်ရုံး ဖွင့်လှစ်ထားခြင်း မရှိသေးသော်လည်း မြို့နယ်ရုံးတွင် အခွန်ကောက်ခံမှု လုပ်ငန်းစဉ်များကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် မြစ်ကြီးနားမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ တာဝန်ယူပြီး တနိုင်းမြို့သို့ သုံးလတစ်ကြိမ် သွားရောက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တနိုင်းမြို့နယ်၏ အခွန်စည်းကြပ်ထိုက်သော ပုဂ္ဂိုလ်တို့ အခြေအနေအရ တနိုင်းမြို့နယ်၌ မြို့နယ်အခွန်ဦးစီးမှူးရုံး ဖွင့်လှစ်ရန် လတ်တလောအနေဖြင့် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) ဦးကျော်ကျော်လတ်၏ **CHUBB Life Myanmar Insurance Company နှင့် ပတ်သက်၍ ပြည်သူများ၏ အာမခံအခွင့်အရေးများ ဆုံးရှုံးနေမှုကို သက်ဆိုင်ရာဌာနများမှ မည်သို့ စီမံဆောင်ရွက်ပေးလျက်ရှိသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က Chubb Life Myanmar Insurance Company သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ယင်းတို့၏ သဘောဖြင့် ကြိုတင်အကြောင်းကြားခြင်းမရှိဘဲ ပိတ်သိမ်းပြီး မြန်မာနိုင်ငံမှ ထွက်ခွာသွားခြင်းနှင့် စပ်လျဉ်း၍ Chubb Life Myanmar Insurance Company အသက်အာမခံ ဝယ်ယူထားသည့် ပေါ်လစီရှင်များ ဆုံးရှုံးနစ်နာမှုမရှိစေရေး ရန်ကုန်မြို့ မြန်မာနိုင်ငံ အာမခံအသင်း၌ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာနိုင်ငံ အာမခံအသင်းနှင့် လိုင်စင်ရအသက်အာမခံကုမ္ပဏီများ ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ပြီး အစည်းအဝေး ဆုံးဖြတ်ချက်အရ "နိုင်ငံတကာရှိ အာမခံကုမ္ပဏီများ ဖျက်သိမ်းသည့်အခါ ဆောင်ရွက်သည့် နည်းလမ်းဖြစ်သော ယင်းကုမ္ပဏီမှ အာမခံဝယ်ယူထားသည့် အသက်အာမခံပေါ်လစီများကို မြန်မာနိုင်ငံအတွင်းရှိ အခြားအသက်အာမခံကုမ္ပဏီတစ်ခုခုသို့ လွှဲပြောင်းပေးနိုင်ရေး" ဆွေးနွေးဆောင်ရွက်ခဲ့ပါကြောင်း။

Chubb Life Myanmar Insurance Company ၏ ရရန်ရှိနှင့် ပေးရန်ရှိများအား လွှဲပြောင်းရယူမည့် အသက်အာမခံကုမ္ပဏီထံမှ စိတ်ဝင်စားမှု အဆိုပြုလွှာ (EOI) ကို ဖိတ်ခေါ်ခဲ့ရာ နိုင်ငံခြားရာနှုန်းပြည့်ပိုင် အသက်အာမခံကုမ္ပဏီတစ်ခုက EOI ပေးပို့လာပါကြောင်း၊ ၎င်းတို့ တင်ပြထားသော EOI လုပ်ငန်းစဉ်နှင့် အချိန်ဇယားအတိုင်း Chubb Life Myanmar Insurance Company ၏ အသက်အာမခံ ပေါ်လစီများကို ဆန်းစစ်မှုများ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

အသက်အာမခံ ပေါ်လစီရှင်များအား စိစစ်မှုလုပ်ငန်းစဉ် (Due Diligence) ဆောင်ရွက်လျက်ရှိရာ ၉၀ ရာခိုင်နှုန်းခန့် စိစစ်ပြီးဖြစ်ပါကြောင်း၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့အနေဖြင့် Chubb Life Myanmar Insurance Company ထံမှ အာမခံဝယ်ယူထားသည့် ပြည်သူများ၏ အာမခံအခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေးအတွက် Myanmar Insurance Company အာမခံပေါ်လစီရှင်များကို လက်ခံရယူမည့် ကုမ္ပဏီမှ စိစစ်မှုလုပ်ငန်းစဉ် (Due Diligence) ပြီးစီးချိန်တွင် အာမခံအမျိုးအစားအပေါ် မူတည်ပြီး သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယင်းသို့ ဆောင်ရွက်မည့် အခြေအနေများကိုလည်း Chubb Life Myanmar Insurance Company ၏ အသက်အာမခံပေါ်လစီရှင်များသို့ "အသိပေးကြေညာချက်" ထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်း၊ Chubb Life Myanmar Insurance Company ကိုလည်း "အာမခံ လုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ" ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်ခင်ဆွေ၏ **မြန်မာနိုင်ငံအတွင်း အာမခံလုပ်ငန်းများ ရပ်ဆိုင်း/ထွက်ခွာသည့်အခါ အာမခံထားသူ ပြည်သူများ၏ ရပိုင်ခွင့်များ မဆုံးရှုံးစေရန် အာမခံကာကွယ်ရေး ရန်ပုံငွေ (Insurance Guarantee Fund) တည်ထောင်ရေးနှင့် လွှဲပြောင်းကာကွယ်ရေးစနစ် ဥပဒေ/ နည်းဥပဒေပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြသည်။

**ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်( ၉ ) ဦးသောင်းရွှေ**က အာမခံလုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဘဝ လုံခြုံစိတ်ချရမှုအတွက် လွန်စွာမှအရေးကြီးသည့် လုပ်ငန်းကဏ္ဍတစ်ခုဖြစ်ပါကြောင်း၊ အာမခံကုမ္ပဏီများ အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းရပ်ဆိုင်းကာ သို့မဟုတ် ပြည်ပကုမ္ပဏီများဖြစ်ပါက ပြည်ပသို့ ထွက်ခွာသွားခြင်းရှိခဲ့ပါက ပြည်သူများ ဆုံးရှုံးနစ်နာမှုများ ရင်ဆိုင်ရနိုင်ပါသောကြောင့် အကာအကွယ်ပေးမည့်စနစ်တစ်ခုရှိရန် လိုအပ်ပါကြောင်း၊ အာမခံလုပ်ငန်း ဈေးကွက်တည်ငြိမ်ရန် အာမခံကုမ္ပဏီများသည် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုရရှိရန် ဥပဒေကြောင်းအရ အာမခံချက်ရှိရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံတွင် အာမခံကာကွယ်ရေး ရန်ပုံငွေ တည်ထောင်ရန်နှင့် အာမခံစာချုပ်လွှဲပြောင်း ကာကွယ်ရေးစနစ်ကို ကြိုတင်ပြီးဥပဒေ (သို့မဟုတ်) ပြင်ဆင်ပြဋ္ဌာန်းချက်မျိုးရှိရန် လိုအပ်ပါကြောင်း၊ အာမခံလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခြင်း၊ အလုပ်အကိုင်များ ဖန်တီးနိုင်ခြင်း၊ အခွန်ဝင်ငွေ တိုးပွားလာခြင်း၊ အစိုးရ၏ ဝန်ထုပ်ဝန်ပိုးလျော့နည်းလာခြင်းနှင့်ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံမှုမြင့်မားလာခြင်းတို့မှ တစ်ဆင့် နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ အာမခံလုပ်ငန်းများ ခိုင်မာစွာ ရပ်တည်ဆောင်ရွက်နိုင်ရန်နှင့် အာမခံထားသူ ပြည်သူများ၏ ရပိုင်ခွင့်များ မဆုံးရှုံးစေရန်အတွက် အဆိုအား ထောက်ခံကြောင်း ဆွေးနွေးသည်။

**တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဦးစိုးကြည်** က ပြည်သူများသည် မိမိတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်၊ ကျန်းမာရေးနှင့် စီးပွားရေးလုပ်ငန်းများကို ရုတ်တရက်ကြုံတွေ့လာရမည့်အန္တရာယ်များမှ ကာကွယ်ရန်အတွက် ရေရှည်ရင်းနှီးမြှုပ်နှံပြီး ယုံကြည်စိတ်ချစွာ အပ်နှံထားခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် အာမခံထားသူများ၏ အခွင့်အရေးကို ကြိုတင်ကာကွယ်ပေးနိုင်မည့် စနစ်တစ်ခုတည်ဆောက်ရန် အလွန်အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံ၏ အာမခံပျံ့နှံ့မှု (Insurance Penetration) ၏ ဂျီဒီပီသည် ၀ ဒသမ ၂ ရာခိုင်နှုန်းဝန်းကျင်သို့ ရောက်ရှိနေပြီကို လေ့လာတွေ့ရှိရသဖြင့် မြန်မာနိုင်ငံ၏ အာမခံလုပ်ငန်းဈေးကွက် တိုးတက်လာရန် အလားအလာရှိနေသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ အရှိန်အဟုန်နှင့် ဖွံ့ဖြိုးလာမည့် ဈေးကွက်ကြီး တည်ငြိမ်ရန်အတွက် အဓိကအကျဆုံးအချက်သည် ပြည်သူလူထု၏ ယုံကြည်မှုရရှိရန်ဖြစ်ပါကြောင်း၊ အာမခံလုပ်ငန်းသည် လျော်ကြေးပေးသည့် လုပ်ငန်းတစ်ခုသာမဟုတ်ဘဲ နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသော ဘဏ္ဍာရေးမဏ္ဍိုင်တစ်ခုဖြစ်ပါကြောင်း၊ အာမခံဈေးကွက်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခြင်း၊ အလုပ်အကိုင်များ ဖန်တီးနိုင်ခြင်း၊ အခွန်ဝင်ငွေတိုးပွားလာခြင်း၊ အစိုးရ၏ ဘဏ္ဍာရေး ဝန်ထုပ်ဝန်ပိုး လျော့နည်းလာခြင်းနှင့် ပြည်သူများ၏ ဘဝလုံခြုံရေးမြင့်မားလာခြင်းတို့မှ တစ်ဆင့် နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုပါကြောင်း၊ ပုဂ္ဂလိကနှင့် နိုင်ငံခြားအာမခံကုမ္ပဏီများ ဝင်ရောက်လာမှု၊ နိုင်ငံတကာ ကြီးကြပ်ရေးစံနှုန်းများနှင့် အာမခံထားသူကာကွယ်ရေး လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် လက်ရှိဥပဒေကို ပြင်ဆင်ခြင်း (သို့မဟုတ်) ခေတ်မီအာမခံလုပ်ငန်း ဥပဒေသစ်တစ်ရပ် ပြဋ္ဌာန်းနိုင်ရန်အတွက်အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ် (၈) ဦးတင်မောင်ဝင်း**က အဆိုသည် ပြည်သူကို ကာကွယ်ရန် ရည်ရွယ်ချက်ကောင်းများရှိသော်လည်း လက်ရှိမိမိတို့နိုင်ငံ၏ စီးပွားရေးအခြေအနေနှင့် အာမခံဈေးကွက် အခင်းအကျင်းအရ လက်တွေ့အကောင်အထည်ဖော်ရန် အချိန်အခါ မကျသေးဘဲ ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအပေါ် ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ၁၉၉၆ ခုနှစ် ဇွန် ၂၄ ရက်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၆/၉၆ ဖြင့် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကိုပြဋ္ဌာန်းထားပြီး ဖြစ်ပါကြောင်း၊ ဥပဒေ၏ အခန်း(၄) တွင် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ (IBRB)ကို အခိုင်အမာဖွဲ့စည်းပြီး ဖြစ်ပါကြောင်း။

ထို့ကြောင့် ဥပဒေအသစ်၊ ရန်ပုံငွေအသစ် ထပ်မံတည်ထောင်ပြီး ဗျူရိုကရေစီယန္တရား ထပ်ချဲ့မည့်အစား လက်ရှိကြီးကြပ်ရေးအဖွဲ့က အာမခံကုမ္ပဏီများ၏ ရန်ပုံငွေအခြေအနေကို ပိုမိုတင်းကျပ်စွာ စစ်ဆေးရန်နှင့် ကုမ္ပဏီများ ဒေဝါလီမခံရအောင် ကြိုတင်ကာကွယ်သည့် မူဝါဒများကိုသာ အားဖြည့်သင့်ပါကြောင်း၊ ဥပဒေအသစ်များ ထပ်တိုးပြီး စည်းမျဉ်းများ ရှုပ်ထွေးအောင်လုပ်မည့်အစား လက်ရှိစနစ်ကို ပိုမိုထိရောက်အောင် ကိုင်တွယ်ဖြေရှင်းခြင်းသည် ပိုမိုလက်တွေ့ကျသည့် ဖြေရှင်းနည်းဖြစ်ပါကြောင်းနှင့်အဆိုအား မှတ်တမ်းအဖြစ်သာ ထားရှိသင့်ပါကြောင်း ဆွေးနွေးသည်။

**ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၈) ဦးမင်းမင်းထွန်း** က မြန်မာနိုင်ငံ၏ အာမခံကဏ္ဍတွင် လူဦးရေ၏ ၁ ရာခိုင်နှုန်းအောက်သာ အာမခံထားရှိသေးသည့်အတွက် ပြည်သူများ၏ အာမခံစနစ်အပေါ် ယုံကြည်မှု (Public Trust)သည်

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

အလွန်နုနယ်နေသေးသည့် အနေအထား ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဘဝလုံခြုံရေးအတွက် အာမခံစနစ် ပိုမိုဖွံ့ဖြိုးလာရေး တည်ဆောက်နေရသည့် အချိန်တွင် ဥပဒေကြောင်းအရ အကာအကွယ်မဲ့မှုကြောင့် ပြည်သူများ၏ ယုံကြည်မှုပျက်ပြားသွားပါက ရှိရင်းစွဲ ၁ ရာခိုင်နှုန်းသော ဈေးကွက်ပါ ပြိုလဲသွားနိုင်ပြီး စီးပွားရေးမဏ္ဍိုင်တစ်ခုလုံးကို ထိခိုက်စေမည်ဖြစ်ပါကြောင်း၊ ၁၉၉၆ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်၍ဖြစ်စေ၊ နည်းဥပဒေအသစ်ဖြင့်ဖြစ်စေ ကုမ္ပဏီများ တာဝန်မဲ့ မဆုတ်ခွာနိုင်အောင် ပေါ်လစီလွှဲပြောင်းရေး ဥပဒေစနစ်သစ်ကို အမြန်ဆုံးဖြည့်စွက်ပြဋ္ဌာန်းပေးရန် လိုအပ်ပါကြောင်း။

ယခင် သင်ခန်းစာများအရ ဥပဒေကြောင်းဆိုင်ရာ ပြီးပြည့်စုံသည့် ဘဏ္ဍာရေးအကာအကွယ်မရှိဘဲ စီးပွားရေးနှင့် အာမခံကဏ္ဍ တိုးတက်ရေးကို လုပ်ဆောင်၍ မရနိုင်ပါကြောင်း၊ ထို့ကြောင့် အဆိုရှင် တောင်းဆိုထားသည့် အာမခံကာကွယ်ရေးရန်ပုံငွေ (Insurance Guarantee Fund) တည်ထောင်ခြင်းနှင့် ပေါ်လစီများ လွှဲပြောင်းကာကွယ်ရေးဆိုင်ရာ ဥပဒေ/နည်းဥပဒေများကို တိကျစွာ ပြဋ္ဌာန်းခြင်းဖြင့် မိဘပြည်သူများ၏ အာမခံငွေကြေးများကို တိုက်ရိုက်ကာကွယ်ပေးနိုင်မည့် တိကျခိုင်လုံသော အဖြေဖြစ်ပါသဖြင့် ပြည်ထောင်စုအစိုးရအနေဖြင့် မဖြစ်မနေ အကောင်အထည်ဖော်ပေးပါရန် အဆိုအားထောက်ခံဆွေးနွေးသည်။

**မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဦးကျော်တင့်**က မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ် အာမခံလုပ်ငန်းဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၂၇/၂၀၁၉) တွင် အတိအလင်းပြဋ္ဌာန်းထားပြီး ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ပြဋ္ဌာန်းခဲ့သော်လည်း ယနေ့အထိ ရန်ပုံငွေ တည်ထောင်ခြင်း မရှိသေးသည့်အပြင် ဆက်စပ်နည်းဥပဒေများကိုလည်း ထုတ်ပြန်ခြင်း မရှိသေးပါကြောင်း၊ ထို့ကြောင့် (Chubb)ကဲ့သို့ ဖြစ်ရပ်တွင် ပြည်သူများ ဥပဒေကြောင်းအရ အကာအကွယ်မဲ့နေခြင်းဖြစ်ပါကြောင်း၊ ထိုပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်း။

ယခုအဆိုသည် ဥပဒေတစ်ရပ်အသစ် ပြဋ္ဌာန်းရန်မလိုဘဲ လက်ရှိဥပဒေကို ပြန်လည်ဖြည့်စွက်ပြီး အသက်သွင်းရန်သာ လိုအပ်ပါကြောင်း၊ အာမခံကာကွယ်ရေး ရန်ပုံငွေကို ဥပဒေနှင့် အညီတည်ထောင်ပါက ယုံကြည်မှုကို ပြန်လည်တည်ဆောက်နိုင်ခြင်း၊ နိုင်ငံဘဏ္ဍာရေးစနစ်၏ လုံခြုံမှုမြင့်တက်လာခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု အလားအလာ တိုးတက်လာခြင်းစသည့် အကျိုးကျေးဇူးများကို ခံစားလာရမည် ဖြစ်ပါကြောင်း၊ သို့ပါ၍ ပြည်သူများ၏ အာမခံကြေးများမည်သည့်အကြောင်း အမျိုးမျိုးကြောင့် ဆုံးရှုံးခြင်းမရှိစေရန်အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ကရင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) နော်ယုဇနဝါ**က လက်တွေ့အခြေအနေတွင် မြန်မာ့အာမခံလုပ်ငန်းမှ အာမခံထားရှိသော ပြည်သူများအား လျော်ကြေးပေးဆောင်သည့် အချိုးအစားမှာ အလွန်နည်းပါးနေသည်ကို တွေ့ရှိရပါကြောင်း၊ ပြည်သူများအနေဖြင့် မော်တော်ယာဉ်ဆိုင်ကယ်နှင့် အခြားယာဉ်များ၏ လိုင်စင်သက်တမ်းတိုးတိုင်း အာမခံကြေးကို မဖြစ်မနေပေးဆောင်နေရသော်လည်း လက်တွေ့တွင် အာမခံ၏ အကာအကွယ်နှင့် ရပိုင်ခွင့်များကို မရရှိဘဲ အခွန်ပေးဆောင်နေရသကဲ့သို့သာ ဖြစ်နေပါကြောင်း။

အာမခံဥပဒေ၊ နည်းဥပဒေများက ပေးအပ်ထားသော ရပိုင်ခွင့်များကို ပြည်သူများ အပြည့်အဝရရှိစေရန် မြန်မာ့အာမခံလုပ်ငန်းတွင် တာဝန်အရှိဆုံးဖြစ်ပါကြောင်း၊ ရေရှည်တွင် ကမ္ဘာ့ထိပ်တန်းအာမခံကုမ္ပဏီများကဲ့သို့ ဘီလီယံချီကြွယ်ဝချမ်းသာပြီး နှစ်ရာချီ တည်တံ့ရန် မြန်မာ့အာမခံလုပ်ငန်းအတွက် ထပ်မံပြင်ဆင်ပြဋ္ဌာန်းရန် လိုအပ်သော ဥပဒေ၊ နည်းဥပဒေများကို ခေတ်နှင့်အညီ ထပ်မံပြဋ္ဌာန်းပေးရမည်ဖြစ်ပါကြောင်း၊ ဥပဒေပါ ပြစ်ဒဏ်နှင့်ဒဏ်ကြေးများသည်လည်း ခေတ်နှင့်လျော်ညီခြင်း မရှိပါကြောင်း၊ မြန်မာ့အာမခံလုပ်ငန်းမှ ဘီလီယံချီ နိုင်ငံ့အခွန်များရရှိစေရန် ပြည်တွင်းပြည်ပမှ ငွေကြေးဆိုင်ရာ ပညာရှင်များ၊ အဖွဲ့အစည်းများ၏ အကူအညီရယူပြီး မူဝါဒလမ်းစဉ်များ၊ ဥပဒေနည်းဥပဒေများနှင့် နည်းဗျူဟာများ တိတိကျကျ လုပ်ကိုင်ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က မြန်မာနိုင်ငံအတွင်း အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရ အာမခံကုမ္ပဏီများထံမှ အာမခံဝယ်ယူထားသော ပြည်သူများ၏ ရပိုင်ခွင့်များကို အကာအကွယ်ပေးနိုင်ရန်အတွက် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသည့် အာမခံကုမ္ပဏီများသည် အာမခံလုပ်ငန်း လုပ်ကိုင်ခွင့် နည်းဥပဒေများ၊ နည်းဥပဒေ ၇ (က) နှင့် ၇ (ခ) တို့တွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ ၎င်းတို့ ထည့်ဝင်သည့် မတည်ရင်းနှီးငွေ၏ ၁၀ ရာခိုင်နှုန်းနှင့် ညီမျှသောငွေကို မြန်မာ့စီးပွားရေးဘဏ်တွင် စာရင်းဖွင့်လှစ်ထည့်သွင်းထားရှိရမည်ဖြစ်ပြီး ၎င်းမတည်ရင်းနှီးငွေ၏ ၃၀ ရာခိုင်နှုန်းကို အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ အမည်နှင့် ပူးတွဲ၍ အစိုးရငွေတိုက်စာချုပ်များ ဝယ်ယူထားရှိရပါကြောင်း။

အာမခံထားသူ ပြည်သူများမှ ၎င်းတို့ဝယ်ယူသည့် အာမခံပေါ်လစီများအတွက် ပေးသွင်းထားသော ပရီမီယံအလိုက် အာမခံပေါ်လစီပါ ရပိုင်ခွင့်နှင့် အကျိုးခံစားခွင့်များ မဆုံးရှုံးစေရန် အာမခံကုမ္ပဏီများအနေဖြင့် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က ၂၀၂၄ ဒီဇင်ဘာ ၂၇ ရက်တွင် ထုတ်ပြန်သည့် "အာမခံစာရင်းဆိုင်ရာ ညွှန်ကြားချက်" တွင် ပါဝင်သည့် ပေါ်လစီများ၏ အနာဂတ်တွင် ပေးချေရန် တာဝန်ရှိမှုအတွက် အာမခံတွက်ချက်မှုဆိုင်ရာ လျာထားချက်များ (Technical Provision) ကိုပေးရန် တာဝန်ရှိမှု အပိုင်းတွင် သီးသန့်လျာထားရမည်" ဟု ဖော်ပြချက်နှင့်အညီ အာမခံကုမ္ပဏီများမှ ပေးလျော်ရန်ရှိမှုအဖြစ် စာရင်းထည့်သွင်းလျာထားရပါကြောင်း။

အာမခံလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေအခန်း (၄) "ကြီးကြပ်ရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ" ပုဒ်မ ၇၊ ပုဒ်မခွဲ (ဆ) တွင် "လိုအပ်ပါက အသက်အာမခံပေါ်လစီရှင်များအား ကာကွယ်ရန် ရန်ပုံငွေကို ထူထောင်ထားရှိစေခြင်းနှင့် အခြားသင့်လျော်သောနည်းများဖြင့် အရေးယူဆောင်ရွက်ခြင်း" ဟု ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါကြောင်း။

အဆိုရှင်၏ အဆိုတွင်ပါဝင်သည့် "အာမခံကာကွယ်ရေးရန်ပုံငွေ တည်ထောင်ခြင်းနှင့် လွှဲပြောင်းကာကွယ်ရေးစနစ် ဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းရန်ကိစ္စနှင့် ပတ်သက်၍ အာမခံလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေနှင့် နည်းဥပဒေများတွင် ပြဋ္ဌာန်းထားရှိပြီးဖြစ်သော်လည်း လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေရှိသည့်အချက်များကို နည်းဥပဒေတွင် ထပ်မံပြင်ဆင်ဖြည့်စွက်နိုင်ရေးအတွက်လည်းကောင်း၊ လိုအပ်သည့် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရေးအတွက်လည်းကောင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့အနေဖြင့် အာမခံထားရှိသူ ပေါ်လစီရှင်များ နစ်နာမှုမရှိစေရေးအတွက် အာမခံကာကွယ်ရေးရန်ပုံငွေ ထူထောင်ထားရှိရန် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ဆ) ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ခြင်းနှင့် ပေါ်လစီများ လွှဲပြောင်းပေးနိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန်အတွက် ကနေဒါ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဗြိတိန်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့၏ အာမခံရန်ပုံငွေများ (Industry Funded) သဘောသဘာဝ၊ ရန်ပုံငွေထည့်ဝင်မှုပုံစံ၊ အခြေခံသဘောတရားများ (Principles) ကို လေ့လာဆန်းစစ်ခြင်း ပြုလုပ်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါ လေ့လာဆန်းစစ်ခြင်း ပြုလုပ်ပြီးပါက အာမခံထားသူ ပြည်သူများ၏ ရပိုင်ခွင့်များ မဆုံးရှုံးစေရန် အသက်အာမခံ ပေါ်လစီရှင်များအား ကာကွယ်ရန် ရန်ပုံငွေ (Fund for the Protection of Life Assurance Policy–holders) ကို အာမခံလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တည်ထောင်သွားနိုင်ရန် "မြန်မာနိုင်ငံအာမခံအသင်း" နှင့် ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားအား မေးမြန်းရာ အဆိုရှင်က အဆိုအား အတည်ပြုပေးပါရန် ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုအား အတည်ပြုရန် လွှတ်တော်၏ အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် အဆိုအား အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ပဉ္စမနေ့ကို အောက်တိုဘာ ၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

# အမျိုးသမီးရေးရာဝန်ကြီးဌာနက ရေဘေးသင့်အိမ်ထောင်စု ၄၅၅ စုမှ အမျိုးသမီးများအတွက် အမျိုးသမီးသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၈**

အမျိုးသမီးရေးရာဝန်ကြီးဌာနက ရောဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရေဘေးသင့်အိမ်ထောင်စု ၂၈၀၊ လူဦးရေ ၄၀၀ နှင့် ရေကြည်မြို့နယ်မှ အိမ်ထောင်စု ၁၇၅ စု၊ လူဦးရေ ၃၅၀ စုစုပေါင်း ရေဘေးသင့် အိမ်ထောင်စု ၄၅၅ စုမှ အမျိုးသမီးများအတွက် အမျိုးသမီးသုံးပစ္စည်းများ (Dignity Kits)၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ဆန်၊ ဆီ၊ ကုလားပဲ စသည့် စားသောက်ကုန်များကို ယနေ့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



အဆိုပါ ထောက်ပံ့ပစ္စည်းများကို အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ဇင်သည် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာ ဥက္ကဋ္ဌတို့နှင့် အတူ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

**အားပေးစကားပြောကြား**

ထိုသို့ သွားရောက်ထောက်ပံ့စဉ် ပြည်ထောင်စုဝန်ကြီးက ရေဘေးသင့် မိသားစုများ၏ လိုအပ်ချက်များကို သိရှိနိုင်ရန်၊ အရေးပေါ်ကာလကို ကျော်လွန်ပြီး ပြန်လည်ထူထောင်ရေးအတွက် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဆောင်ရွက်လိုပါက တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီပေးရန် လာရောက်ခြင်း ဖြစ်ကြောင်း အားပေးစကား ပြောကြားသည်။

ထို့အတူ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးတို့ကလည်း ရေဘေးသင့်ပြည်သူများကို အားပေးစကား ပြောကြားကြသည်။

အဆိုပါ ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ရေကြည်မြို့ရှိ Bella Interiors Company Limited နှင့် ဒေသခံအမျိုးသမီးများအတွက် ကြိမ်လုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သရက်မြို့၌ မိုးနှောင်းချည်မျှင်ရှည်ဝါ တိုးချဲ့စိုက်တောင်သူများအား ကွန်ပေါင်းမြေဩဇာထောက်ပံ့

**သရက် စက်တင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ မိုးနှောင်းချည်မျှင်ရှည်ဝါ တိုးချဲ့စိုက်ပျိုးသော တောင်သူများနှင့် မျိုးစေ့ထုတ်တောင်သူများအား သွင်းအားစု ကွန်ပေါင်းမြေဩဇာ ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့က မြို့နယ်စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင် ပြုလုပ်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုကဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများကို အချိန်ကိုက်၊ အချိုးကျသုံးစွဲရန် ပြောကြားသည်။ ထို့နောက် ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက သွင်းအားစု ကွန်ပေါင်းမြေဩဇာများထောက်ပံ့ပေးရခြင်း ရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးတို့က တောင်သူများအား ရှစ်ကေလျှင် တစ်အိတ်နှုန်းဖြင့် ကွန်ပေါင်းမြေဩဇာ အိတ် ၃၀ ကို အခမဲ့ထောက်ပံ့ပေးအပ်ခဲ့သည်။

**မောင်လုလင်(သရက်)**



# ဒေသခံတိုင်းရင်းသားပြည်သူများအတွက် အမှန်တကယ်အကျိုးပြုမည့်လုပ်ငန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်သွားရန် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် မှာကြား

**နေပြည်တော် စက်တင်ဘာ ၂၈**

ဘဏ္ဍာနှစ်အလိုက် လျာထားလုပ်ငန်းများဆောင်ရွက်ရာတွင် နယ်မြေဒေသတည်ငြိမ်အေးချမ်းပြီး ဒေသခံတိုင်းရင်းသား ပြည်သူများအတွက် အမှန်တကယ်အကျိုးပြုမည့်လုပ်ငန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်သွားရန် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က ယမန်နေ့မွန်းလွဲပိုင်းက မြစ်ကြီးနားမြို့ရှိ ကချင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံစဉ် မှာကြားခဲ့သည်။ **(အောက်ပုံ)**

အဆိုပါတွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် မြစ်ကြီးနားမြို့ ဧရာရပ်ကွက်ရှိ ကချင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဝန်ထမ်းအိမ်ရာကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် မိသားစုဝင်များကို အားပေးစကားပြောကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့အတူ မြစ်ကြီးနားမြို့ရှိ အမှတ်(၂) နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများအား ဘက်စုံထူးချွန်သူများ၊ ဗလငါးတန်နှင့် ပြည့်စုံပြီး နိုင်ငံတော်အတွက် အားကိုးအားထားပြုရသည့် နိုင်ငံ့သားကောင်းများဖြစ်လာစေရေး၊ စာပေပညာရပ်များအပြင် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်ပြီး ယုံကြည်ချက်၊ ခံယူချက်၊ အတွေးအခေါ်နှင့် ဆင်ခြင်တုံတရားမြင့်မားလာစေရေးတို့ကို အလေးထားလေ့ကျင့်သင်ကြားပေးကြရန်မှာကြားကာ ချီးမြှင့်ငွေများ ပေးအပ်သည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်အတူ ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ တိုင်းရင်းသားအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ အမှတ် (၁) နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ဝန်ထမ်းများ၊ ကျောင်းသူများနှင့် သွားရောက်တွေ့ဆုံပြီး ကျောင်းဝင်းအတွင်းရှိ အိပ်ဆောင်၊ စာကြည့်တိုက်၊ စတိုဆောင်တို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်သူ့စာကြည့်တိုက်များအတွက် "သိပ္ပံပညာရှင်များနှင့် ခေတ်မီဒစ်ဂျစ်တယ်နည်းပညာဆောင်းပါးများ" စာအုပ် ၁၀၀ နှင့် "သိမှတ်ဖွယ်ရာသုတအဖြာဖြာ" စာအုပ် ၁၀၀ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ပြည်သူ့စာကြည့်တိုက်များအတွက် စာရေးဆရာ ပါမောက္ခ ဒေါက်တာသန့်စင် (ရူပဗေဒ) ရေးသားသည့် "သိပ္ပံပညာရှင်များနှင့် ခေတ်မီဒစ်ဂျစ်တယ်နည်းပညာ ဆောင်းပါးများ" နှင့် "သိမှတ်ဖွယ်ရာ သုတအဖြာဖြာ" စာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

စာအုပ်များ ပေးအပ်လှူဒါန်းပွဲတွင် စာရေးဆရာ ပါမောက္ခ ဒေါက်တာသန့်စင် (ရူပဗေဒ)က ယခုစာအုပ်များ လှူဒါန်းရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ကလေးငယ်များ၊ လူငယ်များ၊ လူကြီးများ စာပေဖတ်ရှုလာစေရန်၊ စာအုပ်နှင့် ရင်းနှီးလာစေရန်နှင့် စာဖတ်ရှုခြင်းမှတစ်ဆင့် အသိပညာ၊ ဗဟုသုတနှင့် စူးစမ်းလေ့လာလိုစိတ်များ တိုးပွားလာစေရန် ဖြစ်ကြောင်း၊ စာအုပ်တစ်အုပ် လှူဒါန်းခြင်းသည် စာအုပ်တစ်အုပ်ကို ပေးအပ်ခြင်းသာမက ကလေးများ၏ အသိပညာ ရှာဖွေလေ့လာမှုအတွက် အထောက်အကူပြုသည့် အခြေခံအရင်းအမြစ်တစ်ရပ်ကို ဖြည့်ဆည်းပေးခြင်း ဖြစ်ပါကြောင်း၊ သိပ္ပံပညာ၊ နည်းပညာ၊ သုတေသနနှင့် စာကြည့်တိုက်ဆိုင်ရာ အကြောင်းအရာများကို ကလေးများနှင့် လူငယ်များ နားလည်လွယ်ကူစေရန် ရေးသားထားသည့် စာအုပ်များ ဖြန့်ဝေလှူဒါန်းခြင်းဖြင့် အသိပညာရှာဖွေလိုစိတ်နှင့် လေ့လာစူးစမ်းလိုစိတ်များ ပိုမိုရှင်သန်လာစေရန် ရည်ရွယ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာရေးဆရာ ပါမောက္ခ ဒေါက်တာသန့်စင် (ရူပဗေဒ)နှင့် We Channel Company Limited Managing Director ဒေါ်သီရိအောင်တို့က "သိပ္ပံပညာရှင်များနှင့် ခေတ်မီဒစ်ဂျစ်တယ် နည်းပညာဆောင်းပါးများ"စာအုပ် အုပ်ရေ ၁၀၀ နှင့် "သိမှတ်ဖွယ်ရာ သုတအဖြာဖြာ" စာအုပ်အုပ်ရေ ၁၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။




ထို့အတူ ပြည်ထောင်စုဝန်ကြီးက ယနေ့ခေတ်သည် ဒစ်ဂျစ်တယ်နည်းပညာ ကူးပြောင်းတိုးတက်နေသော ခေတ်ကာလဖြစ်သည်နှင့်အညီ ယနေ့လှူဒါန်းပေးသည့် "သိပ္ပံ ပညာရှင်များနှင့် ခေတ်မီဒစ်ဂျစ်တယ်နည်းပညာ ဆောင်းပါးများ"နှင့် "သိမှတ်ဖွယ်ရာသုတအဖြာဖြာ" စာအုပ်များသည် စာဖတ်ပရိသတ် ပြည်သူများနှင့် လူငယ်များအတွက် နည်းပညာဆိုင်ရာ ဗဟုသုတအသစ်များကို တိုးပွားစေမည်ဖြစ်ပြီး ပြည်သူ့စာကြည့်တိုက်များသို့ ပေးပို့၍ ပြည်သူများ အလွယ်တကူဖတ်ရှုနိုင်စေရေး အခမဲ့ ငှားရမ်းပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ပြည်သူ့စာကြည့်တိုက်များ၊ ရပ်ကွက်/ ကျေးရွာစာကြည့်တိုက်များတွင် ခေတ်စနစ်နှင့် လျော်ညီသည့် သုတ/ရသ စာအုပ်စာစောင် အသစ်များတိုးပွားအောင် ဖြည့်တင်းပေးမှသာ စာဖတ်ပရိသတ်များ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်များ၏ စာဖတ်လိုစိတ်နှင့် လေ့လာလိုစိတ်ကို ပိုမိုလှုံ့ဆော်ဖန်တီးပေးနိုင်မည်ဖြစ်ပါကြောင်း။

စာဖတ်မှု၊ စာပေထွန်းကားမှု ယဉ်ကျေးသိမ်မွေ့ပြီး အသိအမြင် ဗဟုသုတပြည့်စုံသည့် လူမျိုး၊ လူ့ပတ်ဝန်းကျင်နှင့် နိုင်ငံ၏ လူ့စွမ်းအား အရင်းအမြစ်များဖြစ်သည့် ပညာရှင်များ ပေါ်ထွက်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်သည့် လူမျိုး၊ ဖွံ့ဖြိုးတိုးတက်သည့် လူ့ပတ်ဝန်းကျင်၊ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်လာစေရေးနှင့် နိုင်ငံအတွင်း၌ တိုးတက် ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေး အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် စာအုပ်စာပေများမှတစ်ဆင့် အသိပညာ ဗဟုသုတများ စဉ်ဆက်မပြတ်ဖတ်ရှုလေ့လာနိုင်သည့် အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ရေး စေတနာရှင် အလှူရှင်များ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြစေ လိုကြောင်း ပြောကြားသည်။

အဆိုပါ စာအုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ပြည်သူ့စာကြည့်တိုက်များသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❂ *ကျောဖုံးမှ*

ပေါ်တူဂီအသင်းတွင် အဓိက တိုက်စစ်ကစားသမား စီရော်နယ်ဒိုပါဝင်လာခြင်းမရှိဘဲ ရာမိုစ်၊ ဖီးလစ်တို့ ဦးဆောင်ကာ နော်ဝေအသင်းကို ရင်ဆိုင်လာခဲ့သည်။ နော်ဝေအသင်းသည် ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေး ဖန်တီးမှုအသာဖြင့် ပေါ်တူဂီအသင်းကို ပွဲချိန်ပြည့်သည်အထိ အခက်တွေ့အောင် ကစားနိုင်ခဲ့သည်။

ပွဲချိန် ၅၈ မိနစ်တွင် ပေါ်တူဂီအသင်းအတွက် ရာမို့စ်က တတိယဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဗွီအေအာရ်က ပယ်ဖျက်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။ ပေါ်တူဂီအသင်းသည် ယခုနိုင်ပွဲကြောင့် နေးရှင်းလိဂ် (က) အုပ်စု ၄ တွင် နှစ်ပွဲကစား နှစ်ပွဲနိုင် ရမှတ်ခြောက်မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။ နော်ဝေအသင်းက တစ်ပွဲနိုင် တစ်ပွဲရှုံး ဒိန်းမတ်အသင်းနှင့် ရမှတ် သုံးမှတ်တူ ဂိုးကွာခြားချက်အသာဖြင့် ဒုတိယနေရာတွင် ရပ်တည်နေသည်။

နေးရှင်းလိဂ် (က) အုပ်စု ၂ မှ နာမည်ကြီး ဂျာမနီနှင့် ဂရိအသင်းပွဲစဉ်တွင် ဂရိအသင်းက တစ်ဂိုး – ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။ ဂရိအသင်းသည် ဂျာမနီအသင်း၏ ဖိအားပေးကစားမှုအောက် ရုန်းကန်ခဲ့ရသော်လည်း အခွင့်အရေးကို အမိအရအသုံးချပြီး သွင်းဂိုးအဖြစ်ပြောင်းလဲကာ အရေးပါသည့် နိုင်ပွဲရလဒ်ကို ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ **အောင်ဇော်**

# ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ငဝန်တာကျိုးပေါက်မှုနှင့် ဆက်စပ်ရေဘေးသင့် ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ငဝန်တာကျိုးပေါက်မှုနှင့် ဆက်စပ်ရေဘေးသင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ယနေ့မွန်းလွဲပိုင်းတွင် သီလဝါ အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံသည့် "နိုင်ငံ ၂၂ နိုင်ငံ၏ ကုမ္ပဏီ ၅၇ ခု" က ငွေကျပ် ၄၃၁၅၁၀၀၀၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက် ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **သတင်းစဉ်**



# အီလက်ထရောနစ် စွန့်ပစ်ပစ္စည်းများ စနစ်တကျစီမံခန့်ခွဲရေးနှင့် ပတ်လည်စီးပွားရေး၏ အခန်းကဏ္ဍ

**အီလက်ထရောနစ် စွန့်ပစ်ပစ္စည်းများ**

**အီလက်ထရောနစ်စွန့်ပစ်ပစ္စည်းများ (Electronic Waste/ E-waste/ Waste Electrical and Electronic Equipment – WEEE) ဆိုသည်မှာ ယေဘုယျအားဖြင့် စွန့်ပစ်ထားသော၊ အသုံးမပြုတော့သော ဟောင်းနွမ်းပျက်စီးနေသည့် လျှပ်စစ် သို့မဟုတ် အီလက်ထရောနစ်ပစ္စည်းအမျိုးမျိုးကို ဆိုလိုပါသည်။**

အဆိုပါပစ္စည်းများတွင် ဘက်ထရီဖြင့် အသုံးပြုရသော ကလေးကစားစရာများ၊ စွန့်ပစ်ထားသော ရုပ်မြင်သံကြားစက်များ၊ အသုံးမပြုတော့သည့် စမတ်ဖုန်းအဟောင်းများ၊ အသုံးဝင်မှု သက်တမ်းကုန်ဆုံးသွားသော မီးဖိုချောင်သုံး လျှပ်စစ်ပစ္စည်းများနှင့် ရေချိန်စက်များ စသည်တို့ ပါဝင်ပါသည်။ တစ်နည်းအားဖြင့် လက်ရှိသုံးစွဲသူအတွက် အဆင်မပြေဖြစ်စေသော၊ အသုံးပြု၍ မရတော့သော လျှပ်စစ်စွန့်ပစ်ပစ္စည်းများ ဖြစ်ပါသည်။

တချို့သော လျှပ်စစ် သို့မဟုတ် အီလက်ထရောနစ် အစိတ်အပိုင်းများ အမြဲတမ်းတပ်ဆင်ထားသော ပစ္စည်းများသည် ရုတ်တရက်ကြည့်လျှင် လျှပ်စစ်ပိုင်းဆိုင်ရာပစ္စည်းကိရိယာများဟု မထင်ရသော်လည်း အမှန်စင်စစ် လျှပ်စစ်ပိုင်းဆိုင်ရာ ပစ္စည်းကိရိယာများ ဖြစ်သည်။ ဥပမာအားဖြင့် မီးလင်းသောအောက်ခံပါသည့် ဖိနပ်များ၊ လျှပ်စစ်ဖြင့် ချိန်ညှိနိုင်သော အိပ်ရာအောက်ခံပြားများနှင့် အတွင်းပိုင်းတွင် မီးအလင်းရောင် စနစ် တပ်ဆင်ထားသော ဗီရိုများ၊ အင်တင်နာများ၊ လျှပ်စစ်ကြိုးများ၊ အဒက်တာများ (adapters)၊ ပလပ်ပေါက်များနှင့် ပလပ်များ စသည်တို့ ပါဝင်ပါသည်။

**သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ**

အီလက်ထရောနစ် စွန့်ပစ်ပစ္စည်းများတွင် ကြေးနီ၊ အလူမီနီယမ်၊ သံ၊ ရွှေ၊ ငွေ၊ ပလက်တီနမ်နှင့် ရှားပါးမြေဒြပ်စင်သတ္တုများကဲ့သို့ တန်ဖိုးရှိသော ပစ္စည်းများ ပါဝင်သကဲ့သို့ ခဲ၊ ပြဒါး၊ ကက်ဒမီယမ် (Cadmium)၊ ဟက်ဇာဗာလက် ခရိုမီယမ် (Hexavalent Chromium) နှင့် တချို့သော အန္တရာယ်ရှိ ဓာတုပစ္စည်းများလည်း ပါဝင်နိုင်ပါသည်။ ထို့ကြောင့် စနစ်တကျမစွန့်ပစ်ပါက ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးများ အောက်ဖော်ပြပါအတိုင်း ဖြစ်ပေါ်စေနိုင်ပါသည်-

**၁။ မြေဆီလွှာညစ်ညမ်းမှု**

အီလက်ထရောနစ် စွန့်ပစ်ပစ္စည်းများကို အမှိုက်ပုံများတွင် စုပုံစွန့်ပစ်ခြင်း သို့မဟုတ် မြေမြှုပ်ခြင်း ပြုလုပ်ပါက အတွင်းရှိလေးလံသော သတ္တုများနှင့် အန္တရာယ်ရှိဓာတုပစ္စည်းများက အချိန်ကြာလာသည်နှင့်အမျှ မြေဆီလွှာထဲသို့စိမ့်ဝင်နိုင်ပါသည်။ ဥပမာ- ခဲ၊ ပြဒါး၊ ကက်ဒမီယမ်၊ ခရိုမီယမ်တို့သည် မြေဆီလွှာ၏ အရည်အသွေးကို ထိခိုက်စေနိုင်ပါသည်။ ထိုသို့ ညစ်ညမ်းသောမြေတွင် စိုက်ပျိုးသည့်သီးနှံများမှတစ်ဆင့် အဆိပ်အတောက်များသည် အစားအစာကွင်းဆက်အတွင်းသို့ ဝင်ရောက်နိုင်ပါသည်။

**၂။ ရေအရင်းအမြစ်များ ညစ်ညမ်းခြင်း**

အီလက်ထရောနစ် စွန့်ပစ်ပစ္စည်းများမှ အန္တရာယ်ရှိပစ္စည်းများသည် မိုးရေနှင့်အတူ မြေဆီလွှာအတွင်းသို့ စိမ့်ဝင်ပြီး မြေအောက်ရေကို ညစ်ညမ်းစေနိုင်ပါသည်။ ထို့အပြင် အမှိုက်ပုံများမှ စီးဆင်းလာသော ရေဆိုးများသည် ချောင်း၊ မြစ်၊ ကန်များ အတွင်းသို့ ဝင်ရောက်နိုင်ပါသည်။ ဤသို့ဖြစ်ပေါ်ပါက မြေညစ်ညမ်းမှု၊ မြေအောက်ရေ ညစ်ညမ်းမှု၊ မြစ်/ချောင်း ညစ်ညမ်းမှုများဖြစ်ပေါ်ပြီး ရေနေသတ္တဝါများ ထိခိုက်မှုဟူသော သက်ရောက်မှု ကွင်းဆက်ဖြစ်ပေါ်နိုင်ပါသည်။

**၃။ လေထုညစ်ညမ်းမှု**

အီလက်ထရောနစ် စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးချရန် စနစ်တကျနည်းလမ်း မသုံးဘဲ မီးရှို့ခြင်းသည် အလွန်အန္တရာယ်ရှိပါသည်။ ဥပမာ ပလတ်စတစ်နှင့် အီလက်ထရောနစ်အစိတ်အပိုင်းများကို မီးရှို့ပါက အဆိပ်အတောက်ရှိသော မီးခိုးများ၊ အလွန်သေးငယ်သည့် အမှုန်အမွှားများ($PM_{2.5}$)၊ လေးလံသောသတ္တု အမှုန်အမွှားများ (Heavy-metal particulates)၊ ဒိုင်အောက်ဆင်း (Dioxins)၊ ဖူရန်များ (Furans)နှင့် အခြားအန္တရာယ်ရှိသော ဓာတုပစ္စည်းများ ထွက်ရှိနိုင်ပြီး လေထုအရည်အသွေးကို ဆိုးဝါးစွာ ထိခိုက်စေနိုင်ပါသည်။

**၄။ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များအပေါ် သက်ရောက်မှု**

မြေ၊ ရေနှင့် လေထုညစ်ညမ်းမှုများသည် ဂေဟစနစ်ကိုပါ ထိခိုက်စေနိုင်ပါသည်။ ဥပမာ လျှပ်စစ်စွန့်ပစ်ပစ္စည်းများ ညစ်ညမ်းမှုမှတစ်ဆင့် မြေ/ရေ ညစ်ညမ်းခြင်း၊ အပင်နှင့် အဏုဇီဝများ ထိခိုက်ခြင်း၊ အင်းဆက်နှင့် ရေနေသတ္တဝါများ ထိခိုက်ခြင်း၊ အစားအစာကွင်းဆက် ပြောင်းလဲခြင်းနှင့် ဇီဝမျိုးစုံ မျိုးကွဲများ လျော့နည်းပျောက်ကွယ်ခြင်းများ နိုင်ပါသည်။ အထူးသဖြင့်ရေထဲသို့အဆိပ်အတောက်ဖြစ်စေသော ဓာတုပစ္စည်းများ ဝင်ရောက်ပါက ရေထုညစ်ညမ်းမှု ဖြစ်ပြီး ငါးများနှင့် အခြားရေနေသတ္တဝါများတွင် အဆိုပါ ဓာတုပစ္စည်းများ စုပုံလာခြင်း (Bioaccumulation)နှင့် အဆိပ်အတောက်ဖြစ်စေနိုင်သော ဓာတုပစ္စည်းများ ပမာဏ အစာကွင်းဆက်တစ်လျှောက် ပိုမိုမြင့်မားလာခြင်း (Biomagnification) ဖြစ်ပေါ်နိုင်ပါသည်။

**၅။ လူသားကျန်းမာရေးအပေါ် သွယ်ဝိုက် သက်ရောက်မှု**

အီလက်ထရောနစ် စွန့်ပစ်ပစ္စည်းများသည် သဘာဝပတ်ဝန်းကျင်ကိုသာမက လူသားကျန်းမာရေးကိုပါ ထိခိုက်နိုင်ပါသည်။ အထူးသဖြင့် အီလက်ထရောနစ် စွန့်ပစ်ပစ္စည်းများကို စနစ်တကျမကိုင်တွယ်ဘဲ ဖြိုခွဲခြင်း၊ မီးရှို့ခြင်း သို့မဟုတ် အန္တရာယ်ရှိသော နည်းလမ်းများဖြင့် ပြန်လည်ပြုပြင်အသုံးပြုရာတွင် အလုပ်သမားများနှင့် အနီးဝန်းကျင်နေထိုင်သူများအပေါ် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများ သက်ရောက်နိုင်ပါသည်။

**၆။ သဘာဝသယံဇာတများ ပိုမိုအသုံးပြုရခြင်း**

အီလက်ထရောနစ် စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးချခြင်းမပြုဘဲ စွန့်ပစ်လိုက်ပါက အတွင်းရှိ တန်ဖိုးရှိသောသတ္တုများကို ဆုံးရှုံးရပါသည်။ ဥပမာ မိုဘိုင်းဖုန်းများမှ ကြေးနီ၊ ရွှေ၊ ငွေ၊ အလူမီနီယမ်၊ မြေရှားဓာတ်သတ္တုများကို ပြန်လည်ရယူနိုင်ပါသည်။ ယင်းတို့ကို လျှပ်စစ်စွန့်ပစ်ပစ္စည်းများမှ ပြန်လည်မရယူပါက အီလက်ထရောနစ်ပစ္စည်းများအသစ် ထပ်မံထုတ်လုပ်ရန် သတ္တုတူးဖော်ခြင်းများ ပြုလုပ်ရမည်ဖြစ်ပြီး သစ်တောပြုန်းတီးမှု၊ မြေဆီလွှာပျက်စီးမှု၊ ရေအသုံးများမှုနှင့် စွမ်းအင်သုံးစွဲမှုတို့ ပိုမိုမြင့်တက်လာနိုင်ပါသည်။







> " အစိုးရ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ထုတ်လုပ်သူများနှင့် ပြည်သူများအနေဖြင့် အီလက်ထရောနစ်စွန့်ပစ်ပစ္စည်းများ စုဆောင်းမှုစနစ်များကို ခိုင်မာစေရန်၊ ပတ်ဝန်းကျင်နှင့် ကျန်းမာရေးကို ထိခိုက်မှုနည်းသော ပြန်လည်အသုံးချနည်းပညာများ ဖွံ့ဖြိုးစေရန်၊ ပြည်သူလူထုအသိပညာပေးရေးလုပ်ငန်းများ တိုးမြှင့်စေရန်နှင့် ထုတ်လုပ်သူများအနေဖြင့် ထုတ်ကုန်သက်တမ်းတစ်လျှောက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ စွန့်ပစ်ပစ္စည်းဖြစ်ပေါ်မှုကို လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်အသုံးချခြင်းနှင့် သင့်လျော်စွာစွန့်ပစ်ခြင်းတို့ကို စနစ်တကျပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် အီလက်ထရောနစ် စွန့်ပစ်ပစ္စည်းများကြောင့် ဖြစ်ပေါ်သော ပတ်ဝန်းကျင်ဆိုင်ရာဆိုးကျိုးများကို လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ တန်ဖိုးရှိသော အရင်းအမြစ်များကို ပြန်လည်ရယူအသုံးချပြီး ရေရှည်တည်တံ့သော စီးပွားရေးအခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ် "

**သစ်တောမောင်**

**ပတ်လည်စီးပွားရေး၏ အခန်းကဏ္ဍ**

လူဦးရေတိုးတက်လာမှု၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ နှစ်စဉ်နှစ်တိုင်း အီလက်ထရောနစ်ပစ္စည်းအသစ်များ ပိုမိုများပြားစွာ အသုံးပြုလာကြသည်။ ထို့အတူ တစ်နှစ်ပြီးတစ်နှစ် အီလက်ထရောနစ် စွန့်ပစ်ပစ္စည်းများပမာဏလည်း ပိုမိုတိုးပွားလာလျက်ရှိပါသည်။ အီလက်ထရောနစ် စွန့်ပစ်ပစ္စည်းများသည် ဖွံ့ဖြိုးပြီးနိုင်ငံများသာမက ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း အလျင်မြန်ဆုံး တိုးပွားလာနေသော စွန့်ပစ်ပစ္စည်းအမျိုးအစား ဖြစ်သည်။ အသုံးမပြုတော့သော အီလက်ထရောနစ် စွန့်ပစ်ပစ္စည်းများအဟောင်းများတွင် ရွှေ၊ ငွေ၊ ကြေးနီ၊ ကိုဘော့ (cobalt) နှင့် လစ်သီယမ်ကဲ့သို့သော တန်ဖိုးရှိသော ကုန်ကြမ်းအရင်းအမြစ်များ၊ အထူးသဖြင့် သတ္တုများ ပါဝင်လျက်ရှိသည်။

အဆိုပါတန်ဖိုးရှိသော ကုန်ကြမ်းများကို စွန့်ပစ်လိုက်မည့်အစား ပြန်လည်ရယူပြီး ထုတ်လုပ်မှုလုပ်ငန်းစဉ်အတွင်းသို့ ပြန်လည်ထည့်သွင်းအသုံးပြုခြင်းသည် ပတ်လည်စီးပွားရေး (Circular Economy)၏ သဘောသဘာဝဖြစ်ပါသည်။ တစ်နည်းအားဖြင့် သဘာဝသယံဇာတများကို ထုတ်ယူခြင်း၊ ထုတ်လုပ်ခြင်း၊ အသုံးပြုခြင်း၊ စွန့်ပစ်ခြင်း(Take-Make-Use-Dispose) စီးပွားရေးပုံစံအစား၊ ထုတ်ကုန်များနှင့်ကုန်ကြမ်းများကိုတတ်နိုင်သမျှ အချိန်ကြာကြာ အသုံးပြုခြင်း၊ ပြန်လည်ပြုပြင်ခြင်း၊ ပြန်လည်အသုံးချခြင်း၊ ပြန်လည်ထုတ်လုပ်ခြင်းနှင့် ပြန်လည်အသုံးပြုနိုင်အောင် ပြန်လည်ပြုပြင် ထုတ်လုပ်ခြင်းကို ဆောင်ရွက်သည့် စီးပွားရေးစနစ် ဖြစ်ပါသည်။

အီလက်ထရောနစ် စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စုဆောင်းခြင်း၊ အမျိုးအစားခွဲခြားခြင်း၊ ပြန်လည်ပြုပြင်ခြင်း၊ ပြန်လည်အသုံးချခြင်းစသည်ဖြင့် အန္တရာယ်ရှိပစ္စည်းများကို လုံခြုံစွာစီမံနိုင်သည်။ တန်ဖိုးရှိသော သတ္တုနှင့် ကုန်ကြမ်းများကို ထုတ်လုပ်မှုစက်ဝန်းအတွင်း ပြန်လည်ထည့်သွင်းခြင်းသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို တားဆီးကာကွယ်နိုင်သကဲ့သို့ သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းရန်၊ စွမ်းအင်အသုံးပြုမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျှော့ချရန်နှင့် ပတ်လည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် အရေးကြီးသော နည်းလမ်းတစ်ရပ် ဖြစ်ပါသည်။ အီလက်ထရောနစ် စွန့်ပစ်ပစ္စည်းများသည် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ခုအဖြစ် ရှုမြင်နိုင်သကဲ့သို့ အခြားတစ်ဖက်ကလည်း ကုန်ကြမ်းများ ပြန်လည်ရရှိနိုင်သည့် အရင်းအမြစ်တစ်ခုအဖြစ် ရှုမြင်ပြီး နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုတို့ဖြင့် အကျိုးရှိစွာအသုံးချနိုင်ပါသည်။

*စာမျက်နှာ ၁၁ သို့*

# တောင်ကြီးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ဆောင်ရွက်ထုတ်ပေး



**နေပြည်တော် စက်တင်ဘာ ၂၈**
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အနေဖြင့် အသက် ၁၀ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသည့် ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းနှင့် e-ID စနစ်ဖြင့် UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးများက မြို့နယ်ပညာရေးမှူးရုံးများနှင့် ညှိနှိုင်းကာ အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း ကျောင်းများသို့ ကွင်းဆင်း၍ လမင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် တောင်ကြီးမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ရှမ်းပြည်နယ် တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ အသက် ၁၀ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသည့် ကျောင်းသား ကျောင်းသူများအား လမင်းစီမံချက်ဖြင့် ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးနှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ မိဘဆရာ အသင်းဝင်များနှင့်အတူ သွားရောက်ကြည့်ရှုအားပေးပြီး လမင်းစီမံချက်ဖြင့် နေ့ချင်းပြီး ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID တို့ကို ကာယကံရှင် ကျောင်းသား ကျောင်းသူ တစ်ဦးချင်းထံ ပေးအပ်ပြီး မြို့နယ်ရုံးဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို မြို့နယ်ဦးစီးမှူးထံ ထောက်ပံ့ပေးအပ်ကာ ကျောင်းသား ကျောင်းသူများကို အာဟာရမုန့်များ ဝေငှပေးအပ်သည်။

ထို့နောက်တစ်ဆင့် ရှမ်းပြည်နယ် ဦးစီးမှူးရုံးသို့ သွားရောက်၍ အဆိုပါရုံးခန်းမ၌ ရှမ်းပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဦးစီးမှူးများအား တွေ့ဆုံ၍ နိုင်ငံသား အရည်အချင်းနှင့်ပြည့်မီသူများအား လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်နှင့် UID ထုတ်ပေးခြင်း လုပ်ငန်းကို ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်၍ မှန်ကန်မြန်ဆန်စွာ ထုတ်ပေးရေး၊ ဥပဒေအရ အကျုံးမဝင်သူများကို မှားယွင်းထုတ်ပေးမှုမရှိရေး နေရပ်စွန့်ခွာ ပြောင်းရွှေ့နေထိုင်ကြသူများအတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ် ပြန်လည်ထုတ်ပေးခြင်းကိုလည်း (၅) ဦးကော်မတီဖြင့် စိစစ်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ စိစစ်ဆောင်ရွက်ပေးရေး၊ ရုံးစာရွက်စာတမ်းမှတ်တမ်း မှတ်ရာများ စနစ်တကျ မှတ်တမ်းတင်ရေးသွင်း ထိန်းသိမ်းထားရှိရေး ရှင်းလင်းပြောကြားကာ ဝန်ထမ်းများ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၂၈**
မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"အောက်တန်းကျ ရက်စက်ယုတ်မာတဲ့ နည်းလမ်းမျိုးစုံနဲ့ နိုင်ငံဖျက်ဆီး ပြည်သူကို သတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF များ"** ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် အောက်တိုဘာ ၇ ရက် မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံတွင်း ပညာတတ်လူငယ်ပေါ်ထွန်းလာမှုကို မလိုလား၍ ပညာရေးဝန်ထမ်းများနှင့် အနာဂတ်ကြယ်ပွင့် ကျောင်းသား ကျောင်းသူများကို အကြောင်းမဲ့ ဖမ်းဆီးချုပ်နှောင်နှိပ်စက်သတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF များ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေး တင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်း ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**

## မိုးပိုလာမည်

**နေပြည်တော် စက်တင်ဘာ ၂၈**
မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာမည်။ **မိုး/ဇလ**

*စာမျက်နှာ ၁၀ မှ*

### အီလက်ထရောနစ် စွန့်ပစ်ပစ္စည်းများထွက်ရှိမှု

အီလက်ထရောနစ်ပစ္စည်းများတွင် ပြန်လည်အသုံးချနိုင်သော တန်ဖိုးရှိသည့် ကုန်ကြမ်းအရင်းအမြစ်များ အမျိုးမျိုးပါဝင်ပါသည်။ Global E-waste Monitor 2024 အစီရင်ခံစာအရ ၂၀၂၂ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း အီလက်ထရောနစ် စွန့်ပစ်ပစ္စည်းများ ထွက်ရှိမှုသည် တန်ချိန် ၆၂ သန်း ထွက်ရှိခဲ့ကြောင်းနှင့် စနစ်တကျစုဆောင်းခြင်း၊ ပြန်လည်ပြုပြင်အသုံးပြုမှုနှုန်းမှာ ၂၂ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း ဖော်ပြထားသည်။

၂၀၂၂ ခုနှစ် အချက်အလက်များအပေါ်အခြေခံ၍ တွက်ချက်ထားသော အာဆီယံဒေသတွင်း အီလက်ထရောနစ် စွန့်ပစ်ပစ္စည်းများ၊ မူဝါဒနှင့်လက်တွေ့လုပ်ဆောင်ချက်များဆိုင်ရာ ခြုံငုံသုံးသပ်ချက်အစီရင်ခံစာအရ ၂၀၂၂ ခုနှစ်အတွင်း အာဆီယံဒေသရှိ လူဦးရေ သန်း ၆၈၀ သည် အီလက်ထရောနစ်စွန့်ပစ်ပစ္စည်း တန်ချိန် ၄ ဒသမ ၄ သန်း တိတိကို ထုတ်လုပ်ခဲ့ကြပြီး အဆိုပါပမာဏသည် လူတစ်ဦးလျှင် နှစ်စဉ်စွန့်ပစ်ပစ္စည်း ထုတ်လုပ်မှုနှုန်းထား ပျမ်းမျှ ၆ ဒသမ ၄ ကီလိုဂရမ် ဖြစ်ပါသည်။

အာဆီယံနိုင်ငံများအနက် စင်ကာပူကဲ့သို့သော ဝင်ငွေမြင့်မားသည့် နိုင်ငံများသည် တစ်ဦးလျှင် တစ်နှစ် ၂၀ ဒသမ ၃ ကီလိုဂရမ်နှုန်းဖြင့် အများဆုံး ထုတ်လုပ်လျက်ရှိပြီး ဘရူနိုင်း (၁၉ ဒသမ ၉ ကီလိုဂရမ်) ဒုတိယအများဆုံးနှင့် မလေးရှား (၁၇ ဒသမ ၅ ကီလိုဂရမ်)တို့က တတိယအများဆုံး ထုတ်လုပ်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ တစ်နှစ်တာအတွင်း ထုတ်လုပ်သည့် အီလက်ထရောနစ် စွန့်ပစ်ပစ္စည်းပမာဏမှာ တစ်ဦးလျှင် ၁ ကီလိုဂရမ်မှ ၂ ကီလိုဂရမ်ခန့်သာရှိပြီး ယင်းပမာဏသည် ဒေသတွင်း ပျမ်းမျှပမာဏဖြစ်သည့် ၆ ဒသမ ၄ ကီလိုဂရမ်ထက် များစွာ လျော့နည်းပါသည်။

အာဆီယံ ဒေသတစ်ဝန်းရှိ အီလက်ထရောနစ် စွန့်ပစ်ပစ္စည်းများကို စနစ်တကျပြန်လည်အသုံးပြုမှုနှုန်းမှာ လက်တွေ့အားဖြင့် သုညရာခိုင်နှုန်းသာရှိပြီး ထွက်ရှိလာသော အီလက်ထရောနစ်စွန့်ပစ်ပစ္စည်း စုစုပေါင်း၏ ၁ ရာခိုင်နှုန်းအောက် ပမာဏကိုသာ တရားဝင် သတ်မှတ်ထားသော လုပ်ငန်းစဉ်များမှ တစ်ဆင့် စနစ်တကျစုဆောင်းရယူလျက်ရှိပါသည်ဟု ဆိုပါသည်။

### စနစ်တကျပြန်လည်အသုံးပြုခြင်း လုပ်ငန်းစဉ်များ

အီလက်ထရောနစ် စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးချရာတွင် စက်ပိုင်းဆိုင်ရာ၊ အပူပေးခြင်းဆိုင်ရာနှင့် ဓာတုဗေဒဆိုင်ရာလုပ်ငန်းစဉ်များကို အသုံးပြုကြရပါသည်။ တစ်နည်းအားဖြင့် လျှပ်စစ်စွန့်ပစ်ပစ္စည်းများ ပြန်လည်အသုံးချခြင်း လုပ်ငန်းစဉ်အနေဖြင့် စက်ဖြင့် ကြိတ်ခွဲခြင်း၊ လက်ဖြင့် ရွေးချယ်ခြင်း၊ သံလိုက်ဖြင့် ခွဲထုတ်ခြင်း၊ စစ်ထုတ်ခြင်း၊ အလင်းရောင်နှင့် လေဖိအားခွဲခြားခြင်း၊ ဆေးကြောခြင်းနှင့် သတ္တုဗေဒဆိုင်ရာ လုပ်ငန်းစဉ်များကို ပေါင်းစပ်အသုံးပြု၍ သတ္တု၊ ပလတ်စတစ်နှင့် အခြားတန်ဖိုးရှိသော ကုန်ကြမ်းများကို ပြန်လည်ရယူ အသုံးပြုကြရပါသည်။

သို့သော်လည်း အီလက်ထရောနစ်စွန့်ပစ်ပစ္စည်းများ အများစုတွင် မတူညီသော ပစ္စည်းအမျိုးအစားများစွာ ပါဝင်ခြင်း၊ တချို့သောပစ္စည်းများမှာ အလွန်သေးငယ်သော ပမာဏသာ ပါဝင်လေ့ရှိခြင်း၊ တစ်ခုနှင့်တစ်ခု ခွဲထုတ်၍မရအောင် အခိုင်အမာချိတ်ဆက်တပ်ဆင်ထားခြင်းတို့ကြောင့် အီလက်ထရောနစ် စွန့်ပစ်ပစ္စည်းများကို ခွဲထုတ်၊ ရယူ၊ ပြန်လည်အသုံးချခြင်းသည် နည်းပညာပိုင်းနှင့် စီးပွားရေးပိုင်းအရ စိန်ခေါ်မှုများသော လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။

### မြန်မာနိုင်ငံတွင် လျှပ်စစ်စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှု

မြန်မာနိုင်ငံသည် ၆-၄-၂၀၁၅ ရက်နေ့တွင် ဘေးအန္တရာယ်ဖြစ်စေသော စွန့်ပစ်ပစ္စည်းများနှင့် ယင်းတို့၏ စွန့်ပစ်မှုအား နယ်စပ်ဖြတ်ကျော်သယ်ဆောင်ခြင်းကို ထိန်းချုပ်ခြင်းဆိုင်ရာ ဘာဆယ်ကွန်ဗင်းရှင်း (Basel Convention) သို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပါသည်။ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများကို တင်ပို့ခြင်းနှင့်ပတ်သက်၍ ဘာဆယ်ကွန်ဗင်းရှင်း သတ်မှတ်ချက်နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ၇-၆-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၂၃)ကို အတည်ပြုထုတ်ပြန်ခဲ့ပြီး ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ခြင်းကို ပြည်တွင်းသို့ တင်သွင်းခြင်းနှင့် နိုင်ငံဖြတ်ကျော် သယ်ယူပို့ဆောင်ခြင်းတို့ကို တင်းကျပ်စွာ တားမြစ်ထားပါသည်။

အီလက်ထရောနစ် စွန့်ပစ်ပစ္စည်းများ သီးခြားစုဆောင်းစနစ် တည်ဆောက်ခြင်း၊ ပြန်လည် ပြုပြင်အသုံးပြုမှုမြှင့်တင်ခြင်း၊ တရားဝင် Recycling စက်ရုံများ ဖွံ့ဖြိုးစေခြင်း၊ ထုတ်လုပ်သူ တာဝန်ယူမှု ထုတ်လုပ်သူမှ တာဝန်ယူဖြေရှင်းဆောင်ရွက်ရမည့် သတ်မှတ်ချက် (Extended Producer Responsibility – EPR) စနစ်များ ကျင့်သုံးခြင်းတို့အတွက် စနစ်တကျ စိစစ်ကြီးကြပ်လျက်ရှိပါသည်။

### ပတ်လည်စီးပွားရေးစနစ် ဖွံ့ဖြိုးရေး

အီလက်ထရောနစ် စွန့်ပစ်ပစ္စည်းများသည် ကမ္ဘာတစ်ဝန်းတွင် အလျင်အမြန်တိုးပွားလာနေသော စွန့်ပစ်ပစ္စည်းအမျိုးအစားတစ်ရပ်ဖြစ်ပြီး စနစ်တကျ စီမံခန့်ခွဲမှုမရှိပါက လူသားတို့၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးများဖြစ်ပေါ်စေနိုင်ပါသည်။ သို့သော် အီလက်ထရောနစ်စွန့်ပစ်ပစ္စည်းများကို စနစ်တကျပြန်လည်အသုံးချခြင်းသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်သာမက သဘာဝအရင်းအမြစ်များကို ချွေတာနိုင်ရန်နှင့် ပတ်လည်စီးပွားရေးစနစ် ဖော်ဆောင်ရန်အတွက်လည်း အရေးကြီးသော အခွင့်အလမ်းတစ်ရပ် ဖြစ်ပါသည်။

ထို့ကြောင့် အစိုးရ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ထုတ်လုပ်သူများနှင့် ပြည်သူများအနေဖြင့် အီလက်ထရောနစ် စွန့်ပစ်ပစ္စည်းများ စုဆောင်းမှုစနစ်များကို ခိုင်မာစေရန်၊ ပတ်ဝန်းကျင်နှင့် ကျန်းမာရေးကို ထိခိုက်မှုနည်းသော ပြန်လည်အသုံးချနည်းပညာများ ဖွံ့ဖြိုးစေရန်၊ ပြည်သူလူထုအသိပညာပေးရေး လုပ်ငန်းများ တိုးမြှင့်စေရန်နှင့် ထုတ်လုပ်သူများအနေဖြင့် ထုတ်ကုန်သက်တမ်းတစ်လျှောက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ စွန့်ပစ်ပစ္စည်းဖြစ်ပေါ်မှုကို လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်အသုံးချခြင်းနှင့် သင့်လျော်စွာ စွန့်ပစ်ခြင်းတို့ကို စနစ်တကျပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် အီလက်ထရောနစ် စွန့်ပစ်ပစ္စည်းများကြောင့် ဖြစ်ပေါ်သော ပတ်ဝန်းကျင်ဆိုင်ရာဆိုးကျိုးများကို လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ တန်ဖိုးရှိသော အရင်းအမြစ်များကို ပြန်လည်ရယူအသုံးချပြီး ရေရှည်တည်တံ့သော စီးပွားရေးအခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။ ။

**ကိုးကား**

International Telecommunication Union (ITU) & United Nations Institute for Training and Research (UNITAR), 2024. The Global E-waste Monitor 2024. Geneva and Bonn: ITU and UNITAR.

World Health Organization (WHO), 2021. Children and Digital Dumpsites: E-waste Exposure and Child Health. Geneva: World Health Organization.

Soudachanh, S., & Salhofer, S., 2025. E-waste in ASEAN: An overview of policies and practices. The 11th 3R International Scientific Conference on Material Cycles and Waste Management, Jeju Island, South Korea.

# ကမ္ဘာမြေ၏ သတိပေးသံနှင့် ၂၀၂၅ ခုနှစ် မန္တလေးငလျင်ကြီးအပေါ် ငလျင်ဘူမိဗေဒဆိုင်ရာရှုထောင့်မှ လေ့လာဆန်းစစ်ခြင်း

သန်းလွင် (ဘူမိ)

*(ယမန်နေ့မှအဆက်)*


စစ်ကိုင်းပြတ်ရွှေ့အဆစ်အပိုင်းအလိုက် အတိတ်ငလျင်များလှုပ်ခတ်ခဲ့မှုနှင့် ၂၀၂၅ နှစ် မန္တလေးငလျင်တည်နေရာအား ပုံ(၁)ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံတွင် ၁၈၃၉ ခုနှစ်မှ ၂၀၂၆ ခုနှစ်အတွင်း သမိုင်းတစ်လျှောက် လှုပ်ခတ်ခဲ့သည့် သမိုင်းဝင်အင်အားပြင်းငလျင်ကြီးများကို ပုံ (၂)ဖြင့် လည်းကောင်း ဖော်ပြထားသည်။

### ၂၀၂၅ ခုနှစ် မန္တလေးငလျင်ကြီးကို ဘူမိဗေဒရှုထောင့်မှ ဆန်းစစ်ခြင်း

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော မဂ္ဂနီကျူ ၇ ဒသမ ၇ ရှိသည့် မန္တလေးငလျင်ကြီးသည် ရိုးရိုးသဘာဝဘေးအန္တရာယ် တစ်ခုထက်ပိုသည်ဟု ပြောရမည်ဖြစ်သည်။ အကြောင်းမှာ ယင်းငလျင်သည် မြန်မာနိုင်ငံ၏ ဘူမိဗေဒတည်ဆောက်ပုံနှင့် ကျောက်လွှာချပ်များ ရွေ့လျားမှုစွမ်းအားကို သိပ္ပံနည်းကျ အထင်ရှားဆုံး သက်သေပြလိုက်သည့် ဖြစ်စဉ်တစ်ခုဖြစ်ခြင်းကြောင့် ဖြစ်သည်။ ပြတ်ရွှေ့ဆိုင်ရာမက္ကင်းနစ် (Fault Mechanics) သဘောသဘာဝနှင့် ငလျင်ပညာ (Seismology) ရှုထောင့်မှကြည့်လျှင် ဤငလျင်ကြီးသည် လေ့လာဆန်းစစ်လေ့လာစရာ အလွန်ကောင်းသည့် ဖြစ်စဉ်တစ်ခု ဖြစ်သည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့အကြီးဆုံး မြေထုချပ်ကြီးနှစ်ခုဖြစ်သော အိန္ဒိယမြေထုချပ်နှင့် ယူရေးရှားမြေထုချပ်တို့ ဆုံတွေ့ရာ ထိစပ်ဇုန်တွင်တည်ရှိသည်။ အိန္ဒိယမြေထုချပ်သည် မြောက်ဘက်နှင့် အရှေ့မြောက်ဘက်သို့ တစ်နှစ်လျှင် ၅ စင်တီမီတာခန့်နှုန်းဖြင့် အဆက်မပြတ် တိုးဝင်ရွေ့လျားနေသည်။ ဤရွေ့လျားမှုကြောင့် ထွက်ပေါ်လာသော လျောပြတ်ဖိအားများကို မြန်မာနိုင်ငံအလယ်ပိုင်းရှိ စစ်ကိုင်းပြတ်ရွှေ့ကြောကြီးက အဓိကတာဝန်ယူထိန်းညှိပေးထားသည်။

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်တွင် မန္တလေးမြို့နှင့် စစ်ကိုင်းမြို့၏ အနောက်မြောက်ဘက် ၁၆ ကီလိုမီတာအကွာကို ဗဟိုပြုကာ လှုပ်ခတ်ခဲ့သည့် ငလျင်သည် ဤစစ်ကိုင်းပြတ်ရွှေ့ကြော၏ အလယ်ပိုင်း စစ်ကိုင်းအဆစ်အပိုင်း (Sagaing Segment)တွင် နှစ်ပေါင်းများစွာ စုစည်းနေခဲ့သည့် ဖိအားစွမ်းအင်များ ရုတ်တရက်ကျိုးပျက်ရုန်းထွက်သွားခြင်းဖြစ်သည်။ ဘူမိဗေဒတိုင်းတာချက်များအရ ဤငလျင်သည် မြေအောက် အနက် ၁၀ ကီလိုမီတာခန့်၌သာ ဖြစ်ပွားခဲ့သော ဖောက်တိမ်ငလျင်အမျိုးအစားဖြစ်ရာ ဖောက်တိမ်ငလျင်များ၏ သဘာဝအရ မြေမျက်နှာပြင်သို့ ငလျင်လှိုင်းများ တိုက်ရိုက်သက်ရောက်သဖြင့် ဖျက်ဆီးနိုင်စွမ်း စွမ်းအင်ပိုမိုပြင်းထန်ရခြင်းဖြစ်သည်။




စစ်ကိုင်းပြတ်ရွှေ့အဆစ်အပိုင်းအလိုက် အတိတ်ငလျင်များနှင့် မန္တလေးငလျင် တည်နေရာပြပုံ။ ပုံ(၁)


ဂြိုဟ်တုမြေပုံများနှင့် ရေဒါအချက်အလက် (InSAR)များအရ ဤငလျင်သည် လက်ယာဘေးတိုက်ရွေ့ပြတ်ခြင်းပုံစံဖြင့် လှုပ်ရှားခဲ့သည်။ ငလျင်လှုပ်ခတ်စဉ်အတွင်း မြေမျက်နှာပြင်သည် စက္ကန့်ပိုင်းအတွင်းမှာပင် ၂ ဒသမ ၅ မီတာခန့် ဘေးသို့ ရုတ်တရက်ရွေ့လျားသွားခဲ့ပြီး မြေပြင်အက်ကွဲကြောင်းသည် ကီလိုမီတာ ၄၆၀ မှ ၅၀၀ ခန့်အထိ တောင်နှင့်မြောက် ရှည်လျားစွာ ဖြစ်ပေါ်ခဲ့ကြောင်း အတည်ပြုနိုင်ခဲ့သည်။

ပင်မငလျင်ကြီး လှုပ်ခတ်ပြီးနောက် ၂၀၂၆ ခုနှစ် ဇူလိုင်လအထိ နောက်ဆက်တွဲငလျင်ပေါင်း ၅၀၀ ကျော်မှ ၁၀၀၀ ကျော်အထိ လှုပ်ခတ်ခဲ့ကြောင်း မှတ်တမ်းတင်နိုင်ခဲ့သည်။ ဘူမိဗေဒရှုထောင့်အရ ဤနောက်ဆက်တွဲငလျင်များသည် ပင်မကျောက်ဖျာချပ်ကြီး ရွေ့လျားသွားပြီးနောက် ပတ်ဝန်းကျင်ရှိ ကျောက်လွှာငယ်များက ၎င်းတို့၏ မျှခြေသစ်(New Equilibrium)ကို ပြန်လည်ရှာဖွေညှိနှိုင်းနေသည့် ဖြစ်စဉ် ဖြစ်သည်။

အန္တရာယ်အရှိဆုံး ဘူမိဗေဒအချက်မှာ ကူလောင်ဖိအားကူးပြောင်းမှု (Coulomb Stress Transfer) ပင် ဖြစ်သည်။ ပင်မငလျင်လှုပ်ခတ်ခဲ့သည့် စစ်ကိုင်းအပိုင်းတွင် ဖိအားများ လျော့ကျသွားသော်လည်း ယင်းနှင့်ဆက်စပ်နေသော မြောက်ဘက်ပိုင်း(ကသာ၊ မြစ်ကြီးနားဒေသ)နှင့် တောင်ဘက်ပိုင်း(ပဲခူး၊ ရန်ကုန်နှင့် ကပ္ပလီပင်လယ်ပြင်)ရှိ ပြတ်ရွှေ့ကြောအပိုင်းများပေါ်သို့ ဖိအားစွမ်းအင်များ ပိုမိုစုပုံကူးစက်သွားစေခဲ့သည်ဟု ဆိုကြသည်။ ၂၀၂၆ ခုနှစ်အတွင်း မြန်မာနိုင်ငံတောင်ဘက် ကမ်းလွန်ပင်လယ်ပြင်တွင် လှုပ်ခတ်ခဲ့သော မဂ္ဂနီကျူ ၅ ဒသမ ၃ ငလျင်သည် ဤဖိအားကူးပြောင်းမှုကြောင့် တောင်ဘက်ပိုင်း သက်ဝင် တက်ကြွလာခြင်းကို ပြသနေသည့် ဘူမိဗေဒ သက်သေတစ်ခုဖြစ်ကြောင်း ဆိုကြသည်။

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော မဂ္ဂနီကျူ ၇ ဒသမ ၇ ရှိသည့် အင်အားပြင်း မန္တလေးငလျင်ကြီးသည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် ဖိအားများစွာကို ထုတ်လွှတ်ပေးခဲ့သော်လည်း ဘူမိဗေဒသဘောတရားအရ ၎င်းဖြစ်စဉ်သည် စစ်ကိုင်းပြတ်ရွှေ့ကြော၏ အခြားသော အစိတ်အပိုင်းများပေါ်သို့ ဖိအားစွမ်းအင်များကို ပိုမိုတွန်းပို့ပေးလိုက်သကဲ့သို့ဖြစ်သွားစေခဲ့သည်။ ကမ္ဘာ့ဘူမိဗေဒပညာရှင်များနှင့် ငလျင်သုတေသနအဖွဲ့များ၏ နောက်ဆုံးတွေ့ရှိချက်များအရ နောက်ထပ်အင်အားပြင်းငလျင်များ ထပ်မံလှုပ်ခတ်နိုင်ခြေရှိသော ဒေသများနှင့် ဘူမိဗေဒဆိုင်ရာ အကြောင်းရင်းများကို အောက်ပါအတိုင်း တွေ့ရှိရသည်–

**တောင်ဘက်ပိုင်းဇုန်။** စစ်ကိုင်းပြတ်ရွှေ့၏ တောင်ဘက်ပိုင်းဇုန်တွင် ပဲခူးမြို့၊ တောင်ငူမြို့၊ ဖြူးမြို့၊ ရန်ကုန်မြို့နှင့် ကပ္ပလီပင်လယ်ပြင်အထိ




သမိုင်းတစ်လျှောက် အင်အားပြင်းငလျင်ကြီးများ နှိုင်းယှဉ်ချက် (၁၈၃၉ – ၂၀၂၆)။ ပုံ(၂)

ဒေသများ ပါဝင်သည်။ မန္တလေးငလျင်ကြီးသည် စစ်ကိုင်းမြို့၏ မြောက်ဘက်ပိုင်းကို အဓိကသက်ရောက်ခဲ့ခြင်းဖြစ်ပြီး စစ်ကိုင်းပြတ်ရွှေ့ကြော၏ တောင်ဘက်ပိုင်းဖြစ်သော ပဲခူးနှင့် ကပ္ပလီပင်လယ်ပြင်အဆစ်အပိုင်း (Sagaing–Andaman Segment)တွင် စွမ်းအင်များ စုပုံလာနေသည်ဟု သုံးသပ်ကြသည်။ ၂၀၂၆ ခုနှစ် မေလအတွင်းက ကပ္ပလီပင်လယ်ပြင်တွင် မဂ္ဂနီကျူ ၅ ဒသမ ၃ အဆင့်အထိရှိသော ငလျင်များ ဆက်တိုက်လှုပ်ခတ်လာခြင်းသည် ဤဇုန်တွင် ဖိအားများ သိသိသာသာ တိုးလာနေခြင်းကို ပြသနေသည်ဟု သုံးသပ်ထားသည်။

**မြောက်ဘက်ပိုင်းဇုန်။** စစ်ကိုင်းပြတ်ရွှေ့၏ တောင်ဘက်ပိုင်းဇုန်တွင် စစ်ကိုင်းတိုင်း မြောက်ပိုင်း၊ ကချင်ပြည်နယ် (ကသာ၊ ဗန်းမော်နှင့် မြစ်ကြီးနားဒေသ)များ ပါဝင်သည်။ ပင်မငလျင်ကြီးကြောင့် ပြတ်ရွှေ့ကြောတစ်ခုလုံး တုန်ခါသွားစဉ် စွမ်းအင်ကူးပြောင်းမှုသည် မြောက်ဘက်ဖျားပိုင်းရှိ ပြတ်ရွှေ့ကြောများဆီသို့လည်း ရောက်ရှိသွားခဲ့သည်ဟု သုံးသပ်ထားကြသည်။

**ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် အရှေ့ပိုင်း (ပြတ်ရွှေ့ကြောကန့်လန့်ဖြတ်ဇုန်)။** ယင်းဇုန်တွင် ပြင်ဦးလွင်၊ နောင်ချို၊ မိုးကုတ်နှင့် ကျိုင်းတုံ၊ တာလေဒေသများ ပါဝင်သည်။ စစ်ကိုင်းပြတ်ရွှေ့၏ ပြင်းထန်စွာ ရွေ့လျားသွားမှုကြောင့် ကန့်လန့်ဖြတ်ဆက်စပ်နေသည့် ကျောက်ကြမ်းပြတ်ရွှေ့ (Kyaukkyan Fault) နှင့် နမ့်မပြတ်ရွှေ့ (Nam Ma Fault)တို့ အပေါ်သို့ ဘေးတိုက်တွန်းအားများ သက်ရောက်စေခဲ့ကြောင်း သုံးသပ်ကြသည်။

ကမ္ဘာ့ငလျင်ဗေဒပညာရှင်များက ၂၀၂၅ ငလျင်ကြီးအပြီး နည်းပညာမြင့်ကိရိယာများဖြင့် တိုင်းတာတွေ့ရှိချက်များအရ အချက် သုံးချက်ကြောင့် ငလျင်အသစ်များ ထပ်မံလှုပ်ခတ်နိုင်ကြောင်း ကောက်ချက်ချထားကြသေးသည်။ ယင်းအချက်သုံးချက်မှာ –

**(၁) ကူလောင်ဖိအားကူးပြောင်းမှု သီအိုရီ**

ဘူမိဗေဒတိုင်းတာချက်များအရ ၂၀၂၅ ငလျင်ကြီး (M 7.7) လှုပ်ခတ်စဉ်က စစ်ကိုင်းမြို့အနီးတွင် စွမ်းအင်များ လျော့ကျသွားခဲ့သော်လည်း စစ်ကိုင်းပြတ်ရွှေ့ကြော၏ ဘေးဝဲယာအစွန်းများ (မြောက်ဘက်နှင့် တောင်ဘက်အပိုင်းများ) ပေါ်သို့ ဖိအားစွမ်းအင်များ ကီလိုပါစကယ်လ်(kPa) သောင်းချီ၍ ကူးပြောင်းသက်ရောက်သွားကြောင်း ဂြိုဟ်တုရေဒါ(InSAR) အချက်အလက်များက ဖော်ပြနေကြောင်း၊ ဤသို့ ဖိအားကူးပြောင်းခြင်းသည် အခြားအပိုင်းများ ပိုမိုမြန်ဆန်စွာ ကျိုးပျက်လှုပ်ခတ်လာစေရန် တွန်းအားပေးလိုက်ခြင်းဖြစ်ကြောင်း သုံးသပ်ထားကြသည်။

**(၂) မြေပြင်ရွေ့လျားမှု မမျှတခြင်း**

၂၀၂၆ ခုနှစ် မေလအတွင်း သိပ္ပံဂျာနယ်များတွင် ဖော်ပြချက်များအရ ၂၀၂၅ ငလျင် လှုပ်ခတ်စဉ်က မြေပြင်သည် စက္ကန့်ပိုင်းအတွင်း ၂ ဒသမ ၅ မီတာခန့် ရုတ်တရက် ဘေးသို့ ရွေ့လျားသွားခဲ့သော်လည်း ပြတ်ရွှေ့ကြောတစ်ခုလုံး ညီတူညီမျှ ရွေ့လျားသွားခြင်းမဟုတ်ဘဲ အချို့နေရာများတွင် ကျောက်လွှာများ တစ်ဆို့ကျန်ရစ်ခဲ့သေးသည်။ ထိုသို့ မမျှမတရွေ့လျားမှုကြောင့် ချောမွေ့စွာ ရွေ့လျားခွင့်မသာဘဲ တစ်ဆို့ပိတ်မိနေသည့် ကျန်ရစ်သည့်အပိုင်း(Locked Sections)တွင် ဖိအားသစ်များ ထပ်မံစုစည်းလာနေပြီး ၎င်းတို့သည် နောက်ထပ် ငလျင်အသစ်များကို ဖန်တီးနိုင်စွမ်းရှိကြောင်း သုံးသပ်ထားကြသည်။

**(၃) နောက်ဆက်တွဲငလျင်များ၏ ပုံသဏ္ဌာန် (Aftershock Migration):**

၂၀၂၅ မတ်လမှ ယခု ၂၀၂၆ ခုနှစ် ဇူလိုင်လအထိ လှုပ်ခတ်ခဲ့သော နောက်ဆက်တွဲ ငလျင်ပေါင်း ၁၀၀၀ ကျော်၏ တည်နေရာများကို မြေပုံဆွဲကြည့်ရာတွင် ငလျင်တို့သည် ဗဟိုချက်တစ်ခုတည်း၌ ငြိမ်မနေဘဲ *စာမျက်နှာ ၁၃ သို့*

◆ **ဂြိုဟ်တုမြေပုံများနှင့် ရေဒါအချက်အလက်(InSAR)များအရ ဤငလျင်သည် လက်ယာဘေးတိုက်ရွေ့ပြတ်ခြင်းပုံစံဖြင့် လှုပ်ရှားခဲ့သည်။ ငလျင်လှုပ်ခတ်စဉ်အတွင်း မြေမျက်နှာပြင်သည် စက္ကန့်ပိုင်းအတွင်းမှာပင် ၂ ဒသမ ၅ မီတာခန့် ဘေးသို့ရုတ်တရက်ရွေ့လျားသွားခဲ့ပြီး မြေပြင်အက်ကွဲကြောင်းသည် ကီလိုမီတာ ၄၆၀ မှ ၅၀၀ ခန့်အထိ တောင်နှင့်မြောက် ရှည်လျားစွာ ဖြစ်ပေါ်ခဲ့ကြောင်း အတည်ပြုနိုင်ခဲ့သည်**

◆ **ပင်မငလျင်ကြီး လှုပ်ခတ်ပြီးနောက် ၂၀၂၆ ခုနှစ် ဇူလိုင်လအထိ နောက်ဆက်တွဲငလျင်ပေါင်း ၅၀၀ ကျော်မှ ၁၀၀၀ ကျော်အထိ လှုပ်ခတ်ခဲ့ကြောင်း မှတ်တမ်းတင်နိုင်ခဲ့သည်။ ဘူမိဗေဒရှုထောင့်အရ ဤနောက်ဆက်တွဲငလျင်များသည် ပင်မကျောက်ဖျာချပ်ကြီး ရွေ့လျားသွားပြီးနောက် ပတ်ဝန်းကျင်ရှိ ကျောက်လွှာငယ်များက ၎င်းတို့၏ မျှခြေသစ် (New Equilibrium)ကို ပြန်လည်ရှာဖွေညှိနှိုင်းနေသည့် ဖြစ်စဉ်ဖြစ်သည်**



## ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှု လျော့နည်းသက်သာစေရေး ဆောင်ရွက်

**ပဲခူး စက်တင်ဘာ ၂၈**

ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ မွန်-တနင်္သာရီကမ်းရိုးတန်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းကြောင့် ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုမရှိစေရေးနှင့် ရေထုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး မြို့နယ် ၂၈ မြို့နယ်၌ တစ်ပြိုင်တည်း ရှင်းလင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများသည် ပဲခူးမြို့ ဇိုင်းဂနိုင်းမြောက်ပိုင်းရပ်နှင့် ပဲခူးမြစ်တို့ ချိတ်ဆက်ထားသည့် ကုလားရိုက်ရိုးချောင်း ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှု၊ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းဘေး ကျုံးရေမြောင်း ပိတ်ဆို့မှုမရှိစေရေး ရှင်းလင်းနေမှု၊ ကသစ်ပင်ရိုးချောင်း ရေကြောင်း ရှင်းလင်းနေမှု၊ ပန်းလှိုင်ရပ်ကွက်၊ ကျုံးရိုးရေစီးဆင်းမှုကောင်းမွန်စေရေးရှင်းလင်းနေမှုနှင့် ပဲခူးမြို့အတွင်းမှရေများ အဓိကထွက်သော အိုးဘိုချောင်း ရေထွက်ပေါက်တို့တွင် စက်ယန္တရား လူအင်အားဖြင့် ဖယ်ရှားရှင်းလင်း ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လေဖိအားနည်းရပ်ဝန်းကြောင့် ပဲခူးတိုင်းဒေသကြီးအတွင်း၌လည်း နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာကာ ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သဖြင့် မြစ်ချောင်းဘေးရှိ လူနေရပ်ကွက်များ၊ ကျေးရွာများသို့ ကြိုတင်အသိပေးထားရန်၊ ရေကြီးရေလျှံမှု ကာကွယ်ရေးနှင့် ရေထွက်ပေါက်များ ပိတ်ဆို့မှုမရှိစေရေး အမြန်ဆုံးတူးဖော်ခြင်း၊ ရေကြီးမှုဖြစ်ပေါ်လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရေး ကြိုတင်စုဖွဲ့ ပြင်ဆင်ထားရန်နှင့် ရေကြီးသည့် အရပ်ဒေသများသို့ အရေးပေါ်စားရေရိက္ခာများ ပို့ဆောင်ပေးနိုင်ရေး ဆောင်ရွက်ထားရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ ပူးပေါင်း၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်သူ့စကားဝိုင်းကျင်းပ

**မန္တလေး စက်တင်ဘာ ၂၈**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်း၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်သူ့စကားဝိုင်းကို ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် UTOPIA ခန်းမ၌ ကျင်းပသည်။

### ရှင်းလင်းဆွေးနွေး

ပြည်သူ့စကားဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဒုတိယလျှပ်စစ်မန်နေဂျာတို့က ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားကြပြီး တက်ရောက်လာသူများ၏ ဒေသဖွံ့ဖြိုးရေးနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါစကားဝိုင်းသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်အမှာစကားပြောကြားပြီး စကားဝိုင်းဆွေးနွေးပွဲ ပါဝင်တက်ရောက်သည့် ရပ်ကွက်နေပြည်သူများ၊ ရပ်မိရပ်ဖများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**မြင့်ဇော်ထွန်း(ပြန်/ဆက်)**



### (၂၈-၉-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၅ ~ ၃၆၆၅.၈ | ၅၅၇ ~ ၅၅၇.၆ | ၁၂၅.၅ ~ ၁၂၅.၇ | |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၇,၉၈၁,၉၀၉.၄၁ | ၅,၁၉၂,၉၄၀.၂၀ | ၂၆,၄၈၄,၂၄၆.၆၆ | |

## ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုပုံပြင်ပြောနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ဖလမ်း စက်တင်ဘာ ၂၈**

စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ပုံပြင်ပြောနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ဆုပေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ချင်းပြည်နယ် ဖလမ်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဆုပေးပွဲတွင် “နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့”ဟူသော ဆောင်ပုဒ်နှင့်အညီ စဉ်းစားတွေးခေါ်မှု၊ ဆန်းသစ်တီထွင်မှုကို အားပေးသော သင်ကြားသင်ယူမှုပုံစံဖြင့် အသိပညာ၊ အတတ်ပညာ ပြည့်စုံသော ပညာတတ်များပေါ်များရေး နိုင်ငံတော်မှ မျှော်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ ဖလမ်းမြို့နယ်တွင် ကျောင်း ၁၂၁ ကျောင်းဖွင့်လှစ်ပြီး ဆရာ ဆရာမဦးရေ ၂၇၇ ဦး၊ ပညာသင်ယူနေသည့် ကျောင်းသား ကျောင်းသူဦးရေ ၅၇၆၉ ဦးရှိကြောင်း၊ ပညာသင်ယူရမည့် အရွယ်အားလုံး ပညာသင်ယူနိုင်ရေးအတွက် နိုင်ငံတော်မှ အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ပြိုင်ပွဲတွင် ဆုရရှိသည့်ကျောင်းသား ကျောင်းသူများက ပြန်လည်တင်ဆက် ဖျော်ဖြေကြပြီး အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းထက်ဆင့်နှင့် မူလတန်းအောက်ဆင့် ပုံပြောနှင့်ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့ပြင် ဖလမ်းမြို့ ယာယီပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဒုတိယဝန်ကြီးက ဆေးရုံအတွက် အလှူငွေပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်က လက်ခံရယူပြီး ဆေးရုံတက်ရောက်၍ ဆေးကုသမှုခံယူနေသူများကို အာဟာရဘူးများ ပေးအပ်လှူဒါန်းကြကာ ဖလမ်းမြို့ အသဲကွဲတောင်ခြေရှိမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT တာဝါတိုင်နှင့် စက်များထားရှိမှု၊ အသဲကွဲတောင်ထိပ်ရှိ View Point သာယာလှပရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

**သတင်းစဉ်**



## ကျောက်တံခါးမြို့နယ်၌ ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေး ရေနုတ်မြောင်းများတူးဖော်

**ကျောက်တံခါး စက်တင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ မြို့တွင်း ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်ခြင်းကို ယနေ့ညနေပိုင်းက ကွင်းမြောက်ရပ်ကွက် မြတ်လေးလမ်းဘေးဝဲ/ယာတစ်လျှောက် ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်နေမှုများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျင်ဆန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ။**

*စာမျက်နှာ ၁၂ မှ*

တောင်ဘက် (ပဲခူး/ရန်ကုန်ဘက်)သို့ တဖြည်းဖြည်း ရွေ့လျားဦးတည်လာနေကြောင်း သုံးသပ်ထားကြသည်။ ၎င်းမှာ ပြတ်ရွေ့ကြောတစ်လျှောက် အက်ကြောင်းသစ်များ တွန်းထွက်လာနေသည့် ဘူမိဗေဒဆိုင်ရာ လက္ခဏာရပ်ဖြစ်ကြောင်းလည်း သုံးသပ်ကြသည်။

အချုပ်အားဖြင့်ဆိုရသော် ၂၀၂၅ ခုနှစ် မန္တလေးငလျင်ကြီးသည် စစ်ကိုင်းပြတ်ရွေ့ကြောတစ်ခုလုံးကို ပြန်လည်နိုးထတက်ကြွလာစေခဲ့ပေသည်။ အထူးသဖြင့် ပဲခူးတိုင်းအပါအဝင် တောင်ဘက်ပိုင်းဒေသများသည် စစ်ကိုင်းပြတ်ရွေ့ကြော၏ ဖိအားအသစ်များ ကူးစက်ရာဇုန်တွင် တည်ရှိနေခြင်းကြောင့် နောင်အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် ငလျင်ဘေးအန္တရာယ်အား မပြတ်အစဉ် အလေးထားလျက် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးရေးနှင့် တားဆီးကာကွယ်ရေးအစီအမံများ ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပေသည်။

**ကိုးကားစာရင်းများ**


၁။ Lindsey, E. O., Kuo, Y.-T., Wang, Y., Thant, M., Tin, T. Z. H. (2025). Mature fault mechanics revealed by the highly efficient 2025 Mandalay earthquake. *Nature Communications*, 16, 10937, https: // doi.org/10.1038/s41467-025-65942-2.

၂။ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ (၂၀၁၀)။ မြန်မာနိုင်ငံ၏ သဘာဝဘေးများအကြောင်း၊ အာရှဒေသ သဘာဝဘေးကြိုတင်ပြင်ဆင်ရေးဌာန (ADCP)။

၃။ သိန်း၊ ဒေါက်တာ (၂၀၁၆)။ “မြန်မာပြည်နှင့်ငလျင်”၊ မြန်မာ့ငလျင်ဘေးလျှော့ချရေး၊ ပညာရပ် စာစဉ်(၁)၊ ဘူမိဗေဒ(၁၉၇၄)အသင်း။

၄။ Wikipedia contributors. (2026). 2025 *Myanmar earthquake*. Wikipedia, The Free Encyclopedia, Retrieved August 10, 2026, from https://en.wikipedia.org/ wiki/2025 Myanmarearthquake.

၅။ Zaw, K., & Park, J.-W. (2025). “The Sagaing Fault, deadly earthquake and volcanoes in Myanmar: Geodynamic perspectives”. *Habitable Planet* 1(1&2), 108–114. https:// doi.org/10.63335/j.hp.2025.0009.

## တရုတ်၏ ပင်လယ်နက်တူးဖော်နိုင်စွမ်း မီတာ ၅၀၀၀ အထိ မြင့်တင်၍ စံချိန်သစ်တင်

ကွမ်ကျိုး စက်တင်ဘာ ၂၈

တရုတ်နိုင်ငံ၏ မုန်းရှန်း (Mengxiang) သမုဒ္ဒရာတူးဖော်ရေးသင်္ဘောသည် တောင်တရုတ်ပင်လယ်အတွင်း ပင်လယ်ရေနက်ပိုင်းမှ မီးတောင်ကျောက်နမူနာများကို တူးဖော်ရယူနိုင်ခဲ့ပြီးနောက် ရေနက်တူးဖော်ရေးစွမ်းရည်ကို မီတာ ၅၀၀၀ အဆင့်သို့ မြှင့်တင်နိုင်ခဲ့ကာ တရုတ်နိုင်ငံ၏ အမျိုးသားစံချိန်သစ်တစ်ရပ်ကို တင်နိုင်ခဲ့ကြောင်း သဘာဝသယံဇာတဝန်ကြီးဌာနက စက်တင်ဘာ ၂၈ ရက်တွင် ပြောကြားသည်။

ယင်းခရီးစဉ်အတွင်း မုန်းရှန်းသင်္ဘောသည် တောင်တရုတ်ပင်လယ်အတွင်း ရေအနက် ၄၁၀၀ မီတာရှိသောနေရာ၌ တွင်းနှစ်တွင်း တူးဖော်၍ ကျောက်နမူနာရယူခဲ့ပြီး အမြင့်ဆုံးတူးဖော်ပြီးစီးသည့် အနက်မှာ ၄၉၂၉ ဒသမ ၁၇ မီတာရှိခဲ့ကြောင်း သိရသည်။ ယင်းသည် တရုတ်နိုင်ငံက ကိုယ်တိုင်ဆောင်ရွက်ခဲ့သည့် အနက်ရှိုင်းဆုံး ရေနက်တူးဖော်မှု စံချိန်သစ်ဖြစ်သည်။

ထို့ပြင် ကိုယ်ပိုင်တီထွင်ထုတ်လုပ်ထားသည့် အလှည့်ကျကျောက်နမူနာရယူစက်ကို အသုံးပြု၍ အရှည် ၄ ဒသမ ၂၇ မီတာရှိ မီးတောင်ကျောက်နမူနာကို အောင်မြင်စွာ တူးဖော်ရယူနိုင်ခဲ့သည်။ ထိုသို့ တူးဖော်ရေးသင်္ဘောအသုံးပြု၍ ရေနက်သမုဒ္ဒရာကြမ်းပြင်မှ ကျောက်အမာနမူနာများကို တူးဖော်ရယူနိုင်သည့် နိုင်ငံများအနက် အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံတို့ပြီးနောက် တရုတ်နိုင်ငံသည် တတိယမြောက်နိုင်ငံ ဖြစ်လာခဲ့သည်။



အဆိုပါခရီးစဉ်ကို သဘာဝသယံဇာတဝန်ကြီးဌာန တရုတ်ဘူမိဗေဒလေ့လာရေးအဖွဲ့ကစီစဉ်ပြီး ကွမ်ကျိုးသမုဒ္ဒရာ ဘူမိဗေဒလေ့လာရေးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ကာ အဖွဲ့အစည်းကိုးခုမှ သိပ္ပံပညာရှင်နှင့် လေ့လာရေးအဖွဲ့ဝင် စုစုပေါင်း ၁၇၀ ပါဝင်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ပထမဆုံး ပြည်တွင်းထုတ်သမုဒ္ဒရာတူးဖော်ရေးသင်္ဘောမုန်းရှန်းကို ၂၀၂၄ ခုနှစ်တွင် တရားဝင် စတင်အသုံးပြုခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

## ဗီယက်နမ်၏ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းတင်ပို့မှုမှ ဒေါ်လာ ၅၆ ဒသမ ၃ ဘီလီယံရရှိနိုင်

ဟနွိုင်း စက်တင်ဘာ ၂၈

ယခုနှစ် ပထမကိုးလအတွင်း ဗီယက်နမ်နိုင်ငံ၏ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းကဏ္ဍမှ ပို့ကုန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၃ ဘီလီယံရှိမည်ဟု ခန့်မှန်းထားရာ ယမန်နှစ်ကထက် ၇ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာကြောင်း အစိုးရတရားဝင်ဝက်ဘ်ဆိုက်က စက်တင်ဘာ ၂၈ ရက်တွင် ထုတ်ပြန်ထားသည်။

ယင်းကဏ္ဍ၏ ကုန်သွယ်မှုပိုငွေမှာ ဒေါ်လာ ၁၆ ဒသမ ၉ ဘီလီယံခန့်ရှိကြောင်း စိုက်ပျိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဒုတိယဝန်ကြီး ဗိုဗန်ဟွန်၏ ပြောကြားချက်ကို ကိုးကား၍ အစီရင်ခံစာတွင် ဖော်ပြထားသည်။

စိုက်ပျိုးရေးထုတ်ကုန်မှ ဒေါ်လာ ၂၉ ဒသမ ၂၈ ဘီလီယံ၊ သစ်တောထုတ်ကုန်မှ ဒေါ်လာ ၁၄ ဒသမ ၄၁ ဘီလီယံနှင့် ရေလုပ်ငန်းထုတ်ကုန်မှ ဒေါ်လာ ၉ ဒသမ ၁၇ ဘီလီယံရရှိကြောင်း ပြည်တွင်းမီဒီယာ Dan Viet က ဖော်ပြထားသည်။

ဆင်ဟွာ

## နယူးဒေလီ၌ လေထုညစ်ညမ်းမှုထိန်းချုပ်ရန် အရေးပေါ်အစီအမံများ ချမှတ်

နယူးဒေလီ စက်တင်ဘာ ၂၈

အိန္ဒိယနိုင်ငံ၏ မြို့တော်ဒေသဖြစ်သည့် ဒေလီတွင် နိုဝင်ဘာလမှ ဖေဖော်ဝါရီလအထိ ဆောင်းရာသီကာလအတွင်း လေထုညစ်ညမ်းမှု ပိုမိုဆိုးရွားလာနိုင်သည့်အခြေအနေကို ကြိုတင်ကာကွယ်ရန် ဒေသခံအစိုးရက စက်တင်ဘာ ၂၈ ရက်တွင် အစီအမံများစွာ ထုတ်ပြန်လိုက်သည်။

အဆိုပါအစီအမံများတွင် ကားပါကင်ခများ မြှင့်တင်ခြင်း၊ ဆောက်လုပ်ရေးနှင့် အဆောက်အအုံဖျက်သိမ်းရေးလုပ်ငန်းများကို



ပိတ်ပင်ခြင်းနှင့် အစိုးရရုံးများ၏ အလုပ်ချိန်များကို အလှည့်ကျသတ်မှတ်ခြင်းတို့ပါဝင်သည်။ ထို့အပြင် အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းများတွင် ရုံးတက်လုပ်ကိုင်ရသည့် ဝန်ထမ်းအရေအတွက်ကို ၅၀ ရာခိုင်နှုန်းအထိလျှော့ချရန် သတ်မှတ်ထားပြီး အရေးကြီးဝန်ဆောင်မှုများကိုမူ ကင်းလွတ်ခွင့်ပြုထားသည်။

အဆိုပါအစီအမံများကို နိုဝင်ဘာ ၁ ရက်မှစတင်၍ အဆင့်ဆင့်အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး အချို့သောကန့်သတ်ချက်များမှာ ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီလအထိ ဆက်လက်တည်ရှိမည်ဖြစ်သည်။

ယခုကဲ့သို့ လေထုညစ်ညမ်းမှုကို ကြိုတင်ထိန်းချုပ်ရန် အစီအမံများချမှတ်ခြင်းမှာ ဆောင်းရာသီအတွင်း လေထုညစ်ညမ်းမှု သိသိသာသာမြင့်တက်လာသည့်လများတွင် ညစ်ညမ်းမှုဖြစ်စေသော အရင်းအမြစ်များကိုလျှော့ချရန်နှင့် ဒေလီမြို့အတွင်း မော်တော်ယာဉ်သွားလာမှုကိုလျှော့ချရန် ရည်ရွယ်ခြင်းဖြစ်သည်။

လူဦးရေ သန်း ၃၀ ကျော် နေထိုင်သည့် ဒေလီသည် ကမ္ဘာပေါ်တွင် လေထုညစ်ညမ်းမှု အများဆုံးမြို့များအနက် တစ်မြို့အဖြစ် သတ်မှတ်ခံထားရသည်။

ဆင်ဟွာ

## ဂျပန်၌ တိမ်းရှောင်ရေးစင်တာသို့ မသွားရောက်သည့် လျှော်ဒဏ်သင့်အိမ်ထောင်စု ၂၀၀၀ ကျော်ရှိ

တိုကျို စက်တင်ဘာ ၂၈

ဂျပန်နိုင်ငံ ကုမာမိုတိုခရိုင် ယာဆုရှီရိုမြို့၌ ဇူလိုင်လအတွင်း ပြင်းထန်သော လျှော်လျှော်ခတ်ပြီးနောက် ကူညီထောက်ပံ့မှုများ လိုအပ်နေသော်လည်း တိမ်းရှောင်ရေးစင်တာများသို့ သွားရောက်ခိုလှုံခြင်းမရှိသည့် လျှော်ဒဏ်သင့်အိမ်ထောင်စု ၂၀၀၀ ကျော်ရှိကြောင်း မြို့တာဝန်ရှိသူများက ပြောကြားသည်။

ထိုကဲ့သို့ တိမ်းရှောင်ရေးစင်တာများသို့ မသွားရောက်သည့် အိမ်ထောင်စု အရေအတွက်မှာ စက်တင်ဘာ ၂၅ ရက်အထိ ၂၀၀၀ ဝန်းကျင်ရှိသည်။ ယင်းအရေအတွက်သည် စက်တင်ဘာ ၂၆ ရက်အထိ တိမ်းရှောင်ရေးစင်တာများ၌ ခိုလှုံနေသည့်အိမ်ထောင်စု အရေအတွက်ထက် လေးဆကျော်များပြားကြောင်း သိရသည်။

တိမ်းရှောင်ရေးစင်တာများသို့ မသွားရောက်သူများသည် လျှော်ဒဏ်သင့်နေအိမ်များ သို့မဟုတ် အခြားနေရာများတွင် ဆက်လက်နေထိုင်ကြကြောင်း သိရသည်။

ထိုသို့ တိမ်းရှောင်ရေးစင်တာများသို့ ပြောင်းရွှေ့နေထိုင်ရန် ငြင်းဆန်ရသည့် အကြောင်းရင်းများတွင် လယ်ယာမြေများနှင့် အလှမ်းဝေးခြင်း၊ ကိုယ်ရေးကိုယ်တာ လွတ်လပ်ခွင့်အတွက် စိုးရိမ်ခြင်းတို့ပါဝင်ကြောင်း သိရသည်။

မြို့တာဝန်ရှိသူများက အဆိုပါ တိမ်းရှောင်သူများထံသို့ သောက်သုံးရေ၊ အစားအစာနှင့် အခြား လိုအပ်သည့် ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဝေပေးရန် စီစဉ်ထားကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

### ကွန်ဂို၌ အီဘိုလာ အတည်ပြုလူနာ ၈၀၀၀ ကျော်ရှိလာ

ကင်ရှာဆာ စက်တင်ဘာ ၂၈

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ (DRC) ၌ အီဘိုလာရောဂါ အတည်ပြုလူနာ ၈၀၀၀ ကျော်အထိ ရောက်ရှိလာပြီဖြစ်ကြောင်း နိုင်ငံ၏ ကျန်းမာရေးအာဏာပိုင်များက စက်တင်ဘာ ၂၈ ရက်တွင် ပြောကြားခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က လည်း လက်ရှိအီဘိုလာရောဂါ ကူးစက်ဖြစ်ပွားမှုသည် အတိုင်းအတာတစ်ခုအထိ ကြီးမားနေဆဲဖြစ်ပြီး ဒေသအများအပြားသို့ ပျံ့နှံ့လာသည့်အပြင် ရောဂါကူးစက်မှုများလည်း ဆက်လက်ဖြစ်ပွားနေကြောင်း သတိပေးထားသည်။

ဆင်ဟွာ

## ကမ္ဘောဒီးယားရှိ ပြည်နယ် ၁၀ ခု၌ ရေကြီးနစ်မြုပ်မှုကြောင့် လူထောင်နှင့်ချီ၍ ဘေးကင်းရာသို့ ရွှေ့ပြောင်း

ဖနွမ်ပင် စက်တင်ဘာ ၂၈

ကမ္ဘောဒီးယားနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရုတ်တရက်ရေကြီးနစ်မြုပ်မှုများဖြစ်ပွားခဲ့ရာ မိသားစု ၄၄၈၈၉ စု ထိခိုက်ခဲ့ပြီး မိသားစု ၃၆၈၅ စုမှာ ကုန်းမြင့်ဒေသ ဘေးကင်းရာပြောင်းရွှေ့ခဲ့ရကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက စက်တင်ဘာ ၂၈ ရက်တွင် ပြောကြားသည်။

ပြည်နယ် ၁၀ ခုတွင် ရေကြီးနစ်မြုပ်မှုဒဏ်ကို ခံစားခဲ့ရကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အမျိုးသားကော်မတီ၏ ပြောရေးဆိုခွင့်ရှိသူ ဆော့ခင်ကိုလ်မိုနီက ပြောကြားသည်။

ရေကြီးနစ်မြုပ်မှုကြောင့် ဘက်တမ်ဘန်း၊ ဘန်တေးမီးချိနှင့် ဆီရမ်ရိပ်ပြည်နယ်တို့မှာ ထိခိုက်မှုအများဆုံး ပြည်နယ်များဖြစ်ပြီး နေအိမ် ၅၀၃၈၄ လုံးနှင့် စပါးခင်း ၄၉၉၂၅ ဟက်တာ ထိခိုက်ခဲ့ရကြောင်း သိရသည်။ လက်ရှိဖြစ်ပွားနေသည့် ရေကြီးမှုမှာ အဓိကအားဖြင့် ဒေသတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပွားခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဆင်ဟွာ



## ဖိလစ်ပိုင်၌ ဩဂုတ်လအတွင်း ယာဉ်ရောင်းအား ကျဆင်းသော်လည်း EV ဈေးကွက်ဝေစုတိုး

မနီလာ စက်တင်ဘာ ၂၈

ဩဂုတ်လအတွင်း ဖိလစ်ပိုင်နိုင်ငံ၏ စုစုပေါင်းယာဉ်ရောင်းအား ကျဆင်းခဲ့သော်လည်း လျှပ်စစ်ကား (EV) ဈေးကွက်ဝေစုမှာ တိုးမြင့်လာခဲ့ကြောင်း ပြည်တွင်းမီဒီယာများက စက်တင်ဘာ ၂၈ ရက်တွင် ထုတ်ပြန်ထားသည်။

ဖိလစ်ပိုင်နိုင်ငံအတွင်း ဩဂုတ်လတွင် ယာဉ်အစီးရေ စုစုပေါင်း ၂၉၆၁၁ စီးရောင်းချခဲ့ရာ ဇူလိုင်လအတွင်း ရောင်းချခဲ့သည့် ယာဉ် ၃၇၃၁၉ စီးထက် ၂၀ ဒသမ ၇ ရာခိုင်နှုန်းနှင့် ယမန်နှစ်ထက် ၁၈ ဒသမ ၁ ရာခိုင်နှုန်းအသီးသီးလျော့နည်းခဲ့ကြောင်း ဖိလစ်ပိုင်မော်တော်ယာဉ်ထုတ်လုပ်သူများအသင်းနှင့် ထရပ်ကားထုတ်လုပ်သူများအသင်းတို့၏ ပူးတွဲအစီရင်ခံစာအရ သိရသည်။

လျှပ်စစ်ကားများနှင့်ပတ်သက်၍ အဆိုပါကာလအတွင်း လျှပ်စစ်ကားအစီးရေ ၇၀၆၆ စီး ရောင်းချနိုင်ခဲ့ရာ ယင်းကာလအတွင်း စုစုပေါင်းယာဉ်ရောင်းအား၏ ၂၃ ဒသမ ၈၆ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ဇူလိုင်လအတွင်း လျှပ်စစ်ကားအစီးရေ ၇၀၈၉ စီး ရောင်းချနိုင်ခဲ့ပြီး ဈေးကွက်ဝေစု ၁၈ ဒသမ ၉၉ ရာခိုင်နှုန်းရှိခဲ့ရာ ဩဂုတ်လတွင် ဈေးကွက်ဝေစု မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

## မက္ကဆီကိုသမ္မတက ပြည်တွင်းရေး၌ ပြည်ပမှ ဝင်ရောက်စွက်ဖက်မှုကို ပယ်ချ

မက္ကဆီကိုစီးတီး စက်တင်ဘာ ၂၈

မက္ကဆီကိုသမ္မတ ကလော်ဒီယာ ရှိန်းဘွမ်သည် နိုင်ငံ၏ ပြည်တွင်းရေးကိစ္စများ၌ နိုင်ငံခြားဝင်ရောက်စွက်ဖက်မှုကို လက်မခံကြောင်း ယမန်နေ့က ပြောကြားခဲ့သည်။

မက္ကဆီကိုစီးတီးရှိ ဇိုကာလိုရင်ပြင်၌ နိုင်ငံတစ်ဝန်း တာဝန်ခံမှုနှင့် အစိုးရလုပ်ဆောင်ချက်များကို ရှင်းလင်းတင်ပြသည့် အခမ်းအနားအဖြစ် ပြုလုပ်သည့် လူထုစုဝေးပွဲတွင် ထောက်ခံသူ ထောင်ပေါင်းများစွာရှေ့၌ ရှိန်းဘွမ်က ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

နိုင်ငံခြားအင်အားစုတစ်ခုခုဖြစ်စေ၊ စီးပွားရေး သို့မဟုတ် နိုင်ငံရေးအထက်တန်းလွှာဖြစ်စေ မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေနှင့် အနာဂတ်ကို သတ်မှတ်ပေးပိုင်ခွင့်မရှိကြောင်း၊ ယင်းအခွင့်အရေးသည် မက္ကဆီကိုပြည်သူများ၏ လက်ထဲ၌သာရှိကြောင်း ရှိန်းဘွမ်က ပြောကြားခဲ့သည်။

ဆင်ဟွာ



## နေပြည်တော်တွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ သြဂုတ်လအထိ ယာဉ်တိုက်မှုပေါင်း ၆၃ မှု ဖြစ်ပွားခဲ့ပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ သြဂုတ်လအထိ ၅၃ မှု ဖြစ်ပွားခဲ့

**နေပြည်တော် စက်တင်ဘာ ၂၈**
ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ယာဉ်တိုက်မှုအနေဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ သြဂုတ်လအထိ ယာဉ်တိုက်မှုပေါင်း ၆၃ မှု ဖြစ်ပွားခဲ့ပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ သြဂုတ်လအထိ ၅၃ မှု ဖြစ်ပွားခဲ့သည့်အတွက် ၁၀ မှု လျော့နည်းလာသည်ကို တွေ့ရှိရကြောင်း၊ ထို့ပြင် ဒဏ်ရာရမှုအနေဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ သြဂုတ်လအထိ ၈၃ မှု၊ ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ သြဂုတ်လအထိ ၇၇ မှု ဖြစ်ပွားခဲ့သည့်အတွက် ၆ မှု လျော့နည်းလာသည်ကို တွေ့ရှိရကြောင်း ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည့် နေပြည်တော်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

ထို့အတူ သေဆုံးမှုအနေဖြင့်၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ သြဂုတ်လအထိ ၆၀ သေဆုံးခဲ့ပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီမှ သြဂုတ်လအထိ ၆၇ ဦး သေဆုံးခဲ့သည့်အတွက် ခုနစ်ဦး ပိုမိုလာသည်ကို တွေ့ရှိရကြောင်း၊ ရာခိုင်နှုန်းအားဖြင့် ၂၀၂၅ ခုနှစ်ထက် ၂၀၂၆ ခုနှစ် ယာဉ်တိုက်ခိုက်မှုတွင် ၁၈ ဒသမ ၈၇ ရာခိုင်နှုန်းနှင့် ဒဏ်ရာရမှုသည် ၇ ဒသမ ၇၉ ရာခိုင်နှုန်း လျော့နည်းကျဆင်းလာခဲ့ပြီး သေဆုံးမှုမှာ ၁၁ ဒသမ ၆၇ ရာခိုင်နှုန်း ပိုမိုလာသည်ကို တွေ့ရှိရကြောင်း၊ ၂၀၂၆ ခုနှစ် စက်တင်ဘာလအတွင်း ယာဉ်တိုက်ခိုက်မှုလေးဦး၊ ဒဏ်ရာရမှု ခြောက်ဦး၊ သေဆုံးမှုသုံးဦးရှိကြောင်း သိရသည်။

အဆိုပါအစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းက အမှာစကားပြောကြားပြီး တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍများ အလိုက်လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းတင်ပြမှုအပေါ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **အောင်မျိုးဝင်း(ဥတ္တရ)**

## ၂၀၂၆ ခုနှစ် အသက်(၂၅)နှစ်အောက် ကလပ်ပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဖူဆယ်ပြိုင်ပွဲ ဖွင့်လှစ်

**မြစ်ကြီးနား စက်တင်ဘာ ၂၈**
ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ဖူဆယ်ဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ကချင်ပြည်နယ်ဝန်ကြီးချုပ်ဖလား အသက်(၂၅) နှစ်အောက် ကလပ်ပေါင်းစုံ (အမျိုးသား/ အမျိုးသမီး) ဖူဆယ်ပြိုင်ပွဲကို ဒေသတွင်းရှိ ဖူဆယ်ကလပ်အသင်းပေါင်း ၃၄ သင်းတို့ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယနေ့နံနက်ပိုင်းက အဆိုပါဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို မြစ်ကြီးနားမြို့ ငြိမ်းချမ်းသာယာဖူဆယ် အားကစားရုံ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ်တို့က ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကလပ်အသီးသီးမှ အမျိုးသားအသင်း ၂၆ သင်းနှင့် အမျိုးသမီးအသင်း ရှစ်သင်းတို့မှ နည်းပြ၊ အုပ်ချုပ်သူနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်အားပေးကြသည်။

ထို့နောက် သရုပ်ပြဖျော်ဖြေရေးအဖွဲ့များ၏ ဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲအတွက် ချီးမြှင့် ထောက်ပံ့ငွေများနှင့် ဖျော်ဖြေရေး အဖွဲ့များအတွက် ချီးမြှင့်ထောက်ပံ့ငွေများကို လည်းကောင်း၊ ကချင်ပြည်နယ်စက်သုံးဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက ပြိုင်ပွဲအတွက် ချီးမြှင့်ငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြကာ အဖွင့်ပွဲစဉ်အဖြစ် နောင်ရာအသင်းနှင့် အောင်မြင်သူအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ဌာနဆိုင်ရာများ၊ ဘောလုံးအားကစား ဝါသနာရှင်များနှင့်အတူ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**ပြည်နယ်(ပြန်/ဆက် )**



## မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၈**
မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးသည် အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr. Abhay Thakur နှင့် အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးက မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် အိန္ဒိယနိုင်ငံ ဗဟိုဘဏ်တို့ကြားရေးဆွဲ ဆောင်ရွက်နေသော နှစ်နိုင်ငံ ငွေကြေးလဲလှယ်ရေး သဘောတူညီချက် (မူကြမ်း) (Currency Swap Arrangement Draft) ကိုစစ်နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မူကြမ်းအရ မြန်မာဘဏ်များက အိန္ဒိယဘဏ်များတွင် အိန္ဒိယရူပီးစာရင်း ဖွင့်လှစ်ခြင်းအပြင် အိန္ဒိယဘဏ်များက မြန်မာကျပ်ငွေစာရင်းကို မြန်မာပြည်တွင်းဘဏ်များတွင် ဖွင့်လှစ်ခြင်းကိုပါ ဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ Currency Swap Arrangement အရ ပြည်ပအဆက်အသွယ်ဘဏ်များက ပြည်တွင်းဘဏ်များတွင် စာရင်းဖွင့်လှစ်ခြင်း (Vostro Account) နှင့် ပြည်တွင်းဘဏ်များက ပြည်ပအဆက်အသွယ်ဘဏ်များတွင် စာရင်းဖွင့်လှစ်ခြင်း (Nostro Account) တို့ အပြန်အလှန်ဖွင့်လှစ်ခြင်းဖြင့် ကုန်သွယ်မှုကို ပိုမိုလွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပါသဖြင့် အရေးကြီးပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက Currency Swap Arrangement နှင့် ပတ်သက်၍ မိမိတို့အနေဖြင့် အချက်အလက်ဆိုင်ရာ ဖော်ပြချက် (Terms & Conditions) များကို စိစစ်၍ ဆက်လက်ဆောင်ရွက်နေပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုတွင် နှစ်နိုင်ငံငွေကြေး သုံးစွဲရန် ဦးစားပေးဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် Punjab National Bank တွင် ရူပီး Nostro Account ဖွင့်လှစ်၍ အိန္ဒိယနိုင်ငံ၏ Punjab National Bank မှ မိမိတို့ပြည်တွင်းဘဏ်များတွင် မြန်မာကျပ်ငွေစာရင်းဖွင့်လှစ်ရန် ဆောင်ရွက်နေပါကြောင်း၊ အိန္ဒိယရူပီး၊ မြန်မာကျပ်၊ ရုရှားရူဘယ် ငွေကြေး သုံးမျိုးလုံး အသုံးပြုနိုင်ရန်အတွက် ရုရှား နိုင်ငံအခြေစိုက် Sberbank (အိန္ဒိယဘဏ်ခွဲ)နှင့်လည်း ဆောင်ရွက်နေပါကြောင်း ပြောကြားပြီး နှစ်နိုင်ငံ ငွေကြေးလဲလှယ်ရေး သဘောတူညီချက်(မူကြမ်း) နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**



*✽ ကျောဖုံးမှ*

ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

မြန်မာကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့အနေဖြင့် Bodybuilding up to 65 kg ပြိုင်ပွဲတွင် ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့မှ အားကစားသမား ရှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာအသင်းမှ အားကစားသမား ဟိန်းဇော်လင်းက မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ဆုကို ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

ထို့အတူ Men’s Sports Physique up to 170 cm ပြိုင်ပွဲတွင် အာဖဂန်နစ္စတန်၊ ထိုင်း၊ ပါကစ္စတန်၊ မြန်မာ၊ အိန္ဒိယ၊ မလေးရှား၊ လာအိုနှင့် မော်လ်ဒိုက်နိုင်ငံတို့မှ ပြိုင်ပွဲဝင်အားကစားသမား ၁၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာအသင်းမှ အားကစားသမား နေမျိုးထွဋ်က ရွှေတံဆိပ်ဆုကို ထပ်မံဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

အလားတူ Men's Bodybuilding up to 60 kg ပြိုင်ပွဲတွင် အိန္ဒိယ၊ ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မြန်မာနှင့် ဟောင်ကောင်(တရုတ်)တို့မှ အားကစားသမား ကိုးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာအသင်းမှ အားကစားသမား အောင်ထွဋ်က တတိယကြေးတံဆိပ်ဆုကိုလည်းကောင်း၊ Women’s Wellness Physique ပြိုင်ပွဲ၌ မွန်ဂိုလီးယား၊ မြန်မာ၊ ဗီယက်နမ်၊ ထိုင်း၊ ဟောင်ကောင်(တရုတ်)၊ ဥဇဘက်ကစ္စတန်နိုင်ငံတို့မှ အားကစားသမား ကိုးဦး ယှဉ်ပြိုင်ခဲ့ရာ မိုးသက်ခိုင်က တတိယကြေးတံဆိပ်ဆုကိုလည်းကောင်း၊ မြန်မာအသင်းမှ အားကစားသမား ဟိန်းဇော်လင်းက ကာယဗလမောင် ၆၅ ကီလိုတန်း ပြိုင်ပွဲတွင် အကောင်းဆုံးကိုယ်ဟန်ပြဆု(Best Poser 2026 Asia) ကိုလည်းကောင်း ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

အဆိုပါ အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားချန်ပီယံရှစ် ၂၀၂၆ ပြိုင်ပွဲသို့ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးချိုထွန်းအောင် ဦးဆောင်၍ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်း (အုပ်ချုပ်သူ)၊ ဒေါ်ရီရီဝင်း (နည်းပြ)၊ ဦးနေလင်း(နည်းပြ)၊ ဦးအောင်နိုင်(ဒိုင်)၊ ဒေါ်နန်းလောင်ခမ်း(ဒိုင်)နှင့် ပြိုင်ပွဲဝင် အားကစားသမား ခြောက်ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် ပြိုင်ပွဲများအပြီးတွင် ရွှေတံဆိပ် နှစ်ခုနှင့် ကြေးတံဆိပ် နှစ်ခု စုစုပေါင်း ဆုတံဆိပ် လေးခုတို့ကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သည်။

အဆိုပါ အောင်ပွဲရ မြန်မာ့လက်ရွေးစင်ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးဦးဗိုလ်ဌေး၊ စည်ပင်သာယာရေးဝန်ကြီး(မြို့တော်ဝန်) ဦးမျိုးမြင့်အောင်၊ အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ သင်တန်းသားသင်တန်းသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ၏ မိဘဆွေမျိုးမိတ်သင်္ဂဟများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၏ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၂၈**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ တိုင်းထွာချက်အရ ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း နေရာအနှံ့အပြား မိုးထစ်ချုန်း ရွာသွန်းခြင်း၊ မိုးကြီးများ ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ရေလျှံမှု သက်သာစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၏ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ထိုသို့ ဒဂုံမြို့သစ်ခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ပြည်ထောင်စုလမ်းနှင့် မောင်းမကန်လမ်းတို့ရှိ ဘဲတန်းချောင်းတွင် စက်ယန္တရားများဖြင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှု၊ ဒဂုံတက္ကသိုလ်မြောင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မင်းရဲကျော်စွာလမ်းတစ်လျှောက် လမ်းဘေး ဝဲ/ယာတွင် စက်ယန္တရားများဖြင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုတို့ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် တိုင်းဒေသကြီး ဝန်ကြီးများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မရမ်းကုန်းမြို့နယ် အင်းလျားကန်ရေပြင်သန့်ရှင်းမှုရှိစေရေး AQURAMARINE ဒိုက်ဆယ်ယူစက်ဖြင့် ဒိုက်နှင့်အမှိုက်များ ဆယ်ယူခြင်းနှင့် ရန်ကုန်မြို့ အင်းလျားကန်ရေပိုလွှဲစစ်ဆေးခြင်း၊ ဗဟန်းမြို့နယ် ကန်တော်ကြီးဥယျာဉ် သန့်ရှင်းသာယာလှပရေးအတွက် ဥယျာဉ်အတွင်းရှိ အုပ်ဆိုင်းနေသည့် သစ်ပင်များ ခုတ်ထွင်ရှင်းလင်းအလင်းဖွင့်ခြင်း၊ ကန်တော်ကြီး ရေပြင်သန့်ရှင်းမှုရှိစေရေး AQURAMARINE ဒိုက်ဆယ်ယူစက်ဖြင့် ဒိုက်နှင့်အမှိုက်များ ဆယ်ယူခြင်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ရန်ကုန်မြို့အခြေစိုက် အင်ဒိုနီးရှားနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ H.E. Mr. Novan Ivanhoe Saleh နှင့် အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ သံတမန်ခန်းမတွင် တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ၊ ချစ်ကြည်ရင်းနှီးမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**



# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (စတုတ္ထနေ့) ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၈**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (စတုတ္ထနေ့) ကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီး လွှတ်တော်ရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးက မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း ၁၁ ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီး ဝန်ကြီးများက ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က "မန္တလေးတိုင်းဒေသကြီး၏ ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်" နှင့် စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုပေးပါရန် တင်သွင်းရာ လွှတ်တော်က သဘောတူသည့်အတွက် အတည်ပြုခဲ့ပြီး တိုင်းဒေသကြီး လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (စတုတ္ထနေ့) ကို ရပ်နားသည်။

တတိယအကြိမ် တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (ပဉ္စမနေ့) ကို စက်တင်ဘာ ၂၉ ရက် အင်္ဂါနေ့ နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မော်ထွန်း (ပြန်/ဆက်)**

# ညောင်ရွှေမြို့နယ် အင်းလေးကန်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်အချို့နှင့် လျှပ်စစ်မီးတိုင်များ ထိခိုက်ပျက်စီး

**ညောင်ရွှေ စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးကန်အတွင်းရှိ ငါးဖယ်ချောင်းကျေးရွာ အုပ်စု ပျားပင်(တောင်) ကျေးရွာ၌ ယမန်နေ့က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်အချို့နှင့် လျှပ်စစ်မီးတိုင်များ ထိခိုက်ပျက်စီးခဲ့ကြောင်း၊ လူနှင့် တိရစ္ဆာန်များ တစ်စုံတစ်ရာ ထိခိုက်သေဆုံးပျက်စီးမှု မရှိခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၃၁ လုံးခန့် အမိုးအကာများ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့ပြီး ကျေးရွာအတွင်း သွယ်တန်းထားသည့် 11KV အင်းဟောင်းဖီဒါမှ ဓာတ်အားပေးထားသည့် 11KV သစ်သားစင်တစ်စုံ၊ 11KV Arm တစ်ချောင်း၊ Pin ကြွေသီး သုံးလုံး၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ကွန်ကရစ်တိုင် သုံးတိုင်၊ သစ်သားတိုင် သုံးတိုင်၊ ကြွေသီး ခြောက်လုံး ထိခိုက်ပျက်စီး၍ လျှပ်စစ်ဓာတ်အားပြတ်တောက်လျက်ရှိပြီး အမြန်ဆုံးပြန်လည် ပြင်ဆင်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**



# ပေါင်မြို့နယ်၌ မုန်တိုင်းဘေးအန္တရာယ် အသိပညာပေးနှိုးဆော်

**ပေါင် စက်တင်ဘာ ၂၈**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ပြည်သူများ သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိ လိုက်နာနိုင်ရန်အတွက် "အားကောင်းသောလေဖိအားနည်းရပ်ဝန်း အခြေအနေသတင်း" အား အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးလှိုင်၊ မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြတ်ကိုကိုနှင့် ဝန်ထမ်းများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိ၊ အလုပ်နယ်မြေရဲကင်းစခန်းမှ စခန်းမှူးတို့ ပူးပေါင်း၍ လှည့်လည်အသိပေးနှိုးဆော်ခြင်းကို ယနေ့မွန်းလွဲပိုင်းက ပင်လယ်ကမ်းစပ်ဒေသ ကျေးရွာအုပ်စုများဖြစ်သည့် အလုပ်ကျေးရွာအုပ်စုနှင့် ဝဲပတန် ကျေးရွာအုပ်စုတို့တွင် ဆောင်ရွက်ခဲ့ကြပြီး မုတ္တမကျေးရွာအုပ်စုရှိ ပြည်သူများ ကြိုတင်သတိပြု ပြင်ဆင်နိုင်ရေးအတွက် မုတ္တမနယ်မြေ မီးသတ်စခန်းမှူးနှင့်ဝန်ထမ်းများ၊ မုတ္တမကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အသိပေးနှိုးဆော်ခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**မွန်မလေး(ပြန်/ဆက်)**

# သံဖြူဇရပ်၌ သဘာဝဘေးမဖြစ်ပေါ်စေရေး ကွင်းဆင်းဆောင်ရွက်

**သံဖြူဇရပ် စက်တင်ဘာ ၂၈**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ သဘာဝဘေးမဖြစ်ပေါ်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး၊ မြို့ပေါ်ရပ်ကွက်များတွင် မိုးရွာသွန်းမှုများပါက ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေး၊ ကျောင်းပိုင်းရပ်ကွက်၊ ပိတောက်မြိုင်လမ်းရှိ ခေါပင်န် ချောင်းကူးတံတားနှင့် စက်သစ်ရပ်ကွက် အောင်ချမ်းသာလမ်းရှိ တံတားများ ရေစီးရေလာပိတ်ဆို့မှု မရှိစေရေးအတွက် အမှိုက်သရိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းကို ယနေ့ညနေပိုင်းက မြို့နယ်သဘာဝဘေးကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးသီဟအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်သူများ စုစုပေါင်းအင်အား ၁၅၈ ဦးခန့်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ။

# ကရင်ပြည်နယ်၌ ရေကြီးရေလျှံမှုလျော့နည်းသက်သာစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး လုပ်ငန်းဆောင်ရွက်

**ဘားအံ စက်တင်ဘာ ၂၈**

ကရင်ပြည်နယ် ဘားအံမြို့သည် မိုးများသည့်ဒေသဖြစ်ပြီး နှစ်စဉ်ရေကြီးရေလျှံမှုများ ဖြစ်ပွားလေ့ရှိသည့်အတွက် ရေကြီးရေလျှံမှုလျော့နည်းသက်သာစေရေး၊ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို ပြည်နယ်အစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့်ဆောင်ရွက်လျက်ရှိရာ ရွှေကင်း-ကမော့ကစင်တူးမြောင်း တိမ်ကောနေမှုအား ယာဉ်၊ ယန္တရားများအသုံးပြု၍ ပြန်လည်တူးဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရွှေကင်း-ကမော့ကစင်တူးမြောင်း အရှည်ပေတစ်သောင်းကျော်ကို ထိပ်ဝအကျယ် ၃၅ ပေ၊ အောက်ခြေအကျယ် ၁၅ ပေ၊ ပျမ်းမျှအနက် ကိုးပေရရှိအောင် တူးဖော်ဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ပြည်နယ်ဝန်ကြီးများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့ပြင် နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် (၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ပွဲတော်ကို ကရင်ရိုးရာ ဒုံးအကပြိုင်ပွဲများ၊ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများ၊ ဌာနဆိုင်ရာများနှင့် MSME ပြခန်းများ၊ အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)တွင် ကျင်းပသည့် ကရင်ပြည်နယ်နေ့ အခမ်းအနားကျင်းပရေး စီမံခန့်ခွဲမှုဦးစီးကော်မတီနှင့် အထောက်အကူပြုလုပ်ငန်းကော်မတီများ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးများက လုံခြုံရေးဆိုင်ရာအစီအမံများနှင့် ကဏ္ဍအသီးသီးတွင် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ဆွေးနွေးတင်ပြကာ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ယခင်အပတ်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြ၍ ကော်မတီအသီးသီးနှင့် တက်ရောက်လာသူများက ဆွေးနွေးတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး အထက(ရှမ်းရွာ)မှ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ  ယာယီနေရပ်စွန့်ခွာများအတွက် ဆန်အိတ်များ ပေးအပ်လှူဒါန်း

**လေးမျက်နှာ စက်တင်ဘာ ၂၈**



ရေဘေးသင့်ဒေသ လေးမျက်နှာမြို့နယ်အတွင်း အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းပေါင်း ၃၉ ကျောင်း ယာယီပိတ်ထားခဲ့ရာမှ ယခုအခါ ရေများပြန်လည်ကျဆင်းသွားပြီဖြစ်၍ စာသင်ကျောင်း ၃၅ ကျောင်း ဖွင့်လှစ်သင်ကြားနေပြီဖြစ်ရာ လေးမျက်နှာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးသည် မြို့နယ်ပညာရေးမှူး ဦးသူရလင်းနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းရွာ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံကာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်လူရွယ်များ မွေးထုတ်ပေးရေး တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ကျောင်းအတွက် မိတ္တူကူးစက် အသေးတစ်လုံး ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။

**တွေ့ဆုံအားပေး**

ထို့နောက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်စိုးနှင့် အဖွဲ့သည် ကုန်းကြီးကျေးရွာသို့သွားရောက်ပြီး အဆိုပါရွာ၌ လေးမျက်နှာမြို့နယ်အနောက်ခြမ်းမှ ယာယီနေရပ်စွန့်ခွာ ရောက်ရှိနေကြသော မိသားစု ၅၄ စုအား တွေ့ဆုံအားပေးစကားပြောကြားကာ ဆန်အိတ်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်

**ဟုမ္မလင်း စက်တင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့၌ ဥပဒေရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်သူများအသိပညာရရှိစေရန်ရည်ရွယ်၍ ဟုမ္မလင်းမြို့နယ်ဥပဒေရုံး၏ကြီးကြပ်မှုဖြင့် ဟုမ္မလင်းမြို့နယ် ရပ်ကွက်အုပ်ချုပ်ရေးမှူးများကဖွင့်လှစ်သော ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းကို ဟုမ္မလင်းရပ်ကွက် ပြည်တော်ပြန်ဘုရားဓမ္မာရုံ၌ ယမန်နေ့က ဖွင့်လှစ်ရာ ဟုမ္မလင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးညဏ်လင်းစိုးက ပြည်သူများသိသင့်သိထိုက်သည့် ဥပဒေရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ အသိပညာပေးဟောပြောရာ တက်ရောက်လာကြသည့် ပြည်သူများကလည်း သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခြင်းများ ပြုလုပ် ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဆင်ဖြူကျွန်း၌ ဒေသခံပြည်သူများအား မူခင်းအသိပညာပေး

**စလင်း စက်တင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့ ဆုံကုန်းကျေးရွာရှိ ဒေသခံပြည်သူများအား မူခင်းအသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၄ ရက်က ဆုံကုန်းကျေးရွာဓမ္မာရုံ၌ကျင်းပရာ မြို့နယ် ရဲတပ်ဖွဲ့ ဒုတိယရဲမှူး ကျော်သန်းထွန်းက လူငယ်များအတွက် Social Media စိန်ခေါ်မှုဆိုင်ရာများ အသိပညာပေးခြင်းများကို ဟောပြောပြီး ဆင်ဖြူကျွန်းမြို့နယ် နယ်မြေစခန်းမှူး ဒုတိယရဲမှူး မြို့ကြည်က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် လမ်းအသုံးပြုသူများနှင့် မော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် ယာဉ်စည်းကမ်းလိုက်နာရေးတို့ကို ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာများမှ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲ စိတ်ပိုင်းဆိုင်ရာ၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုနှင့် သုံးစွဲမှုများကိုတွေ့ရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်သည့် လမ်းကြောင်းများကို ဟောပြောသည်။ ယင်းနောက် ဒေသခံပြည်သူများအား အွန်လိုင်းလိမ်လည်မှုများ အသိပညာပေးလက်ကမ်းစာစောင်များနှင့် မူခင်းကြိုတင်ကာကွယ်ရေးနှင့် မူခင်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မောင်လွင် (စလင်း)**

# အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်၌ အောက်တိုဘာ ၁၃ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် "ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ နေအိမ်များမှ စတင်စို့" "Resilience Starts at Home" စာစီစာကုံးပြိုင်ပွဲကို ယနေ့ နံနက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း လမ်းမတော်မြို့နယ် စွမ်းအားခန်းမ၌ ကျင်းပသည်။



အဆိုပါ ပြိုင်ပွဲကျင်းပနေမှုကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ဦးသန်းစိုးနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး (ပညာ) နှင့် အဖွဲ့ဝင်များ၊ အထက(၁) လမ်းမတော် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းရီနှင့် ဆရာ ဆရာမများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါစာစီစာကုံးပြိုင်ပွဲသို့ အထက်တန်းအဆင့် ၂၈ ဦး၊ အလယ်တန်းအဆင့် ၂၈ ဦး၊ မူလတန်းအဆင့် ၂၈ ဦး စုစုပေါင်း ၈၄ ဦး ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

# စဉ့်ကိုင်မြို့နယ်၌ ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေး ရေမြောင်းဆယ်ယူခြင်းဆောင်ရွက်

**စဉ့်ကိုင် စက်တင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ရန်အောင်မြင်ရပ်ကွက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးအနီး လမ်းဘေးဝဲ/ယာတစ်လျှောက်ရှိ ရေမြောင်းများ ရေစီးရေလာ ပိုမိုကောင်းမွန်စေရေးနှင့် ရေကြီး/ရေလျှံမှု မဖြစ်ပေါ်စေရေး၊ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးစေတို့အတွက် ယမန်နေ့က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာမောင်စိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီအသင်းတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ရေမြောင်းများအတွင်းရှိ အမှိုက်သရိုက်များ၊ ပလတ်စတစ် အိတ်ခွံများအားဆယ်ယူ၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေမြောင်းများအတွင်း ခြင်ဆေးဖျန်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**ကျော်စွာ(စဉ့်ကိုင်)**

## မေတ္တာပြည့်ဝ အခါသမယ

❖ ပြည်သာဝတ္ထိ ကျောင်းတော်ရှိရာ
ဇေတဝန်သာဝယ် မြတ်စွာဘုရား
ဟောကြားကမ္မဋ္ဌာန်း ဆင်မြန်းပြီးသော်
ရဟန်းတော်ငါးရာ ထွက်ခွာချက်ချင်း
တောအုပ်တွင်း၌ ထိုးထွင်းကျင့်ကာ
ဝိပဿနာပွား ကြိုးစားအားထုတ်
တရားအလုပ်ကြောင့် တောအုပ်နေညား
နတ်အများတို့ ခံစားမနိုင်
တူပြိုင်ခြိမ်းခြောက် နေရာပျောက်ခဲ့။
❖ ရဟန်းငါးရာ တောမြိုင်သာမှ
ပြန်ကာကြွချီ ဗုဒ္ဓဆီသို့
စုံညီဇာတ်ပေါင်း နှောင့်ယှက်ကြောင်းကို
ပြန်ပြောင်းလျှောက်ထားဖြစ်ရပ်များ။
❖ ဘုရားမြတ်စွာ မိန့်တော်မှာသည်
ကြည်သာရွှင်ပြ ပို့သမေတ္တာ
ဒေဝါနတ်များ သိစေသားဟု
နှုတ်ဖျားသံချို ရွတ်ကာဆိုလော့
ကိုယ်စီမေတ္တာ ထားရှိပါက
ဘယ်မှာရန်ဘေးရှိအံ့နည်း။
❖ ရဟန်းငါးရာ ပြန်လာမူလ
တောတွင်းကျသော် ရွတ်ကြဂါထာ
ထိုမေတ္တာနှင့် ကောင်းကျင့်ကောင်းကြံ
ပို့သမှန်ကြောင့် ပြန်လှန်ချစ်ခင်
ပျော်ရွှင်နတ်ပေါင်း စိတ်ပြောင်းသွားကာ
ချောက်ချားအမှု ဖယ်ခွာပြုခဲ့။
❖ မေတ္တာတန်ခိုး သူ့တန်ဖိုးကြောင့်
ဖြောင့်စွာကျင့်သွား ရဟန်းများလည်း
စိတ်ထားမြင့်မြတ် မေတ္တာဓာတ်ဖြင့်
မြိုင်ရပ်တောတွင် ကျင့်စဉ်ပြီးမြောက်
ဝါခေါင်ရောက်တိုင် တောရပ်မြိုင်မှာ
ကျင့်နိုင်ဝါတွင်း အောင်မြေနင်းခဲ့။
❖ ထိုသို့ဖော်ထုတ် မေတ္တာသုတ်ကြောင့်
ဟုတ်မှန်လမ်းသိ ပစ္စိမဝါ
ကပ်ကြရှာသား ရဟန်းများ၏
ထင်ရှားဂုဏ်မြူး မေတ္တာထူးကို
ဖော်ကျူးပါရ ခါသမယသည်
ကြီးစွမေတ္တာနေ့ထူးတည်း။

ဘိုမျိုး(ရွှေဘို)

## ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ ရောက်ရှိနေသော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ရေယာဉ်များ ပြန်လည်ထွက်ခွာ





**နေပြည်တော် စက်တင်ဘာ ၂၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ) 48th PLA Navy Escort Task Group မှစစ်ရေယာဉ်များဖြစ်သည့် ဖျက်သင်္ဘော Tang Shan ၊ ဖရီးဂိတ်စစ်ရေယာဉ် Da Qing နှင့် ထောက်ပံ့ရေးစစ်ရေယာဉ် Tai Hu တို့သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူတို့က ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ စစ်ရေယာဉ်များနှင့်အတူ လိုက်ပါလာသည့် တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ လည်ပတ်ခြင်း၊ ရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ သွားရောက်လေ့လာခြင်း၊ နှစ်နိုင်ငံ ချစ်ကြည်ရေး အားကစားပြိုင်ပွဲများပြုလုပ်ခြင်း၊ နှစ်နိုင်ငံ စစ်ရေယာဉ်များသို့ အပြန်အလှန်လေ့လာခြင်း၊ ဂုဏ်ပြုညစာစားပွဲ အပြန်အလှန် ကျင်းပခြင်းများ ဆောင်ရွက်ခဲ့ကြပြီး စစ်ရေယာဉ်များ အပြန်ခရီးစဉ်အတွင်း တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့်အတူ အပြန်အလှန် ဖြတ်သန်း မောင်းနှင်နှုတ်ဆက်ခြင်း လေ့ကျင့်ခန်း(PASSEX) တို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

## M League 2026 U20 အမှတ်ပေးဘောလုံးပြိုင်ပွဲ Week-17 ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်မည်

**ရန်ကုန် စက်တင်ဘာ ၂၈**

M League 2026 U20 အမှတ်ပေးဘောလုံးပြိုင်ပွဲ၏ Week–17 ပွဲစဉ်များကို စက်တင်ဘာ ၂၉ ရက်(ယနေ့)တွင် ရန်ကုန်မြို့ရှိ YUSC ကွင်းနှင့် ဗဟန်းကွင်းတို့တွင် အကြိတ်အနယ် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ယခုတစ်ပတ်ပွဲစဉ်များတွင် အသင်းကြီးများ၏ စိတ်ဝင်စားစရာ ထိပ်တိုက်တွေ့ဆုံမှုများပါဝင်နေပြီး အထူးသဖြင့် သစ္စာအားမာန်နှင့် ဒဂုံစတားယူနိုက်တက်အသင်း၊ ရတနာပုံအသင်းနှင့် ISPE အသင်းတို့၏ ပွဲကောင်းများ ပါဝင်နေသည်။

စက်တင်ဘာ ၂၉ ရက် ညနေ ၃ နာရီခွဲတွင် YUSC ကွင်း၌ စစ်ကိုင်းယူနိုက်တက်နှင့် ရှမ်းယူနိုက်တက်အသင်း၊ ဗဟန်းကွင်း၌ မြဝတီအသင်းနှင့် Falcon အသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး စက်တင်ဘာ ၃၀ ရက် ညနေ ၃ နာရီခွဲတွင် YUSC ကွင်း၌ Chinland အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ ဗဟန်းကွင်း၌ ရန်ကုန်စီးတီးနှင့် ရောဝတီယူနိုက်တက်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ထို့ပြင် အောက်တိုဘာ ၁ ရက် ညနေ ၃ နာရီခွဲတွင် ဗဟန်းကွင်း၌ Galaxy အသင်းနှင့် ဟံသာဝတီယူနိုက်တက် အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ကာ အောက်တိုဘာ ၂ ရက် ညနေ ၃ နာရီခွဲတွင် YUSC ကွင်း၌ သစ္စာအားမာန်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း၊ ဗဟန်းကွင်း၌ ရတနာပုံအသင်းနှင့် ISPE အသင်းတို့ အသီးသီးယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**နေမျိုး**

❑ *ကျောဖုံးမှ*

တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်းနှင့် စမ်းချောင်းမြို့နယ် ပဒုမ္မာကွင်းတို့၌ ခွဲ၍ ကျင်းပသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ် U–19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို သက်ဆိုင်ရာ အားကစားကွင်းများ၌ တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့များမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ အကြီးအကဲများနှင့် ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင် မိဘပြည်သူများ တစ်ခဲနက်လာရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U–19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ကရင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကရင်ပြည်နယ်အသင်းက နှစ်ဂိုး – ဂိုးမရှိဖြင့်လည်းကောင်း၊ စမ်းချောင်းမြို့နယ် ပဒုမ္မာကွင်း၌ ရှမ်းပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဒုတိယပိုင်း ပြီးဆုံးချိန်အထိ တစ်ဖက်တစ်ဂိုးစီသရေရလဒ်ဖြစ်နေ၍ အချိန်ပိုကစားခဲ့ရာ နှစ်သင်းစလုံး အနိုင်ဂိုးရရှိအောင် ထပ်မံသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပယ်နယ်တီဂိုးရလဒ် အဆုံးအဖြတ်အရ ဧရာဝတီတိုင်းဒေသကြီးအသင်းက ခြောက်ဂိုး–ငါးဂိုးဖြင့်လည်းကောင်း အကြိတ်အနယ် ယှဉ်ပြိုင်အနိုင်ရရှိသည်။

စက်တင်ဘာ ၂၉ ရက်တွင် ပြိုင်ပွဲ တစ်ရက်နားမည်ဖြစ်ပြီး စက်တင်ဘာ ၃၀ ရက် ညနေ ၃ နာရီမှစတင်၍ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ YTC လေ့ကျင့်ရေးကွင်း(၁)ရှိ (စက်ဘီးကွင်း)၌ တိုင်းဒေသကြီးနှင့်ပြည်နယ် U–19(အမျိုးသမီး) ဘောလုံးပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်အဖြစ် ရှမ်းပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်း၊ ညနေ ၄ နာရီတွင် သုဝဏ္ဏ ဘောလုံးကွင်း၌ ဗိုလ်လုပွဲပွဲစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်းနှင့် အဆိုပါဗိုလ်လုပွဲ ပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရုပ်သံလိုင်းများဖြစ်သည့် MRTV Sports Channel နှင့် MRTV Entertainment တို့တွင် တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**သွေးသည် အသက်။**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “ဗိုလ်ကြီး” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ဇမော်ကျေးရွာနေ တိုးလှိုင်ဝင်း(ခ)ငတိုးအား ညနေ ၅ နာရီ ၁၀ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေတာရှည် မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## မုံရွာ- မန္တလေးပြေးဆွဲနေသော ခရီးသည်တင်မော်တော်ယာဉ်အား PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် ရဟန်းသံဃာတော်နှင့်အပြစ်မဲ့အရပ်သားပြည်သူများသေဆုံး၊ ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် စက်တင်ဘာ ၂၈**

CRPH ၊ NUGနှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်၍ စစ်ရေးပစ်မှတ်နှင့် မသက်ဆိုင်သည့်နေရာများ၊ အရပ်သားပြည်သူများ၊ သစ္စာရှိနိုင်ငံ့ဝန်ထမ်းများနှင့် အရွယ်မရောက်သေးသူကလေးသူငယ်များအား သေဆုံး၊ထိခိုက်ဒဏ်ရာရစေရန် အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင်အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ အများပြည်သူသွားလာအသုံးပြုလျက်ရှိသော လမ်းဘေးဝဲ/ယာများ၌ မိုင်းထောင်ခြင်း၊ အေးချမ်းစွာပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများအားလက်နက်အားကိုးဖြင့် ခြိမ်းခြောက်ခြင်းနှင့် ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို နည်းမျိုးစုံဖြင့် ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် ဥပဒေမဲ့ကျူးလွန်လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့ဘက်မှ မုံရွာမြို့ဘက်သို့ ယာဉ်မောင်း ဦးဇင်ကိုအောင်(ဘ)ဦးမှန် မြိုင်မြို့နယ် လင်းကတောကျေးရွာနေသူမောင်းနှင်လာသည့် AD Van အမျိုးအစား မော်တော်ယာဉ်အား မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာအကျော် တံတားအနီး မိုင်တိုင်အမှတ်၊ ၄၂/၅ အရောက်၌ PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့်ခရီးသွားများဖြစ်သည့် ငပုတောမြို့နယ် သက္ကယ်ချောင်းကျေးရွာနေ ဒေါ်ဝေဝေလွင်(ဘ)ဦးသောင်းရွှေသည် မိုင်းစထိမှန် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ဆရာတော် ဘဒ္ဒန္တ သီလာစာရနှင့် ရေစကြိုမြို့နယ် ဒီပဆေးကျေးရွာနေ မမီမီသန့်(ဘ)ဦးဝင်းသန့်နှင့် ယာဉ်မောင်းဖြစ်သူတို့တွင် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်၌ မိုင်းစထိခိုက်ဒဏ်ရာရရှိသူများအား လုံခြုံရေးအဖွဲ့များက မြင်းမူမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စေပြီး လိုအပ်သော ဆေးဝါးကုသမှုများ ဆက်လက်ဆောင်ရွက်စေလျက်ရှိကြောင်း သိရှိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများသည် ယခုကဲ့သို့ စစ်ရေးပစ်မှတ်နှင့် မသက်ဆိုင်သည့် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်လျက်ရှိသည့် ရဟန်းသံဃာတော်နှင့် အပြစ်မဲ့အရပ်သားပြည်သူများ စီးနင်းလိုက်ပါလာသည့် ခရီးသွား မော်တော်ယာဉ်အား ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် မိုင်းဆွဲတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ခဲ့ခြင်းအတွက် ဒေသခံပြည်သူများအနေဖြင့်လည်း ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်မှု ကျူးလွန်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်သိဒေသခံပြည်သူများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိပြီး နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



မြင်းမူမြို့နယ် ထီးဆောင်းရွာအနီး အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းဆွဲတိုက်ခိုက်မှုကြောင့် ခရီးသွားမော်တော်ယာဉ် ထိခိုက်ပျက်စီးမှု။

**မြင်းမူမြို့နယ် ထီးဆောင်းရွာအနီး အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းဆွဲတိုက်ခိုက်မှုကြောင့် ရဟန်းသံဃာတော်နှင့် ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု**



ဆရာတော် ဘဒ္ဒန္တ သီလာစာရ



ဒေါ်ဝေဝေလွင်(သေဆုံး)



မမီမီသန့်



ဦးဇင်ကိုအောင်(ယာဉ်မောင်း)

# မြန်မာယူ-၁၇ နှင့် အိန္ဒိယယူ-၁၇ အသင်း ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်



ရန်ကုန် စက်တင်ဘာ ၂၈

၂၀၂၇ အာရှ ယူ-၁၇ ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် မြန်မာယူ-၁၇ အသင်းနှင့် အိန္ဒိယယူ-၁၇ အသင်းတို့ ယှဉ်ပြိုင်ကစားမည့် နိုင်ငံတကာခြေစမ်းပွဲနှစ်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ခြေစမ်းပွဲစဉ်များကို သန်လျင်မြို့ရှိ Star City Sports Club ၌ ကျင်းပမည်ဖြစ်ပြီး ပထမအကျော့ပွဲစဉ်ကို အောက်တိုဘာ ၄ ရက်နှင့် ဒုတိယအကျော့ပွဲစဉ်ကို အောက်တိုဘာ ၇ ရက်တွင် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

မြန်မာယူ-၁၇ နှင့် အိန္ဒိယယူ-၁၇ အသင်းသည် ပြီးခဲ့သည့်မတ်လက ရန်ကုန်မြို့၌ ခြေစမ်းပွဲနှစ်ပွဲယှဉ်ပြိုင်ခဲ့ဖူးပြီး ပထမပွဲစဉ်တွင် အိန္ဒိယအသင်းက နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သလို ဒုတိယပွဲစဉ်တွင် နှစ်ဖက်ဂိုးမရှိ သရေကျခဲ့ကြသည်။

ထို့ပြင် မြန်မာ ယူ-၁၇ အသင်းပါဝင်ယှဉ်ပြိုင်မည့် ၂၀၂၇ အာရှ ယူ-၁၇ ခြေစစ်ပွဲ အုပ်စု(A)ပွဲစဉ်များကို နိုဝင်ဘာလတွင် မြန်မာနိုင်ငံကပင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ အုပ်စု(A)တွင် အိမ်ရှင် မြန်မာအသင်း၊ အင်ဒိုနီးရှား၊ အာဖဂန်နစ္စတန်၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား အသင်းတို့နှင့် ကျရောက်လျက်ရှိသည်။

အုပ်စု (B)တွင် ထိုင်း(အိမ်ရှင်)၊ အီရတ်၊ ဟောင်ကောင်၊ တရုတ် (တိုင်ပေ)၊ မော်လ်ဒိုက်၊ အုပ်စု (C) တွင် ယူအေအီး(အိမ်ရှင်)၊ ဘင်္ဂလားဒေ့ရှ်၊ ဆီးရီးယား၊ ဘူတန်၊ မကာအို၊ အုပ်စု(D)တွင် အီရန်၊ လာအို (အိမ်ရှင်)၊ ဂျော်ဒန်၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ အုပ်စု (E)တွင် အိန္ဒိယ၊ မလေးရှား (အိမ်ရှင်)၊ ပါလက်စတိုင်း၊ စင်ကာပူ၊ ဂူအမ်၊ အုပ်စု (F) တွင် ယီမင်၊ တာ့ခ်မင်နစ္စတန်၊ ကာဂျစ္စတန်(အိမ်ရှင်)၊ မွန်ဂိုလီးယား၊ မြောက်မာရီယာနာကျွန်းစုနှင့် အုပ်စု (G) တွင် အိုမန်(အိမ်ရှင်)၊ ကူဝိတ်၊ ဘာရိန်း၊ လက်ဘနွန်၊ ဘရူနိုင်းအသင်းတို့ အသီးသီးပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

နေမျိုး၊ ဓာတ်ပုံ-MFF



ထက်သူအောင်
မိုးညှင်းမြို့။



မေရီဆန်စင်
လားရှိုးမြို့။



မျိုးမြဲမြတ်ထွန်းကြည်
ရွှေညောင်မြို့။



လှိုင်ဖုန်း
ပုသိမ်ကြီးမြို့နယ်။



စန်းယုအောင်
ပြင်ဦးလွင်မြို့။



သဲအိခိုင်
ပျဉ်းမနားမြို့နယ်။



သီဟ
ဇမ္ဗူသီရိမြို့နယ်။



ဇော်ကိုလတ်
လှည်းကူးမြို့။



ရန်နိုင်အောင် ဒဂုံမြို့သစ်
(မြောက်ပိုင်း)မြို့နယ်။



မျိုးဇော် ဒဂုံမြို့သစ်
(အရှေ့ပိုင်း)မြို့နယ်။



အောင်ဟိန်း ဒဂုံမြို့သစ်
(တောင်ပိုင်း)မြို့နယ်။



ငြိမ်းဝင်းအောင်
မင်္ဂလာဒုံမြို့နယ်။



ကျော်ဝင်းစိုး
မင်္ဂလာဒုံမြို့နယ်။



မြသီတာ
လှိုင်မြို့နယ်။



သက်နိုင်ထူး
ကြည့်မြင်တိုင်မြို့နယ်။



ညွန့်ရီ
ဆိပ်ကြီးခနောင်တိုတိုက်နယ်။



ကြူကြူဝင်း
ပုသိမ်မြို့။



သိန်းဇင်ထိုက်
ဒေးဒရဲမြို့။



ကြည်ကြည်စန်း
ဒေးဒရဲမြို့နယ်။



အောင်ဇော်ထွေး
မအူပင်မြို့။



အေးအေးသင်း
ကျောင်းကုန်းမြို့။

◆ *ကျောဖုံးမှ*

အစိုးရ အုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုများအပေါ် ဥပဒေနှင့်အညီထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်အဖွဲ့များအား အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုများ ပြုလုပ်နေသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကိုလည်း ဖော်ထုတ်အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အကြမ်းဖက် NUG အဖွဲ့အနေဖြင့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ၎င်းတို့ရေရှည်ရပ်တည်နိုင်ရန်အတွက် People's Revolution Supply Family-PRF Website (https://form.prfhq.modnug.org) အား တည်ထောင်၍ Wave Pay၊ တရားမဝင် NUG Pay၊ တရားမဝင် SDB Bank၊ Crypto နှင့် နိုင်ငံခြားငွေ Payment စနစ်များမှတစ်ဆင့် ငွေကြေးကောက်ခံလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည်။

အကြမ်းဖက်အဖွဲ့များ အခြေပြုနေထိုင်ရပ်တည်၍ ဥပဒေမဲ့ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်နေခြင်းကိုမလိုလားသော အေးချမ်းစွာနေထိုင်လိုသည့် တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်များအရ PRF Website သို့ Wave-Pay ဖြင့် ငွေကြေးထောက်ပံ့သူ ၇၀၀ ခန့်၊ တရားမဝင် NUG Pay ဖြင့် ငွေကြေးထောက်ပံ့သူ ၁၀၀၀ ခန့်၊ တရားမဝင် SDB ဘဏ်ဖြင့် ငွေကြေးထောက်ပံ့သူ ၁၀၀၀ ခန့် စုစုပေါင်း ၂၇၀၀ ကျော်၏ အချက်အလက်များအား ဖော်ထုတ်ရရှိခဲ့ပြီး ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ PRF Website သို့ ငွေကြေးထောက်ပံ့ပေးပို့သူ တရားခံများဖြစ်ကြသည့် မိုးညှင်းမြို့နေ ထက်သူအောင်၊ လားရှိုးမြို့နေ မေရီဆန်စင်၊ ရွှေညောင်မြို့နေ မျိုးမြဲမြတ်ထွန်းကြည်၊ ပုသိမ်ကြီးမြို့နယ်နေ လှိုင်ဖုန်း၊ ပြင်ဦးလွင်မြို့နေ စန်းယုအောင်၊ ပျဉ်းမနားမြို့နယ်နေ သဲအိခိုင်၊ ဇမ္ဗူသီရိမြို့နယ်နေ သီဟ၊ လှည်းကူးမြို့နေ ဇော်ကိုလတ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်နေ ရန်နိုင်အောင်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ မျိုးဇော်၊ ဒဂုံမြို့ သစ် (တောင်ပိုင်း) မြို့နယ်နေ အောင်ဟိန်း၊ မင်္ဂလာဒုံမြို့နယ်နေ ငြိမ်းဝင်းအောင်နှင့် ကျော်ဝင်းစိုး၊ လှိုင်မြို့နယ်နေ မြသီတာ၊ ကြည့်မြင်တိုင်မြို့နယ်နေ သက်နိုင်ထူး၊ ဆိပ်ကြီးခနောင်တို တိုက်နယ်နေ ညွန့်ရီ၊ ပုသိမ်မြို့နေ ကြူကြူဝင်း၊ ဒေးဒရဲမြို့နေ သိန်းဇင်ထိုက်နှင့် ကြည်ကြည်စန်း၊ မအူပင်မြို့နေအောင်ဇော်ထွေး၊ ကျောင်းကုန်းမြို့နေ အေးအေးသင်း စုစုပေါင်းတရားခံ ၂၂ ဦးအား ဖော်ထုတ်ဖမ်းဆီးရရှိခဲ့သည်။

အဆိုပါ NUG အကြမ်းဖက်အဖွဲ့၏ တရားမဝင် PRF Website (https://form. prfhq.modnug.org) သို့ ငွေကြေးထောက်ပံ့မှုပြုလုပ်သူ ဖမ်းဆီးရမိတရားခံများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး PRF Website နှင့်ဆက်စပ်ပြီး ကျန်ရှိသည့်တရားခံများအား ဆက်လက်ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဖော်ထုတ်ဖမ်းဆီးရရှိသည့် WavePay အကောင့်များအား ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီပိတ်သိမ်း၍ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းသွားမည် ဖြစ်သည်။

မိဘပြည်သူများ အနေဖြင့်လည်း CRPH၊ NUG အကြမ်းဖက်အဖွဲ့အပါအဝင် အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အဖွဲ့အစည်းများအား ထောက်ခံမှု၊ ကူညီအားပေးမှု ငွေကြေးထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်နှင့်အညီ အဆိုပါအားပေးထောက်ခံမှုပြုနေသူများ၏ သတင်းကိုသိရှိပါက သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့တိုင်ကြားနိုင်ပြီး သတင်းပေးပို့လာသူများကိုလည်း ထိုက်တန်စွာ ဆုကြေးများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တပ်မတော်စစ်ကြောင်းများက KNU၊ KNLA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသော ကမမောင်း-ဖာပွန်သွားလမ်းကြောင်းပေါ်ရှိ ဆင်စွယ်ကျေးရွာအား ထပ်မံ၍ ပြန်လည်ထိန်းချုပ် သိမ်းပိုက်ရရှိ

**နေပြည်တော် စက်တင်ဘာ ၂၈** တပ်မတော် စစ်ကြောင်းများက KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုး ထားသော ကမမောင်း – ဖာပွန် သွား လမ်းကြောင်းတစ်လျှောက် အား နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယနေ့ တွင် အဆိုပါ လမ်းကြောင်းပေါ်ရှိ ဆင်စွယ်ကျေးရွာအား ထပ်မံ၍ ပြန်လည်သိမ်းပိုက် ထိန်းချုပ် နိုင်ခဲ့ကြောင်း သိရှိရသည်။

KNU ၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်း ကျန်းသူ ပူးပေါင်းအဖွဲ့များသည် ဒေသတွင်း အဖျက်အမှောင့် လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် ကုန်စည်စီးဆင်းမှုများ ပြတ် တောက်စေရန် ရည်ရွယ်၍ ကမမောင်း–ဖာပွန်သွား ကားလမ်း မကြီးအား ယာယီစိုးမိုးထား သဖြင့် တပ်မတော်စစ်ကြောင်း များက အဆိုပါလမ်းကြောင်း တစ်လျှောက်အား ပြန်လည် ထိန်းချုပ်ဖွင့်လှစ်ပေးပြီး ပြည်သူ လူထု၏ လူမှုစီးပွားဘဝများကို ပြန်လည် ဖော်ဆောင်ပေးနိုင်ရန် အတွက် ကမမောင်းမြို့တွင် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ပြီး ၂၀၂၆ ခုနှစ် မေလ ၅ ရက်မှစ၍ စစ်ကြောင်းများခွဲကာ လမ်းကြောင်း ဖွင့်လှစ်နိုင်ရေး လုပ်ငန်းများကို အဆင့်ဆင့် ဆောင် ရွက်ခဲ့ကြရာ မေလ ၈ ရက်နေ့တွင် ကျောက်ကွင်းလေးကျေးရွာအား လည်းကောင်း၊ မေလ ၁၀ ရက်နေ့ တွင် ဝက်သိုးခိုကျေးရွာနှင့် မီဇိုင်း ချောင်းဖျားကျေးရွာတို့အား လည်း ကောင်း၊ မေလ ၁၆ ရက်နေ့တွင် နေကကျေးရွာအားလည်းကောင်း၊ မေလ ၁၈ ရက်နေ့တွင် ရေပူ ကျေးရွာအား လည်းကောင်း၊ မေလ ၂၄ ရက်နေ့တွင် မိုင် (၄၀) ကျေးရွာအား လည်းကောင်း၊ မေလ ၃၁ ရက်နေ့တွင်နိုခဲဒိုကျေးရွာ နှင့် ဘောကျိုထကျေးရွာတို့အား လည်းကောင်း၊ ဇွန်လ ၃ ရက်နေ့ တွင် ကတိုင်တိကျေးရွာအား လည်းကောင်း၊ ဇွန်လ ၂၃ ရက်နေ့ တွင် ဘောကြို့လယ်ကျေးရွာအား လည်းကောင်း၊ ဇွန်လ ၂၄ ရက်နေ့ တွင် ရှမ်းရွာကျေးရွာအားလည်း ကောင်း၊ ဇွန်လ ၂၇ ရက်နေ့တွင် တောင်သူစုကျေးရွာအား လည်း ကောင်း၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် ဖာလုံလေးကျေးရွာအား လည်း ကောင်း၊ စက်တင်ဘာလ ၇ ရက် နေ့တွင် ကမမောင်း–ဖာပွန် လမ်း ကြောင်းပေါ်ရှိ မိုင်တိုင်အမှတ်၊ ၂၈/၅ မိုင်၏ အရှေ့ဘက်မီတာ ၁၈၀၀ ခန့်အကွာ ဖာလုံကြီးကျေးရွာ အားလည်းကောင်း အဆင့်ဆင့် ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့ ပြီး နယ်မြေလုံခြုံရေးလုပ်ငန်းများ ကို ဆက်လက်ဆောင်ရွက်ခဲ့ရာ စက်တင်ဘာလ ၂၇ ရက် ညနေ ပိုင်းတွင် ဆင်စွယ်ကျေးရွာအား ထပ်မံ သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ ကြောင်း သိရှိရသည်။

တပ်မတော်စစ်ကြောင်းများ အနေဖြင့် အဆိုပါကျေးရွာနှင့် လမ်းကြောင်း တစ်လျှောက်အား ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင် ရေး အသက်ကို ပဓာနမထားဘဲ ရွပ်ရွပ်ချွံချွံ ကြိုးပမ်းဆောင်ရွက် ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များနှင့် ထိတွေ့တိုက်ပွဲ ၆၅ ကြိမ်ဖြစ်ပွားခဲ့ပြီး အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့ များထံမှ ယာယီခြေကုပ်စခန်း ၁၁ ခု၊ ရန်သူ့အလောင်း ၁၃ လောင်း၊ လက်နက်မျိုးစုံ ၁၅ လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ FPV Drone ၂၄ စင်း၊ မိုင်းများ၊ လမ်းလျှောက် စကားပြောစက်များ၊ အသုံးအဆောင် ပစ္စည်းများကို သိမ်းပိုက်ရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ နိုင်ငံတော် နှင့်တပ်မတော်အတွက် မြင့်မြတ် စွာ အသက်ပေး လှူခဲ့ကြရ သည်။



တပ်မတော်စစ်ကြောင်းများက KNU၊ KNLA နှင့် PDF အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော ကမမောင်း-ဖာပွန် လမ်းကြောင်းပေါ်ရှိ ဆင်စွယ်ကျေးရွာအား ထပ်မံထိန်းချုပ်သိမ်းပိုက်

အကြမ်းဖက်သောင်းကျန်းသူ များအနေဖြင့် အဆိုပါကျေးရွာ များနှင့် လမ်းကြောင်းတစ်လျှောက် အား ထိန်းချုပ်စိုးမိုးထားစဉ် အတွင်း စစ်ရေးပစ်မှတ်မဟုတ် သည့်ကျေးရွာအတွင်းရှိ လူနေအိမ် များ၌ ဘန်ကာများ ပြုလုပ်၍ ခံစစ်စခန်းများ ပြုလုပ်ခြင်း၊ ဒေသခံပြည်သူများ၏ စားရေရိက္ခာ နှင့် အသုံးအဆောင်ပစ္စည်းများ၊ စည်းစိမ်ဥစ္စာများနှင့် တန်ဖိုးကြီး ပစ္စည်းများကို လက်နက်အားကိုး ဖြင့် အနိုင်ကျင့်ဗိုလ်ကျ စိုးမိုးပြီး အတင်းအဓမ္မ ယူဆောင်အသုံးပြု ခြင်း၊ အဆောက်အအုံများကို ဖျက်ဆီးခြင်း၊ ၎င်းတို့၏ လုပ်ရပ် များကို မထောက်ခံသည့်ဒေသခံ များကို အကြောင်းမဲ့ဖမ်းဆီး နှိပ်စက် သတ်ဖြတ်ခြင်းတို့ကို ယုတ်မာရိုင်းစိုင်းစွာ ဥပဒေမဲ့ ကျူးလွန်ခဲ့ကြသည့်အပြင် ကမ မောင်း – ဖာပွန်လမ်းကြောင်း တစ်လျှောက် ဖြတ်သန်းသွားလာ လျက်ရှိသည့် ကုန်တင်ယာဉ်များ နှင့် ခရီးသွားယာဉ်များအား ဆက် ကြေးများ ကောက်ခံခြင်း၊ ကုန် ပစ္စည်းများအား လုယက် ယူဆောင်ခြင်း၊ လမ်း / တံတား များမိုင်းထောင်ဖောက်ခွဲ ဖျက်ဆီး ခြင်း၊ မိုင်းထောင်ခြင်း စသည့် အကြမ်းဖက် လုပ်ရပ်များကို ယုတ်မာရိုင်းစိုင်းစွာ လုပ်ဆောင် ခဲ့မှုကြောင့် ခရီးသွားလာမှု ကန့်သတ်ချက်များ ဖြစ်ပေါ်ခဲ့ရပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွား ဘဝများ များစွာထိခိုက်ပျက်စီး ခဲ့ရသဖြင့် ဒေသခံပြည်သူ များက ၎င်းတို့၏ အကြမ်းဖက် လုပ်ရပ်များအပေါ် ကန့်ကွက် ရှုတ်ချလျက်ရှိကြောင်း သိရှိရ သည်။

တပ်မတော် စစ်ကြောင်းများ အနေဖြင့် အဆိုပါဒေသရှိ ဒေသခံ တိုင်းရင်းသားပြည်သူများ၏ လူမှု စီးပွားဘဝများ ပြန်လည်ဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် ကမ မောင်း – ဖာပွန် လမ်းကြောင်း တစ်လျှောက်ရှိ ကျန်ရှိသည့် လမ်းပိုင်းအား အမြန်ဆုံးပြန်လည် ထိန်းချုပ်နိုင်ရေး လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဒေသခံ ပြည်သူများနှင့်ပူးပေါင်း၍ အရှိန် အဟုန်မြှင့် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်းနှင့် လမ်း တစ်လျှောက် အကြမ်းဖက် သောင်းကျန်းသူများ ဖောက်ခွဲ ဖျက်ဆီးခဲ့သည့် လမ်း/တံတား များအား ပြန်လည်ပြုပြင်ခြင်း၊ မြေမြှုပ်မိုင်းအန္တရာယ်မှ အများ ပြည်သူများ အန္တရာယ်ကင်းရှင်း စေရေးအတွက် မိုင်းရှင်းလင်း ပေးခြင်း၊ စာသင်ကျောင်းများ၊ ဆေးရုံ/ဆေးခန်းများ၊ ဘာသာ ရေးဆိုင်ရာ အဆောက်အအုံ များနှင့် လူနေအိမ်များအား ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အမြန်ဆုံး ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ပေးလျက် ရှိကြောင်း သတင်းရရှိသည်။



ကမမောင်း – ဖာပွန်လမ်းကြောင်းတစ်လျှောက်ရှိ ကျေးရွာများတွင် ဘန်ကာများ ပြုလုပ်၍ ခံစစ်စခန်းအဖြစ် အသုံးပြုထားပုံကို တွေ့ရစဉ်။





ကမမောင်း – ဖာပွန်လမ်းကြောင်းပေါ်ရှိ လမ်း/တံတားများအား ဖောက်ခွဲဖျက်ဆီးထားမှုကို တွေ့ရစဉ်။








အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်း၊ မိုင်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

# ပခုက္ကူမြို့နယ် ရေနံချပ်ကျေးရွာအနီး အကြမ်းဖက်သောင်းကျန်းသူများထံ ဆက်ကြေးပေးဆောင်၍ တရားမဝင်တူးဖော်နေသည့် လက်လုပ်ရေနံတွင်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖော်ထုတ်ရှင်းလင်း

**နေပြည်တော် စက်တင်ဘာ ၂၈**

လုံခြုံရေးတပ်ဖွဲ့များ အနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်သယံဇာတများ တရားမဝင် တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများ တားဆီးကာကွယ်နှိမ်နင်းရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူကာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ပူးပေါင်း၍ တားဆီးကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အကြမ်းဖက် လက်နက်ကိုင်သောင်းကျန်းသူများ အနေဖြင့် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် နိုင်ငံအတွင်းရှိ သဘာဝအဖိုးတန် သယံဇာတများကို ခိုးယူတူးဖော်၍ တရားမဝင် ခိုးထုတ်ရောင်းချခြင်း၊ ၎င်းမှရရှိသည့် ငွေကြေးများဖြင့် လက်နက်ခဲယမ်းများ ဝယ်ယူစုဆောင်းကာ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်း၊ ဆက်ကြေးကောက်ခံခြင်းများ ကျူးလွန်နေကြောင်း ဒေသခံများ၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်း ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၈ ရက်တွင် ရေနံချပ်ကျေးရွာအနီး တရားမဝင် ရေနံတူးဖော်ခြင်းများ လုပ်ဆောင်နေသည့် လက်လုပ်ရေနံတွင်း နေရာ (၃၉) နေရာ၊ စက်တင်ဘာ ၁၉ ရက်တွင် (၃၅) နေရာ၊ စက်တင်ဘာ ၂၀ ရက်တွင် (၄၄) နေရာ၊ စက်တင်ဘာ ၂၁ ရက်တွင်(၁၇၆)နေရာ၊ စက်တင်ဘာ ၂၂ ရက်တွင် (၁၈၄) နေရာ၊ စက်တင်ဘာ ၂၃ ရက်တွင် (၁၃၈) နေရာ၊ စက်တင်ဘာ ၂၄ ရက်တွင် (၆၈) နေရာ၊ စက်တင်ဘာ ၂၅ ရက်တွင် (၂၅)နေရာ၊ စက်တင်ဘာ ၂၆ ရက်တွင် (၁၈) နေရာနှင့် စက်တင်ဘာ ၂၇ ရက်တွင် (၈) နေရာ စုစုပေါင်း (၇၃၅) နေရာတို့အား ရှာဖွေဖော်ထုတ်တွေ့ရှိပြီး ရေနံချက်လုပ်ရာတွင် အသုံးပြုခဲ့သည့် လုပ်ငန်းသုံးပစ္စည်းများအား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ နေထိုင်ခဲ့သည့်ယာယီတဲအဆောက်အအုံ ၅၀၉ လုံးတို့ကိုလည်း ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရှိရသည်။



မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ရေနံချပ်ကျေးရွာအနီး တရားမဝင်တူးဖော်လုပ်ကိုင်နေသည့် ရေနံတွင်းများအား ဖော်ထုတ်ဖမ်းဆီးရမိ နေရာပြမြေပုံ။





အဆိုပါ သိမ်းဆည်းရမိ တရားမဝင် ရေနံတူးဖော်ခြင်းများ လုပ်ဆောင်နေသည့် ရေနံတွင်းနေရာများနှင့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျမီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၎င်းဒေသတစ်ဝိုက်တွင်လည်း တရားမဝင်ရေနံတူးဖော်ခြင်းများ ဆောင်ရွက်မှုမရှိစေရေး လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် ရပ်ရွာလူထုကို အနိုင်ကျင့်ဗိုလ်ကျပြီး တရားမဝင်ရေနံတွင်းများကို ကိုယ်တိုင်တူးဖော်ခြင်း၊ ဒေသန္တရလုပ်ကိုင်သူများထံမှ ဆက်ကြေးကောက်ခံခြင်းများပြုလုပ်၍ ရရှိသည့် ငွေကြေးများဖြင့် လက်နက်/ခဲယမ်းဝယ်ယူကာ အင်အားတည်ဆောက်ပြီး အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိခြင်းကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူလူထု၏ သတင်းပေးပို့မှုအရ နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် တာဝန်သိပြည်သူများနှင့်ပူးပေါင်း၍ အကြမ်းဖက်တိုက်ဖျက်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# မြိုင်မြို့နယ် လက်ပံတို-ကျောက်ခွက်ရေနံမြေနယ်မြေ တဲကြီးကျေးရွာအနီးဝန်းကျင်ရှိ တရားမဝင် ရေနံတူးဖော်လုပ်ကိုင်နေသည့် ရေနံတွင်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖော်ထုတ်ရှင်းလင်း

**နေပြည်တော် စက်တင်ဘာ ၂၈**

အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် နိုင်ငံတော်၏ အဖိုးတန် သယံဇာတပစ္စည်းများ တရားမဝင် တူးဖော်လုပ်ကိုင်၍ ၎င်းမှရရှိသည့် ငွေကြေးများဖြင့် လက်နက်ခဲယမ်းများ မှောင်ခိုဝယ်ယူကာ အင်အားတိုးချဲ့ တည်ဆောက်ပြီး အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။ ထို့ကြောင့် တပ်မတော်စစ်ကြောင်းများက ဒေသခံပြည်သူများ၏ တိကျသောသတင်းပေးပို့မှုများအရ မြိုင်မြို့နယ် လက်ပံတို-ကျောက်ခွက်ရေနံမြေနယ်မြေ တဲကြီးကျေးရွာအနီး တရားမဝင် ရေနံတူးဖော်လုပ်ကိုင်၍ ဒေသခံပြည်သူများအပေါ် အနိုင်ကျင့်ဗိုလ်ကျစိုးမိုးနေသော PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ၏နေရာများကို လုံခြုံရေးလုပ်ငန်းများဆောင်ရွက်၍ တရားမဝင် ရေနံတူးဖော် ချက်လုပ်ရာနေရာများကို မီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့သည်။



မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် လက်ပံတို-ကျောက်ခွက်ရေနံမြေနယ်မြေ တဲကြီးကျေးရွာအနီး တရားမဝင်တူးဖော်လုပ်ကိုင်နေသည့် ရေနံတွင်းများအား ဖော်ထုတ်ဖမ်းဆီးရှင်းလင်းနိုင်ခဲ့မှု နေရာပြမြေပုံ။





မကွေးတိုင်း ဒေသကြီးအတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မြိုင်မြို့နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့်တရားမဝင်ရေနံတွင်း တူးဖော်ချက်လုပ်ခြင်း ဆောင်ရွက်နေကြောင်းနှင့် ဒေသခံများ၏ လက်ယက်တွင်းများဖြင့် ရေနံတူးဖော်ခြင်းလုပ်ငန်းမှ ဆက်ကြေး ကောက်ခံနေကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုအရ လိုအပ်သည့် ရှာဖွေစစ်ဆေးမှုများ စတင်ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၃၁ ရက်တွင် (၁) နေရာ၊ စက်တင်ဘာ ၃ ရက်တွင် (၂) နေရာ၊ စက်တင်ဘာ ၄ ရက်တွင် (၁) နေရာ၊ စက်တင်ဘာ ၅ ရက်တွင် (၂) နေရာ၊ စက်တင်ဘာ ၆ ရက်တွင် (၃) နေရာ၊ စက်တင်ဘာ ၇ ရက်တွင်(၃) နေရာ၊ စက်တင်ဘာ ၈ ရက်တွင် (၃) နေရာ၊ စက်တင်ဘာ ၉ ရက်တွင် (၅) နေရာ၊ စက်တင်ဘာ ၁၀ ရက်တွင် (၆) နေရာ၊ စက်တင်ဘာ ၁၁ ရက်တွင် (၅) နေရာ၊ စက်တင်ဘာ ၁၂ ရက်တွင် (၅) နေရာ၊ စက်တင်ဘာ ၁၃ ရက်တွင် (၅) နေရာ၊ စက်တင်ဘာ ၁၄ ရက်တွင် (၇) နေရာ၊ စက်တင်ဘာ ၁၅ ရက်တွင် (၇) နေရာ၊ စက်တင်ဘာ ၁၆ ရက်တွင် (၆) နေရာ၊ စက်တင်ဘာ ၁၇ ရက်တွင် (၆) နေရာ၊ စက်တင်ဘာ ၁၈ ရက်တွင် (၆) နေရာ၊ စက်တင်ဘာ ၁၉ ရက်တွင် (၆) နေရာ၊ စက်တင်ဘာ ၂၀ ရက်တွင် (၆) နေရာ၊ စက်တင်ဘာ ၂၁ ရက်တွင် (၆) နေရာ၊ စက်တင်ဘာ ၂၂ ရက်တွင် (၆) နေရာ၊ စက်တင်ဘာ ၂၃ ရက်တွင် (၆) နေရာ၊ စက်တင်ဘာ ၂၄ ရက်တွင် (၆) နေရာ၊ စက်တင်ဘာ ၂၅ ရက်တွင် (၆) နေရာ၊ စက်တင်ဘာ ၂၆ ရက်တွင် (၈) နေရာနှင့် စက်တင်ဘာ ၂၇ ရက်တွင် (၈)နေရာ စုစုပေါင်း တရားမဝင်တူးဖော်လုပ်ကိုင်နေသည့် ရေနံတွင်းနေရာပေါင်း ၁၃၁ နေရာတို့အား ဖော်ထုတ်တွေ့ရှိပြီး ရေနံချက်လုပ်ရာတွင် အသုံးပြုခဲ့သည့် လုပ်ငန်းသုံးပစ္စည်းများအား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် အကြမ်းဖက်သမားများ ခိုအောင်းခဲ့သည့် ယာယီတဲအဆောက်အအုံ ၂၄၆ လုံးတို့ကို သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ သိမ်းဆည်းရမိ တရားမဝင်ရေနံတူးဖော်ခြင်းများ လုပ်ဆောင်နေသည့် ရေနံတွင်းနေရာများနှင့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျမီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၎င်းဒေသတစ်ဝိုက်တွင်လည်း တရားမဝင်ရေနံတူးဖော်ခြင်းများ ဆောင်ရွက်မှုမရှိစေရေး လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ လာရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၂၈** နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား လူငယ်များအား မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းမှတ်တမ်းများနှင့် အစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲ လေ့လာနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (ရေအေး)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ



ဆရာမများအား ပြတိုက် တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့်ပြခန်းများအကြောင်း ရှင်းလင်း ပြောကြားသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြတိုက် အတွင်းရှိတပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည် ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့်တပ်မတော် လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများအတွက်ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက် တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## တည်ဆောက်ရေးအဖွဲ့(၁)မန္တလေး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁) မန္တလေးမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေ၊ ပြည်ထောင်စုငွေလုံးငွေရင်း(ဆောက်လုပ်ရေး) အသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မန္တလေး-စစ်ကိုင်း-မုံရွာ လမ်းပေါ်ရှိ ရောဝတီတံတား(ရတနာပုံ)ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းအတွက် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများဝယ်ယူခြင်းနှင့် စက်ယန္တရားငှားရမ်းခြင်း အိတ်ဖွင့်တင်ဒါအားမြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ (မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းခွင်အရောက် ဝယ်ယူ /ငှားရမ်းလိုပါ၍ အိတ်ဖွင့် တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| | **အိတ်ဖွင့်တင်ဒါအမှတ်စဉ်** | - | (၄/၂၀၂၆-၂၀၂၇) |
| ၁။ | **တင်ဒါပုံစံ ရောင်းချမည့်နေရာ** | - | ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)၊ မန္တလေးမြို့ |
| ၂။ | **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** | - | ၂၈-၉-၂၀၂၆ ရက်၊ ( ရုံးချိန်အတွင်း) |
| ၃။ | **လျှောက်လွှာပုံစံအရောင်း ပိတ်မည့် ရက်/အချိန်** | - | ၁၂-၁၀-၂၀၂၆ ရက်၊ ( ၁၆:၃၀)နာရီ |
| ၄။ | **တင်ဒါဖွင့်မည့်ရက်/အချိန်** | - | ၁၄-၁၀-၂၀၂၆ ရက်၊ (၁၀:၀၀) နာရီ (ဗုဒ္ဓဟူးနေ့) |
| ၅။ | **တင်ဒါတင်သွင်း/စိစစ်/ ရွေးချယ်မည့်နေရာ** | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တည်ဆောက်ရေးအဖွဲ့(၁) မန္တလေး |

တင်ဒါလျှောက်လွှာပုံစံ စည်းကမ်းချက်များနှင့် အသေးစိတ်အချက် အလက်များကိုသိရှိလိုပါက တည်ဆောက်ရေးအဖွဲ့(၁) မန္တလေးမြို့ (ဖုန်း ၀၉-၇၅၀၀၅၀၅၅၄)သို့ မေးမြန်းစုံစမ်းနိုင်ပြီး လျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနေရာများနှင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်း သဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်ငါးမြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများအား တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၈** ဧရာဝတီတိုင်း ဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ မြစ်ကမ်းရေ တိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာ အိပ်ပွဲကျမှု ဖြစ်ပွားခဲ့သည့် နေရာနှင့် အဆိုပါနေရာအနီးတစ်ဝိုက် မြစ်ရေ တိုက်စားမှုကြောင့် မြေသားထပ်မံပြိုကျမှု ဖြစ်ပေါ်ခဲ့သည့် နေရာများတွင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ တာကိုယ်ထည် တိုက်စား၍ အိပ်ပွဲပြိုကျမှုဖြစ်ပေါ်လျက်ရှိသည့် နေရာများ၌ ရေတိုက်စားမှု ကာကွယ်နိုင်ရန်အတွက်ရေလမ်းသောင်တူး



လုပ်ငန်း ဆောင်ရွက်ခြင်း၊ တာမိုင်အမှတ် ၁၁/၅ နှင့် ၁၁/၆ ကြားတွင် ယာယီပန်းတာ တည်ဆောက်ပြီးစီးသည့်နေရာ၏ Upstream Slope နှင့် Downstream Slope နေရာများ၌ သဲအိတ်စီ၍ တာခြေထောက်ခြင်းလုပ်ငန်းများကို နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အချိန်အပုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်း ဒေသကြီး လေးမျက်နှာ မြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေ တိုက်စားမှုများကြောင့် ငဝန်မြစ် ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက်ခုနစ်ခုနှင့် ကျေးရွာအချို့တို့တွင် ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ငဝန်မြစ်ရေသည် ယနေ့တွင် လေးမျက်နှာမြို့နယ်အတွင်း ခြောက်ပေလေးလက်မခန့်၊ ရေကြည်မြို့နယ်အတွင်း ခုနစ်ပေကိုးလက်မခန့်၊ ငါးသိုင်းချောင်းမြို့နယ်အတွင်း ရှစ်ပေ ၁၀ လက်မခန့်၊ ကျုံပျော်မြို့နယ်အတွင်း လေးပေ ကိုးလက်မခန့်နှင့် ကျောင်းကုန်းမြို့နယ်အတွင်း ခြောက်ပေ နှစ်လက်မခန့်အထိ ကျဆင်းသွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့်နုန်းများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံ တိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံ ပို့ဆောင်ပေးခြင်း၊ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ဆူးလေကုန်းရပ်ကွက်၊ အကွက်အမှတ်(၁၉)၊ မုံရွာမြောက်၊ ဦးပိုင်အမှတ်(၃၆၊၃၇)၊ ဧရိယာ(၀ဒသမ ၀၃၉)ဧကရှိ ဒေါ်လှလှကြွယ်-ပါ(၉)ဦး အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးရန်ကျော်အောင်၊ ဒေါ်မေသန့်ဇင် အမည်ဖြင့်(ဘိုးဘပိုင်အမည်ပြောင်း) လျှောက်ထားရာ အကျိုးအကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်း ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ (ဘိုးဘပိုင်အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန**
**မုံရွာမြို့**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ အေးသာယာရပ်ကွက်၊ အကွက် အမှတ်(၁၃)၊ ရွာသစ်၊ ဦးပိုင်အမှတ်(၇၄ -အ)၊ ဧရိယာ(၇ဒသမ၂၀၄) ဧကထဲမှဧရိယာ (၀ဒသမ၀၄၅)ဧကရှိ ဒေါ်တုပ်(သမီး)မရီအမည်ပေါက်ဘိုးဘပိုင်မြေကွက်အား ဦးရွှေတိုးအမည်သို့ (ဘိုးဘပိုင်ခွဲစိတ်အမည်ပြောင်း) လျှောက်ထားရာ အကျိုးအကြောင်း ဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ (ဘိုးဘပိုင်ခွဲစိတ်အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။


**မြို့နယ်မြေစာရင်းဦးစီးဌာန**
**မုံရွာမြို့**

## တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပွားသည့် ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၈** တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်မြို့နယ် အတွင်း စက်တင်ဘာ ၂၇ ရက် ညပိုင်းတွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်း၍ ထားဝယ်မြစ်ရေမြင့်တက်မှု ဖြစ်ပွားခဲ့ပြီး ထားဝယ်မြို့ရှိ မြေနိမ့်ပိုင်းရပ်ကွက်များအတွင်း ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ ရေဝင်ရောက်မှု ဖြစ်ပေါ်သည့် ကညွှံ့ရပ်ကွက်နှင့် ဘုံမော်ရပ်ကွက်တို့ရှိ ရေဘေးသင့် ပြည်သူများအား ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ယာယီရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ခြင်း၊ နီးစပ်ရာဆွေမျိုးများ၏ နေအိမ်များနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ တနင်္သာရီမြို့နယ်အတွင်း စက်တင်ဘာ ၂၄ ရက်မှ ယနေ့အထိ မိုးအဆက်မပြတ် ရွာသွန်း၍ တောင်ကျချောင်းရေ ကျဆင်းမှုများကြောင့် သဲဖြူကျေးရွာနှင့် မောတောင်ငယ်အကြားကားလမ်းပေါ်တွင် မြေပြိုကျမှုဖြစ်ပေါ်သည့် နေရာများ၊ ချောင်းရေမြင့်တက်၍ ရေကျော်မှုဖြစ်ပွားလျက်ရှိသည့် လမ်းတစ်လျှောက်ရှိ တံတားများတွင် ရေစီးနှင့်အတူ မျောပါလာသည့် သစ်ပင်၊ သစ်ကိုင်းများ၊ နုန်းများအား ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ပုလောမြို့၊ သရက်ချောင်းမြို့နှင့်လောင်းလုံးမြို့တို့တွင်လည်း ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ကူညီဆောင်ရွက် ပေးလျက်ရှိသည်။



ထိုသို့ ရေကြီးရေလျှံမှု ဖြစ်ပေါ်လျက်ရှိသည့်တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ပေးနေမှုများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

## တောင်ကြီးမြို့ ရိုးရာမီးပုံးပျံပွဲတော်အတွက် ဈေးပြိုင်လေလံခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကကြီးမှူး၍ နှစ်စဉ်ကျင်းပသည့် တောင်ကြီးမြို့ ရိုးရာမီးပုံးပျံပွဲတော်ကို ၁၈-၁၁-၂၀၂၆ ရက်နေ့မှ ၂၄-၁၁-၂၀၂၆ ရက်အထိ တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်းတွင် ကျင်းပ ပြုလုပ်သွားမည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါ လုပ်ငန်း(၄)မျိုးအတွက် လေလံလျှောက်လွှာတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ဈေးဆိုင်ခန်းများ၊ ပျံကျဈေးနှင့် လက်ပွေ့ဈေးသည်များလုပ်ငန်း၊
(ခ) ချားရဟတ်ကွင်း၊ ကလေးကစားကွင်းနှင့် ပျော့ပျော့အိအိကစားကွင်း လုပ်ငန်း၊
(ဂ) ယာဉ်ရပ်နားစခန်းလုပ်ငန်း(၁)၊ (၂)၊ (၃)၊ (၄)
(ဃ) သန့်စင်ခန်းလုပ်ငန်း

၂။ **လေလံလျှောက်လွှာစတင် ရောင်းချမည့်ရက်** - ၂၅-၉-၂၀၂၆ ရက် (ရုံးချိန်အတွင်း)
၃။ **လေလံလျှောက်လွှာ ပိတ်မည့်ရက်နှင့်အချိန်** - ၇-၁၀-၂၀၂၆ ရက် (၁၆:၃၀ နာရီ)
၄။ **လေလံလျှောက်လွှာစတင် ရောင်းချမည့်နေရာနှင့် လေလံတင်သွင်းရမည့်နေရာ** - ဘဏ္ဍာငွေကြီးကြပ်ရေးလုပ်ငန်း ကော်မတီရုံး (ရှမ်းပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး)
၅။ **လေလံဖွင့်လှစ်မည့်ရက် အချိန်နှင့်နေရာ** - ၈-၁၀-၂၀၂၆ ရက် (၀၉:၃၀ နာရီ) ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေး ခန်းမ(၂)

၆။ ကုမ္ပဏီများမှ ကြော်ငြာဆိုင်းဘုတ်များဆောင်ရွက်ခြင်း ဆက်သွယ်ရေး ကုမ္ပဏီများမှ ဆက်သွယ်ရေးကွန်ရက်လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ရန် ယာယီရွှေ့ပြောင်းနိုင်သည့် Mobile Tower များ ဆောင်ရွက်နိုင်ရန်အတွက် ဘဏ္ဍာငွေကြီးကြပ်ရေးလုပ်ငန်းကော်မတီရုံးသို့ ဆက်သွယ်လျှောက်ထား ဆောင်ရွက်သွားရမည်။

၇။ လေလံလျှောက်လွှာတင်သွင်းသူများသည် သတ်မှတ်ရက်၊ သတ်မှတ်ချိန် အတွင်း လာရောက်တင်သွင်းရန်နှင့် ၎င်းနေ့ရက်၊ အချိန်ထက်နောက်ကျ၍ တင်သွင်းလာသော လေလံလျှောက်လွှာများအား လက်ခံမည်မဟုတ်ပါ။ သတ်မှတ် စည်းကမ်းချက်များနှင့်မပြည့်စုံသည့် လျှောက်လွှာများအားလည်း လက်ခံစဉ်းစား မည်မဟုတ်ပါ။ လေလံလျှောက်လွှာနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဘဏ္ဍာငွေကြီးကြပ်ရေးလုပ်ငန်းကော်မတီရုံး၊ ဖုန်း- ၀၉-၇၈၂၇၃၃၃၅၆၊ ၀၉-၄၀၂၅၇၆၂၈၃၊ ၀၉-၄၄၅၁၃၁၆၉၂၊ ၀၉-၂၆၁၇၄၆၁၉၉ တို့အား ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဘဏ္ဍာငွေကြီးကြပ်ရေးလုပ်ငန်းကော်မတီ**

## မွေးသက္ကရာဇ်အမှန်

တောင်ကြီးမြို့၊ Shining Star (မသွယ်)ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ စိုင်းဆွန်ဖိတ်ကော်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၈-၂၀၀၉) ဖြစ်ပါကြောင်း။

## ဖခင်အမည်အမှန်

တောင်ကြီးမြို့၊ Shining Star (မသွယ်) ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ စိုင်းဆွန်ဖိတ်ကော်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းဝန်းဖိတ်ကျောက်ကော် (၁၃/မဆန(နိုင်)၀၁၅၈၀၆) ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ အ.ထ.က (ခွဲ) ကျန်းမာကုန်းကျောင်း၊ Grade 12 မှ မဇင်လင်းလင်းဖြိုး၏ ဖခင်အမည်မှန်မှာ ဦးခင်ညိမ်း ၁၄/ဝခမ(နိုင်)၁၄၈၆၄၃ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ အ.ထ.က (ရွှေလောင်း)ကျောင်း၊ Grade -12 မှ မောင်ဟိန်းဝင်းခန့်ထက်ပိုင်စိုး၏ မိခင်အမည်မှန်မှာ ဒေါ်သဇင်နွေဦး ၁၄ /ပတန(နိုင်)၁၆၄၂၉၇ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၇)၊ ရွာသစ်ကလေး၊ ကျန်စစ်သားလမ်း၊ ကွင်း/အကွက်အမှတ် နှင့်အမည်(၁၇/ပုဏ္ဏားစုရပ်)၊ ဦးပိုင်အမှတ်(၇၆)၊ မြေယာအမှတ်(၈၉)၊ မြေဧရိယာ(၀ဒသမ၂၄၅) ဧက ထဲမှ (၅၀x၁၂၅)ပေ ထဲမှ အရှေ့(၃၇)ပေ၊ အနောက်(၃၇)ပေ၊ တောင်(၄၅) ပေ၊ မြောက်(၄၅)ပေ အကွက်အမှတ်(A-1)(လက်ရှိမြေပေါ်ရှိ အတိုင်းအတာ) မြေနှင့် လျှပ်စစ်မီတာ အပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ဦးညဏ်မင်းဇော် (၉/ပဥလ(နိုင်)၀၆၈၆၇၉) ထံမှ ဦးတလ်ဗဟာဒူး (၉/မကန(နိုင်)၀၆၇၄၆၆) က (အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေပေးချေခဲ့ပြီး ဝယ်ယူခဲ့သော မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးတလ်ဗဟာဒူး**
**၉/မကန(နိုင်)၀၆၇၄၆၆**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနေမျိုးဇော်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၆၆)**
**ရပ်ကွက်ကြီး(၁)၊ ယူဂိုစလပ် ပြင်ဦးလွင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/39480, Honda Click 160 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိဖြိုး ၁၃/တကန(နိုင်)၁၁၇၈၅၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ရှမ်းပြည်နယ်ရုံး (တောင်ကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/34940, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးမိုးဝင်း ၁၄/ပတန(နိုင်)၁၉၂၆၄၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟင်္သာတ)**

## မွေးသက္ကရာဇ်အမှန်

ညောင်ရွှေမြို့နယ်၊ မိုင်းသောက် ကျေးရွာအုပ်စု၊ တောင်ဈေးပါးနေ မောင်ပြည့်ချမ်းငြိမ်း (၁၃/ညရန(နိုင်) ၁၉၃၈၆၈)၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၁-၂၀၀၈ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9I/8812, LIFAN/FJ 30536, (4X2)L ယာဉ်လက်ဝယ်ရှိသူ ဦးမင်းစိုး ၉/ကပတ(နိုင်)၁၄၃၈၆၅ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(လှိုင်လင်မြို့)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 74W/90920 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ဖောင်းကြွထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ရှမ်းပြည်နယ်ရုံး(တောင်ကြီး)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၉-၂၀၂၆ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၉)ချမ်းမြသာစည် မြို့နယ်တရားရုံးတော်၌ ငြင်းချက်ထုတ်ရန် ဆင့်စာကြော်ငြာတွင် ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၁၈ ရက် အစား အောက်တိုဘာလ ၈ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ ကုန်းသာကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) Grade-11 မှ မောင်ရဲမာန်ထွန်း၏ ဖခင် ဦးထွန်းထွန်းနိုင်၏ အမည်မှန်မှာ ဦးထွန်းနိုင် ၈/မဘန(နိုင်) ၀၈၁၇၁၀ ဖြစ်ပါကြောင်း။ **ဦးထွန်းနိုင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/38975, Honda Wave ၊ M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိဖြူစံ ၁၀/ဘလန(နိုင်)၁၃၃၉၆၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ကော့ကရိတ်)**
**ကော့ကရိတ်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/06632, Luojia-110 ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးအောင် ၁၄/ဟသတ(နိုင်)၃၃၃၉၀၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ အထွေထွေပိုလျှံရန်ပုံငွေ ( GRF) ဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ် (မော်လမြိုင်) နှင့် နည်းပညာတက္ကသိုလ် (တောင်ကြီး) တို့တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ အထွေထွေပိုလျှံရန်ပုံငွေ (GRF) ဖြင့် တည်ဆောက်ရေးလုပ်ငန်း (၇) ခု ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်း ရှင်များထံမှ အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန (ရုံးချုပ်)၊ အင်ဂျင်နီယာ ဌာန၊ HRD Building ၊ နေပြည်တော်တွင် (၂၈-၉-၂၀၂၆) ရက်မှ (၁၂-၁၀-၂၀၂၆) ရက်အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်း လာမည့် တင်ဒါပုံစံများအား (၁၂-၁၀-၂၀၂၆) ရက်တွင် ရုံးချိန်အတွင်း တင်ဒါပုံစံ ဝယ်ယူခဲ့သော နေရာ၌ ပြန်လည် တင်သွင်းရမည် ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀ (ဦးစီးဌာန၊ ရုံးချုပ်) တွင် ဆက်သွယ်စုံစမ်း နိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော https://dast.edu.mm/ တွင်လည်း ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။ **အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့ အနောက်ပိုင်းရပ်ကွက်နေ ဦးစံငွေး၏သမီး မစောကေသီအောင် ၈/ပဖန(နိုင်)၀၈၄၃၆၈ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရရန်။ **၀၉-၆၉၃ ၅၁၁ ၉၈၈**

## မွေးသက္ကရာဇ်အမှန်

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ အလက(မိုးဖုံး) ကျောင်း Grade-9 အတန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးဇော်မောင်သွင်၏ သမီးဖြစ်သူ မအယ်နီဇော်၏ မွေးသက္ကရာဇ်အမှန်မှာ (၁-၈-၂၀၁၀) ဖြစ်ပါကြောင်း။ **မအယ်နီဇော်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၂၄၈၇)၊ မြေဧရိယာ(၀.၁၄၆)ဧကရှိ ဒေါ်စန္ဒာတင့်လွင် (ဘ)ဦးတင့်လွင် ၁၂/ဥကတ(နိုင်)၁၆၁၆၃၉ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဒေါ်စန္ဒာတင့်လွင်မှ ဒေါ်ခင်မိုမို့(ဘ)ဦးသာမှို ၁၄/ပသန(နိုင်)၀၁၆၃၄၉ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အကွက်အမှတ်(၆၇)၊ အကွက်အမည်(ကုန်းသာယာမြောက်)၊ ဦးပိုင်အမှတ်(၃/၄)၊ မြေဧရိယာ(၀.၁၁၄) ဧကရှိ၊ ဗိုလ်မှူးကြီးတင့်လွင် အမည်ပေါက် လျက်ရှိသော မြေကွက်ကို ဦးဖြိုးသက်ပိုင် နှင့် ဒေါ်ချောစုစန္ဒီတို့မှ ဝယ်ယူထားခဲ့ပြီး ယခုအခါ အဆိုပါမြေကွက်ကို ဦးဖြိုးသက်ပိုင်(၁၃/တကန(နိုင်)၃၃၃၅၈၄)နှင့် ဒေါ်ချောစုစန္ဒီ(၁၃/တကန(နိုင်)၃၃၃၅၈၃) အမည်တို့ဖြင့် အမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက် ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါ သည့်ရက်မှ(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ များမရှိပါက အမည်ပြောင်းကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဥမ္မာလွင်(LLB)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၈၈၆/၂၉.၄.၂၀၁၄)**
**(၆/၂)၊ (၂၁)လမ်း၊ စက်မှုဇုန်၊ အေးသာယာမြို့။**
**ဖုန်း-၀၉-၂၅၄၂၄၆၄၆၈**

## ဦးထွန်းတင် ( NYHE - ၀၂၀၆၁၄ )နှင့် အများသိစေရန်ကြေညာခြင်း

တောင်ကြီးခရိုင်၊အေးသာယာမြို့၊ရပ်ကွက်(၁)၊ကံသစ်ဘုန်းကြီးကျောင်းလမ်း၊ လမ်းသွယ်(၂)၊ အမှတ်(၅၇/၁၅၁)နေ ဦးချစ်မြတ်နိုးဦး (ဘ) ဦးမြင့်ဦး(၁၃/တကန (နိုင်)၂၈၆၀၁၁ )နှင့် ဦးမင်းသန့်ကျော်ဇင် (ဘ) ဦးထွန်းလင်းကျော် ( ၁၃/တကန (နိုင်)၃၉၀၈၀၉ )တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာလိုက်သည်မှာ -
၁။ တောင်ကြီးခရိုင်၊အေးသာယာမြို့၊ရပ်ကွက်(၁)၊ကံသစ်ဘုန်းကြီးကျောင်းလမ်း၊ လမ်းသွယ်(၂)၊ အမှတ်(၅၇/၁၅၁) တည်ရှိရာ မြေတိုင်းအခေါ် ကွင်း/အကွက် အမှတ်နှင့်အမည် ၅၇/ရေထွက်ဦးမြောက်၊ မြေကွက်အမှတ်၁၅၁၊ ဧရိယာ(၀.၁၀၄) ဧကရှိ မြေကွက်ဥပစာကို တောင်ကြီးခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ မြေငှားဂရန်အမှတ်အမှတ် ၂၄၄၄/ ၁၉၉၁အရ နှစ် (၃၀)အမည်ပေါက် ပိုင်ဆိုင်ထား သူဖြစ်သော ဦးထွန်းတင်(NYHE -၀၂၀၆၁၄ )ထံမှ (၉-၄-၂၀၂၀)ရက်စွဲပါ နှစ်ဦး သဘောတူနေအိမ် ဥပစာအပြီးအပိုင် လွှဲပြောင်းရောင်းချခြင်း ကတိစာချုပ်အရ ဦးချစ်မြတ်နိုးဦး (ဘ) ဦးမြင့်ဦး ( ၁၃/တကန(နိုင်)၂၈၆၀၁၁ )နှင့် ဦးမင်းသန့်ကျော်ဇင် (ဘ) ဦးထွန်းလင်းကျော် (၁၃/တကန( နိုင် )၃၉၀၈၀၉ )တို့ကလွှဲပြောင်းဝယ်ယူ လက်ရောက်ရရှိခဲ့ပြီးဖြစ်သော်လည်း အရောင်းအဝယ်အတွက် တရားဝင်မှတ်ပုံတင် စာချုပ် ပြုလုပ်ခဲ့ခြင်းမရှိသေးကြောင်း သိရပါသည်။
၂။ သို့ဖြစ်ပါ၍ ဦးထွန်းတင်(NYHE-၀၂၀၆၁၄ )အနေဖြင့် ဤအသိပေးကြေညာစာ ပါသည့်ရက်မှ (၁၅)ရက်အတွင်းတရားဝင်မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုနိုင် ရေးအတွက် ကျွန်ုပ်ထံသို့ မပျက်မကွက်(မပျက်မကွက်) လာရောက်ဆက်သွယ်ဆောင် ရွက်ပေးပါရန်နှင့် အကယ်၍ပျက်ကွက်ခဲ့ပါက သက်ဆိုင်ရာရုံးတော်များတွင် ဦးထွန်းတင်(NYHE-၀၂၀၆၁၄ )အပေါ် ဥပဒေနှင့်အညီ လိုအပ်သလိုတရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းလွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာ အပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဥမ္မာဝင်း(LL.B, LL.M)**
**(တရားလွှတ်တော်ရှေ့နေ)**
**စဉ် - ၉၉၆၇/၂၀၁၄**

**ဒေါ်အေးစန္ဒာအောင်(LL.B)**
**(အထက်တန်းရှေ့နေ)**
**စဉ် -၅၄၄၆၄/၁၃-၉-၂၀၂၂**

**အမှတ် - စ/ ၅၄၄၊ ဒေါနလမ်း၊ နယ်မြေ (၇)၊ စိန်ပန်းရပ်ကွက်၊ တောင်ကြီးမြို့။**
**ဖုန်း-၄၂၈၃၁၂၉၅၄**

## ရောင်းချရန်ကြော်ငြာစာ (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆) မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ ၂၀၁၉ ခုနှစ် ၊ တရားမကြီးမှုအမှတ် - ၉ နှင့်ဆက်နွှယ်သည့် သန်လျင်ခရိုင်တရားရုံးတော် ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၃၇

| | | |
|---|---|---|
| ဒေါ်မိုးသူဇာ | နှင့် | ၁။ ဦးသက်ပိုင်ဦး<br>၂။ ဒေါ်လှဲ့လှဲ့မူ |
| (ဒီကရီအနိုင်ရသူ) | | (တရားရှုံးများ) |

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် ၊ တရားမကြီးမှုအမှတ်- ၉/၂၀၁၉ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက်အောက်တွင် ဖော်ပြထားသောပစ္စည်းကို ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ လ (၅)ရက် နံနက် ၁၀ နာရီတွင် ၎င်းပစ္စည်း တည်ရှိရာအရပ်ဖြစ်သော သီလဝါနယ်မြေရဲစခန်း၊ ဒဂုံ-သီလဝါ(၆)လမ်းသွားလမ်းမကြီး (အောင်သပြေလမ်းဆုံအနီး)၊ မြိုင်သာယာ(၃)ရပ်ကွက်၊ ညောင်ဝိုင်းကျေးရွာအုပ်စု၊ ကျောက်တန်းမြို့နယ်၌ လေလံတင်ရောင်း ချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင် လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲ ဝယ်ယူနိုင် ကြောင်း ကြေညာလိုက်သည်။

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်က တရား ရုံးသို့ တင်ပြချက်အရသိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲ ဝယ်ယူမည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။
၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ် မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန် မသင့်ကြောင်းရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိ သည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲ ဝယ်ယူသူက ငွေကျပ်-၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီး သည် နှင့်တစ် ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။
၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက် ဖြစ်လျှင် ပထမ ရုံးဖွင့်သည့်နေ့တွင် အပြေအကြေပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကို ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်း ထားသည့် လေလံငွေ များကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။
၈။ ဤခရိုင်တရားရုံးတော်တွင် လေလံတင်ရောင်းချမည့် ယာဉ်များနှင့် ပတ်သက်သော စာရွက်စာတမ်းအထောက်အထားများကို သိမ်းဆည်းထား ခြင်းမရှိပါ။
၉။ လေလံတင် ရောင်းချမည့်ကြမ်းခင်းဈေးမှာ ငွေကျပ်သိန်းတစ်ထောင့် ရှစ်ရာ (ကျပ် ၁၈၀,၀၀၀,၀၀၀)ဖြစ်ပါသည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**
**MITSUBISHI FUSO TRACTOR HEAD (GREEN / WHITE)**
**အမျိုးအစားယာဉ်အမှတ် 9P/5757 နှင့် ATS / Senitrailer (Oil Bowcer)**
**အမျိုးအစား ယာဉ်အမှတ် 1 TLR-9561**

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၂၁) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(လှိုင်လှိုင်ဝေ)**
**ခရိုင်တရားသူကြီး**
**သန်လျင်ခရိုင်တရားရုံး**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ လမင်းအိမ် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ မမြတ်ဆုဗိုလ်ဗိုလ်အောင်၏ ဖခင်အမည်မှန်မှာ ဦးဗိုလ်ဗိုလ်အောင် ၁၃/ညရန(နိုင်)၀၆၁၇၁၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ လမင်းအိမ် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ နန်းဟွမ်ဖွေး၏ ဖခင်အမည်မှန်မှာ ဦးစိုင်းထွန်း ၁၃/မရတ(နိုင်)၀၁၁၅၈၄ ဖြစ်ပါကြောင်း။

## အမည်မှန်

တောင်ကြီးမြို့၊ လမင်းအိမ် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ မထွေးကြည်၏ အမည်မှန်မှာ နန်းထွေးကြည် ၁၃/မဆတ(နိုင်)၀၉၃၂၃၀ ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၉-၂၀၂၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၂၀ပါ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း ကြော်ငြာမှ ဦးဝင်းထိန် အစား ဦးထိန်ဝင်း(ဘ) ဦးကိုကိုလေး ၉/မရမ(နိုင်)၀၅၃၇၂၄ ဟုပြင်ဆင်ဖတ်ရှုပါရန်။

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

ပြည်မြို့၊ ပြည်သာယာရပ်ကွက်၊ အကွက်အမှတ်(၁၄)၊ အကွက်အမည်(ဖြူကုန်းအကွက်)၊ ဦးပိုင်အမှတ်(၄၃/၆ᵏᵏ)၊ ဧရိယာ(၀.၃၉ဧကအနက်မှ ၀.၃၃ဧက)ရှိ မြေကို ဘိုးဘပိုင်အမည်ပြောင်းပေးရန် ဒေါ်ခိုင်ကြည်သာမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၈)ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပြည်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
## ၂၀၂၆ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၃

ဦးဘုန်းပြည့်နိုင် **နှင့်** ဦးနိုင်မြင့်ခိုင်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၃၇)ရပ်ကွက်၊ စေတနာလမ်း၊ အမှတ်(၁၃၄)နေ ဦးနိုင်မြင့်ခိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

